ကြေးမုံ
The Mirror
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957
၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၉ ရက်၊ ကြာသပတေးနေ့ (4-4-2013) (၇၄၄၅)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အမေရိကန်သမ္မတဟောင်း Mr. Jimmy Carter အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

အလုပ်အကိုင်ရရှိရေး၊ ပညာရေးနှင့် ကျန်းမာရေးမြှင့်တင်ရေး နှစ်နိုင်ငံချစ်ကြည်မှုနှင့် ဆက်ဆံရေးတိုးမြှင့်ရေးကိစ္စရပ်များဆွေးနွေး

နေပြည်တော် ဧပြီ ၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့သည် အမေရိကန်သမ္မတဟောင်း Mr. Jimmy Carter နှင့်ဇနီး Mrs. Rosalynn Carter ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာ၌ နိုင်ငံတော်သမ္မတနှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး ဧည့်သည်တော်အမေရိကန်သမ္မတဟောင်းနှင့်ဇနီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ အဆင့်မြင့် အရာရှိကြီးများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၅ သို့ ☆

နှစ်နိုင်ငံနယ်စပ် ပူးတွဲစက်မှုဇုန်ကို မြောက်ကိုရီးယားကပိတ်

ဘာသာပြန် - အေဝမ်းစိုး

မြောက်ကိုရီးယားနိုင်ငံက တောင်ကိုရီးယားနိုင်ငံနှင့် နှစ်နိုင်ငံနယ်စပ်၌ ပူးတွဲဖွင့်လှစ်ထားသော ကေဆောင် စက်မှုဇုန်ကိုဧပြီ ၃ ရက်တွင် ပိတ်ပစ်လိုက်ပြီဖြစ်သည်။အဆိုပါ စက်မှုဇုန်မှာ သံသယများဖြင့် တင်းမာမှုများ မြင့်တက်နေသည့် ကိုရီးယားနှစ်နိုင်ငံကြား နောက်ဆုံးကျန်ရှိနေသော အဓိကဆက်သွယ်မှု သင်္ကေတ အမှတ်အသားတစ်ခုဖြစ်ပြီး မြောက်ကိုရီးယားနိုင်ငံက ယင်းစက်မှုဇုန်ကို ပိတ်ပစ်မည်ဟု လွန်ခဲ့သည့်လေးရက်ခန့်ကတည်းက ထုတ်ပြန်ကြေညာခဲ့သည်။

တောင်ကိုရီးယားနိုင်ငံမှ ကုန်တင်ထရပ်ကားပေါင်းများစွာသည် ဧပြီ ၃ ရက် နံနက်ပိုင်းက နှစ်နိုင်ငံနယ်စပ်ကို ဖြတ်ကျော်ရန် ပိတ်ပင်တားမြစ်ခံခဲ့ရကြောင်း၊ သို့သော်လည်း မြောက်ကိုရီးယားနိုင်ငံသည် ကေဆောင် စက်မှုဇုန်၌ လောလောဆယ်ရှိနေသည့် တောင်ကိုရီးယားအလုပ်သမား ၈၆၁ ဦးကို ၎င်းတို့ဆန္ဒရှိပါက နေအိမ်သို့ ပြန်နိုင်ကြောင်း ခွင့်ပြုပေးခဲ့သည်ဟု မြောက်ကိုရီးယားအရေး စောင့်ကြည့်လေ့လာသည့် ကိုရီးယားနှစ်နိုင်ငံ ပြန်လည်ပေါင်းစည်းရေး ဝန်ကြီးဌာနက ပြောကြားသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✻

မန္တလေးမဟာသင်္ကြန်ရေသဘင်ပွဲ ပါဝင်ဆင်နွှဲရန် ပြင်ဆင်နေကြပြီ

မန္တလေး ဧပြီ ၃

မြန်မာသက္ကရာဇ် ၁၃၇၄ ခုနှစ် မန္တလေးမြို့ မြန်မာ့ရိုးရာမဟာသင်္ကြန်ရေသဘင်ပွဲတော်ကို ရိုးရာယဉ်ကျေးမှုနှင့်အညီ မန္တလေးမြို့နေပြည်သူများ အေးချမ်းပျော်ရွှင်စွာဖြင့် ဆင်နွှဲနိုင်ရန်အတွက် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က မန္တလေးမြို့တော်ဝန်ရေကစားမဏ္ဍပ်၊ တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်များနှင့် ကုမ္ပဏီများ၏ ရေကစားမဏ္ဍပ်စသည်ဖြင့် ရေကစားမဏ္ဍပ် ၃၄ ခုကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ခွင့်ပြုခဲ့သဖြင့် မဏ္ဍပ်များကို မန္တလေးကျုံးပတ်လည်လမ်းများပေါ်တွင် အပြိုင်အဆိုင်ဆောက်လုပ်လျက်ရှိကြသည်။

မန္တလေးတိုင်းဒေသကြီး မန္တလေးစည်ပင်သာယာရေးနယ်နိမိတ်လမ်းများဖြစ်သော(၂၆)လမ်း ကျုံးတောင်ဘက်တွင် အလှပြမဏ္ဍပ်နှင့်ရေကစားမဏ္ဍပ် ၁၆ ခု၊ (၆၆)လမ်း ကျုံးအရှေ့ဘက်တွင် အလှပြမဏ္ဍပ်နှင့် ရေကစားမဏ္ဍပ် ၁၅ ခု၊ လမ်း(၈၀)ကျုံးအနောက်ဘက်တွင် အလှပြမဏ္ဍပ်နှင့် ရေကစားမဏ္ဍပ် သုံးခု စုစုပေါင်း ကျုံးပတ်လည်တွင် ရေကစားမဏ္ဍပ် ၃၄ ခုကို အပြိုင်အဆိုင် တည်ဆောက်နေပြီဖြစ်သည်။ မန္တလေးမြို့ ကန်တော်ကြီးတွင်လည်း အလှပြမဏ္ဍပ်နှင့် ရေကစားမဏ္ဍပ် ၁၀ ခု၊ မြို့တွင်း ရေကစားမဏ္ဍပ် ၁၅ ခုတို့ကို တည်ဆောက်နေကြောင်း သိရသည်။ **(အောက်ပုံ) မောင်မောင်စိုး (မြစ်ငယ်)**

မိတ္ထီလာမြို့၌ တည်ငြိမ်အေးချမ်းလွတ်လပ်ပျော်ရွှင်စွာ နေထိုင်လျက်ရှိ

မိတ္ထီလာ ဧပြီ ၃

မိတ္ထီလာမြို့၌ တည်ငြိမ်အေးချမ်းသည့် အခြေအနေများကြောင့် ဒေသခံပြည်သူများ၊ ခရီးသွားဧည့်သည်များမှာ ဈေးရောင်းဈေးဝယ် ဖောက်ကားခြင်း၊ ခရီးဖြတ်သန်းသွားလာခြင်းနှင့် စိတ်အေးချမ်းစွာ သွားလာနေထိုင်လျက်ရှိသကဲ့သို့ ယာယီကယ်ဆယ်ရေးစခန်းများရှိ ဒုက္ခသည်မိသားစုဝင်များသည်လည်း ကယ်ဆယ်ရေးစခန်းများအတွင်း၌ လွတ်လပ်အေးချမ်းစွာဖြင့် နေထိုင်လျက်ရှိကြောင်း သိရသည်။

"နံနက်စောစောအချိန်နဲ့ ညနေ နေအေးတဲ့အချိန်တွေမှာ အားလပ်ချိန်တွေရှိနေလို့ ကယ်ဆယ်ရေးစခန်းအတွင်းမှာရှိတဲ့ လူငယ်၊ လူလတ်ပိုင်းလေးတွေဝိုင်းဖွဲ့ပြီး ဘောလုံးကစားတာမျိုး၊ ခြင်းလုံးခတ်တာမျိုးတွေ လွတ်လွတ်လပ်လပ် ကစားကြတယ်။ အထကကျောင်းဖြစ်လို့ အဆင့်မြင့်တဲ့ အားကစားကွင်းလည်းရှိတယ်" ဟု အထက(၁) ယာယီဒုက္ခသည်ကယ်ဆယ်ရေးစခန်းများတွင် နေထိုင်လျက်ရှိသည့် လူရွယ်အမျိုးသားတစ်ဦးက ပြောသည်။

အလားတူ ပညာရေးကောလိပ်၊ ခရိုင်အားကစားကွင်း၊ အမက(၁၆)၊ အထက(၃)၊ အထက(၅)၊ အလက(၂)ယာယီဒုက္ခသည်ကယ်ဆယ်ရေးစခန်းများတွင် နေထိုင်လျက်ရှိသည့် မိသားစုဝင်လူငယ်လူရွယ်များသည်လည်း လွတ်လွတ်လပ်လပ်ဖြင့် အေးချမ်းစွာဝိုင်းဖွဲ့ကစားခြင်းများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။**(အောက်ပုံ)**

(ခရိုင်ပြန်/ဆက်)

ကြေးမုံစက်ရပ်သတင်း

သရက်မြို့အနီး ငလျင်လှုပ်

နေပြည်တော် ဧပြီ ၃

ဧပြီ ၃ ရက် ည ၁၁ နာရီ ၅ မိနစ်ခန့်တွင် ပြင်းအားရစ်ချ်တာစကေး ၅ ဒသမ ၈ အဆင့်ရှိ မြေငလျင်တစ်ခု မြန်မာနိုင်ငံအတွင်း ဗဟိုပြုလှုပ်ခတ်သွားကြောင်း၊ ငလျင်သည် ပြည်မြို့မှ ၄၆ မိုင်အကွာ သရက်မြို့အနီး ဗဟိုပြု၍ လှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း အမေရိကန် ဘူမိစောင့်ကြည့်ရေးအဖွဲ့မှ တစ်ဆင့် သိရသည်။

ယနေ့ မာတိကာ

ပတ္တမြား FM မှ သင်္ကြန်ကာလ ဖျော်ဖြေတင်ဆက်မည်	စာ ➤ ၃
အယဉ်ကျေးဆုံးတိုင်းပြည်	စာ ➤ ၆
အာဆီယံအကောင်းဆုံးဘောလုံးအဖွဲ့ချုပ်ဆုကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဆွတ်ခူး	စာ ➤ ၈
ပြင်သစ်မြေ၌ ဘာစီလိုနာတို့ သရေပွဲဖြစ်ခဲ့သော်လည်း ဂျူဗင်တပ်ကို ဘိုင်ယန်မြူးနစ် နှစ်ဂိုးပြတ်အနိုင်ယူ	စာ ➤ ၁၃

ကြေးမုံစာတည်းရှေ့ထောင့် ၄-၄-၂၀၁၃ [ကြာသပတေးနေ့]

ရေမြင့်မှ ကြာတင့်

နိုင်ငံတော်သမ္မတကြီး ယခုလမိန့်ကြားခဲ့သည့် ရေဒီယိုမိန့်ခွန်းမှာ ထူးခြားလေးနက်လှသည်။ တိုင်းပြည်ကောင်းကျိုးနှင့် ပြည်သူ့ဘဝအဆင့် တိုးနိုင်ရေးအတွက် အချက် ခြောက်ချက်မိန့်ကြားခဲ့ရာ အများပြည်သူအတွက် သိရှိမှတ်သားရယူစရာများသာဖြစ်သည်။

ပြည်သူများအတွက် မိုဘိုင်းတယ်လီဖုန်းဆင်းမ်ကတ်၊ ဝန်ထမ်းများအတွက် လစာနှင့် ထောက်ပံ့ကြေး၊ တိုင်းပြည်စီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်သမားနှင့် တောင်သူလယ်သမားများဘဝ တိုးတက်မြင့်မားရေး၊ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးနှင့် သမိုင်းအစဉ်အလာကြီးမားသည့် တပ်မတော်တို့ကို ပြောကြားသွားခဲ့ပါသည်။

ထိုအချက်များအနက် တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြဖို့ နိုင်ငံတော်သမ္မတကြီး၏ ပြောကြားချက်မှာ အထူးအရေးကြီးလှသည့် အချက်ဖြစ်ပါသည်။ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံသစ်ကို ချီတက်ကြရာတွင် တိုင်းပြည်စီးပွားရေးတိုးတက်အောင် မဖြစ်မနေဖော်ဆောင်ကြရမည်ဖြစ်ပါသည်။

ထိုသို့ဖော်ဆောင်ကြရာ၌ အစိုးရတစ်ဖွဲ့၊ အဖွဲ့အစည်းတစ်ခုတည်းက ဆောင်ရွက်နေရုံဖြင့် မရနိုင်ဘဲ အားလုံးက ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်မှသာ အောင်မြင်မည်ဖြစ်ပါသည်။ ရေမြင့်လျှင် ကြာတင့်သည် ဆိုသကဲ့သို့ တိုင်းပြည်စီးပွားရေးတိုးတက်လျှင် တိုးတက်သလောက် ပြည်သူများ၏ လူမှုစီးပွားရေးဘဝများ မြင့်မားတိုးတက်လာမည်ဖြစ်ပါသည်။

ပြည်သူများလူမှုစီးပွားဘဝမြင့်မားတိုးတက်စေရန်မှာ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ဖြစ်ထွန်းလာဖို့ ဦးစွာလိုအပ်မည်ဖြစ်ပါသည်။ အလုပ်အကိုင်တိုးတက်ဖို့အတွက် နိုင်ငံအတွင်း စက်ရုံအလုပ်ရုံများ ထူထောင်ပေးသွားရမည်ဖြစ်ပါသည်။

ထိုသို့ထူထောင်နိုင်ဖို့ တိုင်းပြည်တွင် ငွေကြေးအရင်းအနှီး၊ နည်းပညာနှင့် လူ့စွမ်းအားအရင်းအမြစ်များ လိုအပ်ပါသည်။ အရင်းအနှီးရရှိဖို့အတွက် ပြည်ပရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ထားပြီးဖြစ်သလို လာရောက်ရင်းနှီးမြှုပ်နှံကြရန်လည်း ပြင်ဆင်လျက်ရှိသည်။ ရင်းနှီးမြှုပ်နှံမှုပြုကြရာတွင် တိုင်းပြည်၏အကျိုး၊ ပြည်သူလူထု၏ အကျိုးစီးပွားများကို မထိခိုက်အောင် ချမှတ်ထားသည့် မူဝါဒများမှာ နိုင်ငံနှင့်ပြည်သူအတွက် လျော်ကန်သင့်မြတ်လှပေသည်။

ရင်းနှီးမြှုပ်နှံမှုတွင် အဓိကအရေးပါသည့် စီးပွားရေးပိတ်ဆို့တားဆီးမှုများ ဖြေလျှော့ပေးနိုင်ဖို့လည်း နိုင်ငံ့ခေါင်းဆောင်များက ကြိုးပမ်းအားထုတ်ခဲ့ရာ အောင်မြင်မှုအချို့ရရှိနေပြီဖြစ်သည်။ ထင်ရှားသည့် ဆောင်ရွက်ချက်တစ်ရပ်မှာ ခေတ်အဆက်ဆက်က တင်ရှိခဲ့သည့် နိုင်ငံခြားကြွေးမြီများအနက် အမေရိကန်ဒေါ်လာ သန်းပေါင်း ၆၀၀၀ကျော်ကို လျှော်ပစ်ပယ်ဖျက်ခွင့် ရလိုက်ခြင်းဖြစ်သည်။ နိုင်ငံတကာ ငွေကြေးအဖွဲ့အစည်းများမှလည်း အတိုးနှုန်းသက်သာသည့် နှစ်ရှည်ချေးငွေများကို ရရှိတော့မည်ဖြစ်သည်။

နိုင်ငံတော်က တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် အဘက်ဘက်က ကြိုးပမ်းစွမ်းဆောင်နိုင်သဖြင့် ရရှိလာသည့်အခွင့်အရေးများ လက်လွှတ်မဆုံးရှုံးရအောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ရမည်မှာ နိုင်ငံသားပြည်သူအားလုံး၏ တာဝန်ဖြစ်ပေသည်။

လက်ငင်းလိုအပ်ချက်တာဝန်မှာ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးဖြစ်သည်။ တိုင်းပြည်တည်ငြိမ်အေးချမ်းမှုမရှိလျှင် ရရှိထားသော အခွင့်အရေးများ ဆုံးရှုံးသွားနိုင်သည်။ ထို့ကြောင့် မိဘပြည်သူအားလုံး တိုင်းပြည်တည်ငြိမ်အေးချမ်းအောင် ဝိုင်းဝန်းကူညီစောင့်ရှောက်ကြဖို့ မေတ္တာရပ်ခံ တိုက်တွန်းအပ်ပါသည်။ ။

စီးပွားရေးပြုပြင်ပြောင်းလဲမှုတွင် ပြည်သူဗဟိုပြု ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်

နေပြည်တော် မေ ၃

၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းအကောင်အထည်ဖော်နိုင်မှုအပေါ် ပြန်လည်သုံးသပ်ခြင်းနှင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း အကောင်အထည်ဖော်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့နံနက် ၉ နာရီခွဲတွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် တက်ရောက်၍ အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ပြောကြားရာတွင် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ ငါးနှစ်စီမံကိန်း၏ တတိယနှစ်အတွက် အမျိုးသားစီမံကိန်းဥပဒေကို ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်(၁၁)ဖြင့် မတ် ၂၉ ရက်တွင် ထုတ်ပြန်ပြဋ္ဌာန်းပြီးဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရသစ်အနေဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်အတွက် ရေးဆွဲထားသော စီမံကိန်းများအားလုံးသည် ချမှတ်ထားသည့် စီးပွားရေးမူဝါဒ(၄)ရပ်နှင့် ထင်ဟပ်နေစေရန် လိုအပ်ကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ် သက်ဆိုင်ရာ စီမံကိန်းရေးဆွဲရေးဦးစီးဌာနများ၏ ဆွေးနွေးတင်ပြချက်အားလုံးသည် လက်တွေ့နယ်ပယ်နှင့် ကိုက်ညီရန်လိုကြောင်း၊ နိုင်ငံတော်၏လမ်းညွှန်ချက်ဖြင့် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်သည့်အခါ မေ ၁ ရက် ဘဏ္ဍာရေး နှစ်စမှစ၍ ရည်မှန်းချက်အောင်မြင်အောင် အကောင်အထည်ဖော်ရန်လိုကြောင်း၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုတွင် ပြည်သူဗဟိုပြု ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် စီမံကိန်းဦးစီးမှူးများသည် ခံယူချက်အပြည့်ဖြင့် ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီများ၌ သက်ဆိုင်ရာ စီမံကိန်းဦးစီးမှူးများသည် အတွင်းရေးမှူးများဖြစ်သဖြင့် မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ရှိမည်ဖြစ်ရာ ဒေသ၏မတူညီသော အရင်းအမြစ်များအပေါ် အခြေခံ၍ ဦးစားပေးအဆင့်ခွဲခြားသတ်မှတ်ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားပြီး တက်ရောက်လာကြသည့် တိုင်းဒေသကြီး/ပြည်နယ် စီမံကိန်းဦးစီးမှူးများ၏ တင်ပြဆွေးနွေးချက်များအပေါ် လိုအပ်သည်များ မှာကြားသည်။

ညှိနှိုင်းအစည်းအဝေးသို့ ဒုတိယဝန်ကြီး၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်စီမံကိန်းဦးစီးမှူးများ တက်ရောက်ခဲ့ကြပြီး အစည်းအဝေးကို မေ ၄ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

သမဝါယမဝန်ကြီးဌာန၏ ဦးတည်ချက်နှင့် လုပ်ငန်းစဉ်များ ရှင်းလင်း

နေပြည်တော် မေ ၃

နေပြည်တော် ပျဉ်းမနားမြို့ရှိ မြို့နယ် သမဝါယမအသင်းစု၏ အဏ္ဏဝါလေဆာကား အလိုင်းမင့်ချိန်၊ ကားဝပ်ရှော့၊ ကားရေဆေးဆီလိုက် လုပ်ငန်းနှင့် အသင်းစုပိုင် သုခမြိုင်မိုတယ်တို့သို့ သမဝါယမဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်းသည် မေ ၁ ရက် နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးပြီး အလျှင်လို ကျေးရွာ၌ စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမ အသင်းသားများနှင့် တွေ့ဆုံကာ သမဝါယမဝန်ကြီးဌာန၏ ဦးတည်ချက်(၂)ရပ်နှင့် လုပ်ငန်းစဉ်(၅)ရပ်တို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် နေပြည်တော် သမဝါယမဦးစီးဌာနရုံး၌ သီရိဝါးမြို့နယ်မှ ဦးစီးအရာရှိများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



လွိုင်ကော်၌ ကျေးရွာချင်းဆက် ကျောက်ချော လမ်းသစ်ဖွင့်

နေပြည်တော် မေ ၃

ကယားပြည်နယ် လွိုင်ကော်မြို့နယ် ကန်နီ-ဒေါစဲ-လောပိတ(ရှမ်းရွာ) ကျေးရွာချင်းဆက်လမ်း ကျောက်ချောလမ်းသစ်ဖွင့်ပွဲကို မတ် ၂၃ ရက် နံနက် ၉ နာရီတွင် ကျင်းပရာ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးအောင်နိုင်ဦးနှင့် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးနိုင်အောင်တို့က ကျောက်ချောလမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ကျေးရွာချင်းဆက်လမ်း ကျောက်ချောလမ်းသစ်ကို ငွေကျပ် ၁၈ ဒသမ ၆၇ သန်းဖြင့် ဆောင်ရွက်ခဲ့ပြီး ကန်နီ၊ ဒေါစဲနှင့် လောပိတ(ရှမ်းရွာ) ကျေးရွာအုပ်စု သုံးအုပ်စုမှ ပြည်သူများ လွိုင်ကော်မြို့သို့ အဆင်ပြေချောမွေ့စွာ သွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့လူမျိုး
သစ်ပင်ကို နှစ်စဉ်စိုက် ရှေ့တိုက်ကိုစိုး

ဒီမိုကရေစီဖော်ဆောင်ရေးကိစ္စရပ်များ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး

နေပြည်တော်　　မေ　　၃

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် အမေရိကန် သမ္မတဟောင်း Mr. Jimmy Carter နှင့်ဇနီးတို့ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိလွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံပြီး ဒီမိုကရေစီစနစ်ဖော်ဆောင်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ **(အပေါ်ပုံ)**

တွေ့ဆုံပွဲတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြည်သူ့လွှတ်တော် ကော်မတီဥက္ကဋ္ဌများ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များနှင့်လွှတ်တော်ရုံးမှ တာဝန်ရှိသူများတက်ရောက်ကြပြီး ဧည့်သည်တော် အမေရိကန် သမ္မတဟောင်းနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံးမှ တာဝန်ရှိသူများလည်း တက်ရောက်ကြပြီး တွေ့ဆုံပွဲအပြီးတွင် အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။ **(သတင်းစဉ်)**

☆ အလုပ်အကိုင်ရရှိရေးမှ

ယင်းသို့ တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်နေသော ပြုပြင်ပြောင်းလဲရေးကိစ္စရပ်များ၊ ၂၀၁၄ ခုနှစ်တွင် ဆောင်ရွက်မည့် တစ်နိုင်ငံလုံး သန်းခေါင်စာရင်းကောက်ယူရေးကိစ္စရပ်များ၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစဉ်များ၊ ရခိုင်ဒေသအပါအဝင် ပဋိပက္ခဖြစ်ပွားခဲ့သော ဒေသများမှ ဒုက္ခသည်များအတွက် အိုးအိမ်ပြန်လည်ထူထောင်ရေး၊ အလုပ်အကိုင်ရရှိရေး၊ ပညာရေးနှင့် ကျန်းမာရေးမြှင့်တင်ရေးကိစ္စရပ်များ၊ နှစ်နိုင်ငံချစ်ကြည်မှုနှင့် ဆက်ဆံရေးတိုးမြှင့်ရေးကိစ္စရပ်များကို ခင်မင်ရင်းနှီးစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် ဧည့်သည်တော် အမေရိကန်သမ္မတဟောင်းနှင့်ဇနီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့အား ဂုဏ်ပြုနေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ **(သတင်းစဉ်)**

ပတ္တမြား FM မှ သင်္ကြန်ကာလ ဖျော်ဖြေတင်ဆက်မည်

ရန်ကုန်　　မေ　　၃

သင်္ကြန်ကာလအတွင်း ရေပက်ခံမထွက်၊ မဏ္ဍပ်မထိုင်၊ ဥပုသ်ကျောင်းမသွား၊ နေအိမ်မှာနားနားနေနေ အပန်းဖြေလိုကြသူများအတွက် ပတ္တမြားအက်ဖ်အမ်မှ သင်္ကြန်အစီအစဉ်များကို အထူးတင်ဆက်ပေးမည်ဖြစ်ရာ မေ ၁၁၊ ၁၃၊ ၁၆ ရက်များတွင် သရုပ်ဆောင်နေတိုး၊ ကျော်ကျော်ဗို၊ ထွန်းထွန်း၊ မိုးမိုးတို့က "ရွှေမင်းသားတို့ပျော်တဲ့ ပတ္တမြားသင်္ကြန်"၊ မေ ၉၊ ၁၀၊ ၁၅ ရက်များတွင် အဆိုတော် စည်သူလွင်၊ ဂရေဟမ်၊ ဘိုဘို၊ ဖိုးကာ၊ အာဇာနည်၊ ဟဲလေး၊ ဒီယံ၊ ဝေလျှံ၊ ချောစုခင်၊ ဆုန်သင်းပါရ်၊ မို့မို့ဇော်ဝင်းတို့က "မှတ်မှတ်ထင်ထင် အတာသံစဉ်"၊ မေ ၅၊ ၆ ရက်များတွင် ဒါရိုက်တာ ဦးတင်ဦး၊ အကယ်ဒမီဇင်ဝိုင်း၊ အကယ်ဒမီ မေသန်းနုတို့က "ဂန္ထဝင်အနုပညာတစ်ခုကို ဖန်တီးခြင်း"၊ မေ ၄၊ ၁၇ ရက်တွင် အကယ်ဒမီ ဇော်မျိုးထွဋ်က "ဂန္ထဝင်အနုပညာတစ်ခုကို ဖန်တီးခြင်း"၊ မေ ၈၊ ၁၂၊ ၁၄ ရက်တွင် အားတီ၊ ချစ်စနိုးဦး၊ မယ်လိုဒီနှင့် အစီအစဉ်တင်ဆက်သူ တစ်ဦးတို့က "မမေ့နိုင်တဲ့သင်္ကြန်"၊ မေ ၁၁၊ ၁၃၊ ၁၆ ရက်တွင် အေးမြတ်သူ၊ ဩရသတို့က "အတာနဲ့တန်ခူးပြိုင် ဘယ်သူနိုင်"၊ မေ ၁၅၊ ၁၆၊ ၁၇ ရက်တွင် ဆရာဇင်ယော်နီ၏ "နှစ်သစ်ခေါင်းဆောင်မင်္ဂလာ"စသည့် သင်္ကြန်အမှတ်တရများ၊ သင်္ကြန်ဖြစ်ရပ်များ၊ သင်္ကြန်နှင့် သက်ဆိုင်သောအကြောင်းအရာများကို တင်ဆက်ကြမည်ဖြစ်ရာ အက်ဖ်အမ်နားဆင်သူပရိသတ်များ စောင့်မျှော် နားသောတဆင်နိုင်ပါကြောင်း သတင်းကောင်းပါးလိုက်ရပါသည်။

(ပတ္တမြား)

ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် စည်းဝေး

ရန်ကုန်　　မေ　　၃

ပထမအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး တတိယနေ့ကို တိုင်းဒေသကြီးလွှတ်တော်၌ ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ လွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း နှင့် လွှတ်တော်ကိုယ်စားလှယ်(၁၂၁)ဦး တက်ရောက်ကြသည်။

အစည်းအဝေးတွင် မေးခွန်းများဖြေကြားခြင်း၊ အဆိုများ တင်သွင်းဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရခိုင်ပြည်နယ်လွှတ်တော် စည်းဝေး

နေပြည်တော်　　မေ　　၃

ပထမအကြိမ် ရခိုင်ပြည်နယ်လွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး ဒသမနေ့ကို မေ ၂ ရက် နံနက် ၁၀ နာရီတွင် ပြည်နယ်လွှတ်တော်အစည်းအဝေး ခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးထိန်လင်း၊ ပြည်နယ်ဝန်ကြီးများနှင့် လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များက မေးခွန်းများမေးမြန်းဖြေကြားခြင်း၊ ဥပဒေ(မူကြမ်း) ရှင်းလင်း တင်ပြခြင်းတို့ ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားတွင် ဆိုင်းဘုတ်ကိုင်အမျိုးသမီး Volunteer များအဖြစ် ပါဝင်ဆောင်ရွက်ရန် ဖိတ်ခေါ်ကမ်းလှမ်းခြင်း

၁။　(၂၇)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံအသီးသီးကိုယ်စားပြု ဆိုင်းဘုတ်ကိုင် အမျိုးသမီး ၁၁ ဦးနှင့် ပိတ်ပွဲအခမ်းအနားတွင် အားကစားနည်း ၃၃ နည်း ကိုယ်စားပြု ဆိုင်းဘုတ်ကိုင် အမျိုးသမီး ၃၃ ဦးကို Volunteer ကိုယ်တိုင်ဆန္ဒပြုသူအဖြစ် ရွေးချယ်တာဝန်အပ်နှင်းရန် ရှိပါသည်။

၂။　မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် အလှည့်ကျဆောင်ရွက်သော အားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားဖြစ်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လူငယ်မိန်းကလေးများ ပါဝင်ဆောင်ရွက်စေလိုသော စေတနာဖြင့် ဖိတ်ခေါ်ခြင်းဖြစ်ရာ ဆိုင်းဘုတ်ကိုင်အမျိုးသမီးများအဖြစ် Volunteer ဆောင်ရွက်ရန် စိတ်ဝင်စားသူ အမျိုးသမီးငယ်များသည် ဖော်ပြပါလိုအပ်သော အရည်အချင်းများနှင့်အတူတိုင်းဒေသကြီးနှင့်ပြည်နယ်လူမှုရေး၊ ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် အမျိုးသမီးရေးရာအဖွဲ့များသို့ လူကိုယ်တိုင်သွားရောက်ဆက်သွယ်၍ စာရင်းသွင်းအရွေးချယ်ခံရန် ဖိတ်ခေါ်ပါသည်-

(က)　မြန်မာတိုင်းရင်းသူဖြစ်ရမည်။
(ခ)　ရုပ်ရည်ပြေပြစ်ချောမောသူ အပျိုဖြစ်ရမည်။
(ဂ)　ခန္ဓာကိုယ်အချိုးအစားပြေပြစ်သူဖြစ်ရမည်။
(ဃ)　အရပ် ၅ ပေ ၄ လက်မရှိရမည်။
(င)　အသက် (၁၈) နှစ်မှ (၂၂) နှစ်အတွင်း ဖြစ်ရမည်။
(စ)　တက္ကသိုလ်ကျောင်းသူ (သို့မဟုတ်) ဘွဲ့ရရှိသူဖြစ်ရမည်။
(ဆ)　အင်္ဂလိပ်ဘာသာစကားအသင့်အတင့်ပြောဆိုနိုင်သူဖြစ်ရမည်။
(ဇ)　မြန်မာဆန်သောအသားအရောင်ရှိရမည်။
(ဈ)　ဆံပင်အနက်ရောင်ဖြစ်ရမည်။
(ည)　လှယဉ်ကျေးမယ်ဝတ်စုံဖြင့် တစ်လအတွင်း ရိုက်ကူးထားသော ၆ လက်မ × ၄ လက်မအရွယ်ရှိ ကိုယ်လုံးပေါ်ဓာတ်ပုံရှေ့တည့်တည့် (၁)ပုံ၊ ဘေးစောင်း(၁)ပုံနှင့် ၆ လက်မ × ၄ လက်မအရွယ်ရှိ ရှေ့တည့်တည့်မှ ရိုက်ကူးထားသော ကိုယ်တစ်ပိုင်းပုံ (၁) ပုံ။

၃။　လာရောက်ဆက်သွယ်သူ လူငယ်ကျောင်းသူလေးများကို စာရင်းမှတ်တမ်းသွင်း၍ လိုအပ်သလိုကူညီမှုပေးပါရန် သက်ဆိုင်ရာ အမျိုးသမီးရေးရာအဖွဲ့သို့ မေတ္တာရပ်ခံအပ်ပါသည်။

(ယဉ်ကျေးမှုဝန်ကြီးဌာန)

သင့်စီးပွားရေးအောင်မြင်ဖို့ ကြေးမုံတွင် ကြော်ငြာစို့

စစ်သွေးကြွများ စီးနင်းတိုက်ခိုက်မှုကြောင့် ပက်ရှ်ဝါမြို့ လျှပ်စစ်ဓာတ်အားပေးစက်ရုံ ပျက်စီးမှုအား တွေ့ရစဉ်

ပါကစ္စတန်ဓာတ်အားပေးစက်ရုံ တိုက်ခိုက်ခံရ လူခုနစ်ဦး သေဆုံးပြီး ၁၀ ဦး ပြန်ပေးဆွဲခံရ

အစ္စလာမ္မာဘတ် ဧပြီ ၃

ပါကစ္စတန်နိုင်ငံ ပက်ရှ်ဝါမြို့ရှိ လျှပ်စစ်ဓာတ်အားပေးစက်ရုံကို ဧပြီ ၂ ရက်တွင် စစ်သွေးကြွဒါဇင်ပေါင်းများစွာက စီးနင်းတိုက်ခိုက်မှုကြောင့် ခုနစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။ သေဆုံးသူခုနစ်ဦးအနက် ရဲတစ်ဦးနှင့် စက်ရုံအလုပ်သမားတစ်ဦး သေနတ်ပစ်ခံရ၍ ပွဲချင်းပြီးသေဆုံးခဲ့ကာ ၁၀ ဦးကို စစ်သွေးကြွများက ဖမ်းဆီးခဲ့သည်။ စက်ရုံအနီးတွင် သေဆုံးသူငါးဦး၏ ခန္ဓာကိုယ်ကို ပြန်တွေ့ခဲ့ကြောင်း၊ ပြန်ပေးဆွဲခံရသူများအနက် ငါးဦး၏အမည်ကို မသိရသေးကြောင်း သိရသည်။

လျှပ်စစ်ဓာတ်အားပေးစက်ရုံ တိုက်ခိုက်ခံရမှုကြောင့် မြို့တော်အတွင်း လျှပ်စစ်ဓာတ်အားပေးဝေရေးကြန့်ကြာမှုများဖြစ်ခဲ့ရကြောင်း၊ ယင်းတိုက်ခိုက်မှုကို လုပ်ဆောင်သည့်အဖွဲ့၏အမည်ကို မသိရှိရသေးကြောင်း သိရသည်။

သို့သော် တာလီဘန်အဖွဲ့များသည် ယင်းဒေသအတွင်း၌ မကြာခဏ တိုက်ခိုက်မှုများပြုလုပ်နေ၍ ၎င်းတို့၏တိုက်ခိုက်မှုဖြစ်ဖွယ်ရှိကြောင်း ပါကစ္စတန်အကြီးတန်းရဲအရာရှိက ပြောကြားသည်။ **အေပီ။**

ပိုလန်နှင့်ရုရှားတွင် ဆီးနှင်းများ ပြင်းထန်စွာကျဆင်း

ဝါဆော ဧပြီ ၃

ပိုလန်နိုင်ငံတွင် ဆီးနှင်းများ ပြင်းထန်စွာ ကျရောက်သဖြင့် အရေးပေါ်ဝန်ထမ်းများသည် ထောင်နှင့်ချီ၍ များပြားလှသောမိသားစုများ လျှပ်စစ်ဓာတ်အား ပြန်လည်ရရှိစေရန်နှင့် လမ်းများပေါ်၌ ဖုံးလွှမ်းနေသည့် ဆီးနှင်းထုများကို ဖယ်ရှားရှင်းလင်းနိုင်ရန် ကြိုးစားလျက်ရှိကြကြောင်း အင်္ဂါနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ဆီးနှင်းများကျဆင်းမှုကြောင့် သစ်ပင်များ လျှပ်စစ်ဓာတ်အားလိုင်းများအပေါ် ပြိုလဲသဖြင့် ဧပြီ ၁ရက်တွင် နေအိမ်ပေါင်း ၁၀၀၀၀၀ ကျော်ခန့် လျှပ်စစ်မီးများ ပြတ်တောက်သွားခဲ့သည်ဟု ပိုလန် အမျိုးသားရေဒီယိုက ကြေညာသည်။ နိုင်ငံ၏အလယ်ပိုင်းနှင့် အရှေ့ပိုင်းတို့တွင် ဖြစ်ပေါ်နေသော အခြေအနေမှာ အဆိုးရွားဆုံးဖြစ်သည်။

စနေ၊ တနင်္ဂနွေနေ့များတွင် အပူပေးစက်များ ချွတ်ယွင်းသဖြင့် နေအိမ်ရာပေါင်းများစွာ၌ မီးလောင်မှုများ ဖြစ်ပွားခဲ့ရာ လူငါးဦးသေဆုံးခဲ့သည်။

ရုရှားနိုင်ငံ မော်စကိုမြို့တွင်လည်း အချိန်အခါမဟုတ် ဆီးနှင်းများ ပြင်းထန်စွာကျဆင်းခဲ့သည်။ မြို့တော်အတွင်း၌ ဧပြီ ၁ရက်တွင် ဖုံးလွှမ်းခဲ့သော ဆီးနှင်းထုမှာ ၂၅လက်မ အထိ ပမာဏကြီးမားကြောင်း ရုရှားရာသီဥတု လေ့လာရေးဌာနမှ ပြောကြားသည်။ **ဘီဘီစီ။**

ဘရာဇီးအရှေ့မြောက်ပိုင်း၌ မိုးခေါင်

ရီယိုဒီဂျနေရိုး ဧပြီ ၃

ဘရာဇီးနိုင်ငံ အရှေ့မြောက်ပိုင်းတွင် မိုးခေါင်မှုကို လျော့ပါးသက်သာစေရေး စီမံချက်များကို ဆောင်ရွက်မည်ဟု သမ္မတ ဒီမာရိုးဆက်ဖ်က ဧပြီ ၂ရက်တွင် ကြေညာသည်။ မိုးခေါင်မှုဒဏ်ခံစားရသည့်ဒေသများကို ရေကားများ ထပ်မံပို့ဆောင်ပေးပြီး အိမ်ခေါင်မိုးပေါ်တွင် ရေတိုင်ကီသစ်တည်ဆောက်မည်ဟု ဘရာဇီးသမ္မတက ပြောကြားခဲ့သည်။

ယခုမိုးခေါင်မှုသည် နှစ် ၅၀ အတွင်း အဆိုးရွားဆုံးဖြစ်မည်ဟု ယူဆရပြီး နိုင်ငံ၏ အရှေ့မြောက်ပိုင်းပြည်နယ်များတွင် ရာသီဥတုဒဏ်ကို ခံစားရကြောင်း သတင်း၌ ဖော်ပြထားသည်။ အချို့သောဒေသများတွင် မိုးမရွာသည်မှာ တစ်နှစ်ကျော် ကြာမြင့်ပြီဟု သိရှိရသည်။ **ဆင်ဟွာ။**

ဆိုမာလီဘဏ်ခွဲရှေ့၌ ဗုံးပေါက်ခွဲ

မိုဂါဒစ်ရှူး ဧပြီ ၃

အကြီးဆုံးသော ဆိုမာလီဘဏ်၏ မိုဂါဒစ်ရှူးဘဏ်ခွဲတစ်ခုဂိတ်ဝကို ဧပြီ ၂ရက်က လက်ပစ်ဗုံးဖြင့် ပစ်ခတ်ခံခဲ့ရပြီးနောက် လူတစ်ဦး ဒဏ်ရာရရှိခဲ့သည်ဟု မျက်မြင်တွေ့ရှိသူများနှင့် ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

အဆိုပါဘဏ်၏တံခါးမကို လက်ပစ်ဗုံးပစ်သွင်းလိုက်ရာ လူတစ်ဦး ဒဏ်ရာရရှိခဲ့သည်ကို မျက်မြင်တွေ့ရှိခဲ့ကြသည်ဟု အခင်းဖြစ်ရာနေရာ၌ရှိသော အမည်မဖော်လိုသူ ရဲအရာရှိတစ်ဦးက ဆင်ဟွာသတင်းထောက်အား ပြောကြားခဲ့သည်။ ယင်းတိုက်ခိုက်မှုသည် မည်သူမည်ဝါသို့မဟုတ်မည်သည့်အဖွဲ့အစည်းလက်ချက်ဟု ထုတ်ပြန် ကြေညာခြင်းမရှိဟု သိရှိရသည်။ **ဆင်ဟွာ။**

ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့တွင် ခရီးသည်တင် ဘတ်စ်ကားတစ်စီး မိုးပျံလမ်းပေါ်မှ အရှိန်လွန် ပြုတ်ကျမှုကို တွေ့ရစဉ်။

ဘရာဇီးတွင် ခရီးသည်တင်ဘတ်စ်ကားမတော်တဆဖြစ် ခုနစ်ဦး သေဆုံး၊ ခြောက်ဦး ဒဏ်ရာရရှိ

ရီယိုဒီဂျနေးရိုး ဧပြီ ၃

ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့တွင် ဧပြီ ၂ရက်က ခရီးသည်တင်ဘတ်စ်ကားတစ်စီး မောင်းနှင်သွားလာစဉ် မိုးပျံလမ်းမှပြုတ်ကျရာ ခရီးသည် ခုနစ်ဦးထက်မနည်း သေဆုံး၍ ခြောက်ဦးဒဏ်ရာရရှိကြောင်း ဒေသခံမီးသတ်တပ်ဖွဲ့က ဧပြီ ၃ရက်တွင် ပြောကြားသည်။

အဆိုပါခရီးသည်တင်ဘတ်စ်ကားသည် ရီယိုဒီဂျနေးရိုးမြောက်ဘက်ရှိ နိုင်ငံတကာလေဆိပ်အနီး ထရွန်ပေါ်စကီးအဝေးပြေးလမ်းမကြီးပေါ် မောင်းနှင်လာကြောင်း၊ ဆင်ခြေဖုံးဒေသမှ မောင်းနှင်လာပြီး အဟန့်အတားပြုလုပ်ထားသော အရံအတားအုတ်တန်းကိုကျော်၍ အောက်သို့ ပြုတ်ကျခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အမြင့် ၁၂ပေ(လေးမီတာ)အနက်ရှိသောတံတားမှ အောက်သို့ ဒေသစံတော်ချိန် ညနေ ၄နာရီခွဲတွင် ပြုတ်ကျသွားခြင်းဖြစ်ကြောင်း၊ သက်ကြီးပိုင်း အမျိုးသားငါးဦးနှင့် အမျိုးသမီးနှစ်ဦး သေဆုံးသွားကြောင်း ရီယိုဒီဂျနေးရိုးမြို့ရှိ မြို့ပြကာကွယ်ရေးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်က ပြောကြားသည်။ ယင်းမတော်တဆမှုနှင့်ပတ်သက်၍ အသေးစိတ်မသိရသေးဟုဆိုသည်။ **ဆင်ဟွာ။**

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြတ်ရတနာအိမ်ရာစီမံကိန်း၊ မြေကွက်အမှတ်(၁၅၈)၊ မြေဧရိယာအကျယ်အဝန်း (၃၉'၉"×၆၇') အား အမည်ပေါက် ဦးနိုင်မင်းထွန်း[၁၂/သလန(နိုင်)၀၀၉၅၄၀]ထံမှ ဒေါ်မော်ချိုထွန်း[၁၂/စခန(နိုင်)၀၂၃၀၂၄]က စာချုပ်စာတမ်းများဖြင့် ဝယ်ယူခဲ့ပြီး ၎င်းအမည်ဖြင့် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနသို့ မြေချပါမစ်လျှောက်ထားလာမှုအပေါ် ခွင့်ပြုရန်မသင့်ကြောင်းကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ(၁၄)ရက်အတွင်းအထောက်အထား ပြည့်စုံစွာဖြင့် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ စီမံကိန်းဌာနခွဲသို့ တင်ပြကန့်ကွက်နိုင်ပါသည်။

စီမံကိန်းဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြတ်ရတနာအိမ်ရာစီမံကိန်း၊ မြေကွက်အမှတ်(၁၅၇)၊ မြေဧရိယာအကျယ်အဝန်း (၄၀'×၆၀') အား အမည်ပေါက် ဒေါ်ကေသီမျိုးဆင့်[၁၂/သလန(နိုင်) ၀၇၁၇၁၅] ထံမှ ဒေါ်မော်ချိုထွန်း[၁၂/စခန(နိုင်)၀၂၃၀၂၄]က စာချုပ်စာတမ်းများဖြင့် ဝယ်ယူခဲ့ပြီး ၎င်းအမည်ဖြင့် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနသို့ မြေချပါမစ်လျှောက်ထားလာမှုအပေါ် ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါကကြော်ငြာသည့်ရက်မှ(၁၄)ရက်အတွင်းအထောက်အထား ပြည့်စုံစွာဖြင့် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ စီမံကိန်းဌာနခွဲသို့ တင်ပြကန့်ကွက်နိုင်ပါသည်။

စီမံကိန်းဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ဖတ်ဖွယ်အစုံစုံ နိုင်ငံတကာသတင်းအဖုံဖုံ
ဟိန်းထက်လင်း - စုစည်းရေးသားသည်

မီးတောင်နှင့် အလားသဏ္ဌာန်တူသော ချိုင့်ခွက်ကြီးများ ပစိဖိတ်သမုဒ္ဒရာကြမ်းပြင်၌ တွေ့ရှိ

နယူးဇီလန်နိုင်ငံအရှေ့ဘက်မှ မိုင် ၃၀၀ ခန့်ကွာဝေးသော ပစိဖိတ်သမုဒ္ဒရာနှင့်ဆက်စပ်နေသည့် ပင်လယ်ကြမ်းပြင်တွင် ကမ္ဘာ့အကြီးဆုံးဟု သတ်မှတ်နိုင်ဖွယ်ရှိသည့် မီးတောင်နှင့် အလားသဏ္ဌာန်တူသော ချိုင့်ခွက်ကြီးများ တွေ့ရှိခဲ့ကြောင်း သိပ္ပံပညာရှင်များက မေ ၂ ရက်တွင် ပြောကြားခဲ့သည်။ ကျောက်ပေါက်မာဟု ခေါ်ဆိုကြသော မီးတောင်နှင့် အလားသဏ္ဌာန်တူသည့် အဆိုပါချိုင့်ခွက်များသည် ဓာတ်ငွေ့နှင့် အရည်တို့ ပေါင်းစပ်ဖြစ်တည်လျက်ရှိပြီး ပင်လယ်ကြမ်းပြင်ရှိ အနည်အနှစ်များကြားတွင် ဖြစ်တည်လာခြင်းဖြစ်သည်။ နယူးဇီလန်၊ ဂျာမနီနှင့် အမေရိကန်နိုင်ငံတို့မှ သုတေသီများပါဝင်စုဖွဲ့ထားသော အဆိုပါသိပ္ပံပညာရှင်အစုအဖွဲ့၏အဆိုအရ ယခုအသစ်ထပ်မံတွေ့ရှိရသည့် ချိုင့်ခွက်သုံးခုအနက် အကြီးဆုံးမှာ အရှည် ခုနစ်မိုင်၊ အကျယ် လေးမိုင်နှင့် အနက်မှာ ပေ ၃၀၀ ကျော်ရှိကြောင်း၊ ယခင်တွေ့ရှိမှတ်တမ်းတင်ထားသည့် ချိုင့်ခွက်ထက် နှစ်ဆခန့်ပိုမိုကြီးမားကြောင်း၊သို့သော် လတ်တလောကာလတွင် ယင်းချိုင့်ခွက်များမှ မည်သည့်ဓာတ်ငွေ့မှ ထုတ်လွှတ်ခြင်းမရှိသေးကြောင်း သိရသည်။

ပေါ်တူဂီတက္ကစီသမား ၁၆ ဦး ယာဉ်မောင်းအရည်အချင်း မပြည့်ဝမှုကြောင့် အဖမ်းခံရ

ပေါ်တူဂီနိုင်ငံမြို့တော် လစ်ဘွန်းနယ်နိမိတ်အတွင်း ၁၁ ရက်ကြာ ယာဉ်စည်းကမ်းဆိုင်ရာစီမံချက် တစ်ခုလုပ်ဆောင်ခဲ့ရာ ယာဉ်မောင်းအရည်အချင်းမပြည့်ဝသော တက္ကစီဒရိုင်ဘာ စုစုပေါင်း ၁၆ ဦးကို ဖမ်းဆီးအရေးယူခဲ့ကြောင်း ရဲတပ်ဖွဲ့က မေ ၂ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။ ရဲတပ်ဖွဲ့၏ အဆိုအရ စီမံကိန်းကာလမှာ မတ် ၂၂ ရက်မှ မေ ၁ ရက် အထိဖြစ်ပြီး ယခုဖမ်းဆီးခဲ့သော တက္ကစီဒရိုင်ဘာ ၁၆ ဦးကို ပြစ်မှု ၃၃ မှုဖြင့် ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းပြစ်မှုများ၌ လိုင်စင်မဲ့မောင်းနှင်ခြင်း၊ မော်တော်ယာဉ်ကြံ့ခိုင်မှုမရှိဘဲ မောင်းနှင်ခြင်းနှင့် ယာဉ်မောင်းသူ၏ မော်တော်ယာဉ်ထိန်းချုပ်မှုစွမ်းရည်လျော့ရဲနေသည့် ပြစ်မှုတို့ပါဝင်ကြောင်း သိရသည်။

နှစ် ၁၀၀ အတွင်း ဒုတိယအအေးဆုံးရာသီ ယူကေ၌ ဖြစ်ပေါ်

ယူကေနိုင်ငံ၏ ယခုနှစ်မတ်လအပူချိန်သည် လွန်ခဲ့သည့်နှစ် ၁၀၀ ကာလအတွင်း ဒုတိယမြောက် အအေးခဲဆုံးရာသီဥတုအဖြစ် စံချိန်တင်ခဲ့ကြောင်း သိရသည်။ မတ်လ၏ ပျမ်းမျှအပူချိန်မှာ ၂ ဒသမ ၂ ဒီဂရီဆဲလ်စီးယပ်စ် သာရှိခဲ့ကြောင်း ဆိုသည်။အအေးဆုံးရာသီအဖြစ် သတ်မှတ်ထားသည့် နှစ်မှာ ၁၉၆၂ ခုနှစ် မတ်လဖြစ်ပြီး အပူချိန် ၁ ဒသမ ၉ ဒီဂရီဆဲလ်စီးယပ်စ်သာရှိခဲ့သည်ဆို၏။ သို့သော် ဧပြီလအတွင်း၌မူ ပုံမှန်အပူချိန် ၁၁ ဒီဂရီ ဆဲလ်စီးယပ်စ်ဝန်းကျင်၌သာ ရှိသည်ဟုဆိုသည်။

ခြေတုအတွင်း ဆဲလ်ဖုန်းကို တစ်နှစ်ကြာဝှက်ထားခဲ့သည့် ပင်ဆယ်ဗေးနီးယား အကျဉ်းသား

ပင်ဆယ်ဗေးနီးယား အကျဉ်းထောင်တစ်ခုမှ အကျဉ်းသားတစ်ဦးက ၎င်းသည် ဆဲလ်ဖုန်းတစ်လုံးနှင့် အားသွင်းကိရိယာကို ၎င်း၏ခြေတုအတွင်း၌ တစ်နှစ်ကြာသိမ်းဆည်းခဲ့သည်ဟု မေ ၁ ရက်က တရားသူကြီးထံ ဝန်ခံထွက်ဆိုခဲ့ကြောင်း မေ ၂ ရက် သတင်းများတွင်ဖော်ပြခဲ့ကြသည်။ ခရစ္စတိုဖာ ဂလန်ဂရီးယာအမည်ရှိ အသက်(၂၈)နှစ်အရွယ် အဆိုပါအကျဉ်းသားအား ပြည်နယ်အကျဉ်းထောင် ဖာရက်တီကောင်တီသို့ ရွှေ့ပြောင်းစဉ် ယင်းဆဲလ်ဖုန်းကို ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။ ဂရီးယာ၏ အဆိုအရ ၎င်းသည် ဆဲလ်ဖုန်းနှင့် အားသွင်းကိရိယာကို ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်က စတင်ဝှက်ထားခဲ့ကြောင်း သိရသည်။ ယင်းသို့လုပ်ဆောင်မှုကြောင့် ကြီးလေးသောပြစ်ဒဏ်များချမှတ်ခံရခြင်းမှ ရှောင်လွှဲနိုင်ရန်အတွက် ဂရီးယာသည် တာဝန်ရှိသူများထံ အသနားခံစာတင်သွင်းခဲ့သဖြင့် ဒဏ်ငွေသာချမှတ်ခံခဲ့ရကြောင်း သိရသည်။

စင်ကာပူသမ္မတနိုင်ငံ သမ္မတနှင့် ဇနီး ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့သို့ရောက်ရှိ

ရန်ကုန် မေ ၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး ရောက်ရှိနေသော စင်ကာပူသမ္မတနိုင်ငံသမ္မတ ဒေါက်တာတိုနီတန်ကင်ယမ်းနှင့်ဇနီး မစ္စစ် မေရီတန်တို့ ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက် ၁၁ နာရီ မိနစ် ၄၀ တွင် မန္တလေးမြို့မှ ရန်ကုန်မြို့သို့ အထူးလေယာဉ်ဖြင့် ရောက်ရှိလာရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေး၊ တိုင်းဒေသကြီး စည်ပင်သာယာရေး ဝန်ကြီး ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်နှင့် ဇနီး၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် စင်ကာပူသမ္မတနိုင်ငံ သံရုံးတို့မှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။**(အောက်ဝဲပုံ)**

ထို့နောက် စင်ကာပူသမ္မတနိုင်ငံ သမ္မတနှင့်အဖွဲ့ဝင်များသည် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်နှင့် စင်ကာပူသမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်ဦးလွင်တို့ လိုက်ပါလျက် ညနေ ၄ နာရီ မိနစ် ၂၀ တွင် အာဇာနည်ဗိမာန်သို့ ရောက်ရှိကြရာ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး မြို့တော်ဝန်ဦးလှမြင့်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် ဧည့်သည်တော် စင်ကာပူသမ္မတနိုင်ငံသမ္မတ ဒေါက်တာတိုနီတန်ကင်ယမ်းနှင့် အဖွဲ့ဝင်များသည် အာဇာနည်ဗိမာန်၌ လွမ်းသူ့ပန်းခွေချအလေးပြုကြသည်။

(သတင်းစဉ်)

ဆရာကြီးမော်ပီဆရာသိန်းစာကြည့်တိုက် တည်ဆောက်မည်

ရန်ကုန် မေ ၃

မြန်မာစာပေလောကတွင် အထင်ကရ စာပေပညာရှင်ကြီး တစ်ဦးဖြစ်သော ဆရာကြီးမော်ပီဆရာသိန်းကို ဂုဏ်ပြုသောအားဖြင့် ဆရာကြီး၏ ဇာတိမြို့ဖြစ်သော ရန်ကုန်တိုင်းဒေသကြီး မော်ဘီမြို့နယ်တွင် ဆရာကြီးမော်ပီဆရာသိန်း စာကြည့်တိုက်ကို မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းက ဦးဆောင်၍ ဆောက်လုပ်သွားမည်ဖြစ်သည်။

ဆရာကြီး မော်ပီဆရာသိန်းကို မော်ဘီမြို့နယ် မင်းရွာ၌ ၁၈၆၂ ခုနှစ် မတ် ၃၁ ရက်တွင် မွေးဖွားခဲ့ပြီး မွေးချင်းလေးဦးအနက် ဒုတိယမြောက်ဖြစ်သည်။ ဆရာကြီးသည် မြန်မာစာပေလောကတွင် စာအုပ်စာစောင်မျိုးစုံ ၁၉၆၅ အုပ်ရေးသားပြုစုခဲ့ပြီး ၁၉၄၂ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် ကွယ်လွန်ခဲ့သည်။

မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းသည် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ပြည်သူများ၏ စာဖတ်ရှိန် မြှင့်တင်ရေးအတွက် ငွေကြေးနှင့် စာအုပ်စာစောင်များကို ကူညီထောက်ပံ့ပေးလျက်ရှိပါသည်။ ဆရာကြီးမော်ပီဆရာသိန်းစာကြည့်တိုက်တည်ဆောက်ရန်အတွက် အလှူငွေများလှူဒါန်းလိုပါက မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးမောင်မောင် ဖုန်း-၀၉-၅၁၂၄၅၂၁၊ ဒုတိယဥက္ကဋ္ဌ ဦးညွန့်ဆွေ (မောင်ဆွေသက်) ဖုန်း-၀၉-၈၆၃၂၅၇၃၊ ဒေါက်တာချစ်စံဝင်း (ချစ်စံဝင်း) ဖုန်း-၀၉-၅၀၁၆၈၃၁၊ ဦးဝင်းအောင် ဖုန်း-၀၉-၅၆၀၀၁၁၇၊ အကယ်ဒမီခန့်စည်သူ ဖုန်း-၀၉-၅၅၇၂၇၂၇၊ ဒေါ်လှမြတ်မို (လမင်းမိုမို) ဖုန်း-၀၉-၅၀၀၁၉၈၃၊ အတွင်းရေးမှူး ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၁-၃၉၈၇၅၆၊ ဦးနေလင်း (မောင်ချိုဝေ) ဖုန်း-၀၉-၄၂၀၁၆၅၈၂၊ ဒေါ်မြရီလွင် ဖုန်း-၀၉-၇၃၁၀၁၈၆၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း သိရသည်။

(ကြေးမုံ)

ရန်ကုန်အဝေးသင်တက္ကသိုလ် အသင်းဖွဲ့စည်းရေး စည်းဝေး

ရန်ကုန် မေ ၃

ရန်ကုန်အဝေးသင်တက္ကသိုလ်မှ ပထမဦးဆုံးဖွင့်လှစ်သော Post Graduate Diploma in Law (Pg Dip in Law) သင်တန်းမှ ကျောင်းသား ကျောင်းသူများပါဝင်သော အသင်းတစ်ခုဖွဲ့စည်းနိုင်ရေးအတွက် ရန်ကုန်မြို့ လှိုင်မြို့နယ် (၆)မိုင်ခွဲ ရွှေဟင်္သာ(၃)လမ်း အမှတ်(၁၀၅)၌ ပထမဦးဆုံးအကြိမ် အစည်းအဝေးကို မတ် ၂၄ ရက်မွန်းလွဲ ၂ နာရီတွင်ကျင်းပခဲ့ရာ အမှုဆောင်များအား အများသဘောတူရွေးချယ်၍ ဖြစ်မြောက်ရေးယာယီကော်မတီအား ဖွဲ့စည်းခဲ့သည်။

မတ် ၃၀ ရက် မွန်းလွဲ ၂ နာရီတွင် အထက်ပါနေရာ၌ ဒုတိယအကြိမ်အစည်းအဝေးကို ကျင်းပရာ သဘာပတိအဖြစ် ဦးနန်းညွန့်ဝင်းမော်နှင့် အခမ်းအနားမှူးအဖြစ် ဦးရှိန်တို့က ဆောင်ရွက်၍ လာမည့်အစည်းအဝေးများတွင် ကျန်ကျောင်းသား ကျောင်းသူများအားလုံးပါဝင်တက်ရောက်နိုင်ရေး ဆောင်ရွက်ရန်နှင့် ရန်ပုံငွေရရှိရေးဆောင်ရွက်ရန်တို့နှင့် ပတ်သက်၍ ဆွေးနွေးကြပြီး ရန်ပုံငွေမတည်ငွေအဖြစ် အဖွဲ့ခေါင်းဆောင် ဦးရှိန်က ငွေကျပ် ၂၀၀၀၀ လှူဒါန်းသည်။ ထပ်မံကျင်းပမည့် အစည်းအဝေးများတွင် တက်ရောက်လိုသူများ ဖုန်း-၀၉-၅၀၁၀၈၃၀ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(၆၉၀)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့်ပူးပေါင်း၍ မိုဘိုင်းရေဒီယိုစခန်း(BTS)များ လုပ်ငန်းလည်ပတ်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်လိုသည့် ပြည်တွင်းကုမ္ပဏီများအား ဈေးပြိုင်တင်ဒါခေါ်ယူခြင်း

၁။ အများပြည်သူများအား ပိုမိုကောင်းမွန်သောမိုဘိုင်းတယ်လီဖုန်းဝန်ဆောင်မှုများ ပေးနိုင်စေရန်ရည်ရွယ်၍ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရန်အတွက် မိုဘိုင်းရေဒီယိုစခန်း(BTS)များ လုပ်ငန်းလည်ပတ်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်လိုသည့် ပြည်တွင်းကုမ္ပဏီများအား ဈေးပြိုင်တင်ဒါတင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။ တင်ဒါပုံစံများအား ၂၀၁၃ ခုနှစ် ဧပြီလ ၈ ရက် ၉း၃၀ နာရီမှစတင်၍ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ မိုဘိုင်းဆက်သွယ်ရေးဌာန၊ နေပြည်တော်တွင် တစ်စုံလျှင် ကျပ် (၁၀၀၀၀ိ) နှုန်းဖြင့် ဝယ်ယူရရှိနိုင်ပါသည်။

၂။ တင်ဒါတင်သွင်းမှုအား ၂၀၁၃ ခုနှစ် ဧပြီလ ၂၂ ရက် ၁၂း၃၀ နာရီအချိန်မတိုင်မီ မိုဘိုင်းဆက်သွယ်ရေးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ရုံးအမှတ်(၂)၊ နေပြည်တော်တွင် တင်ဒါတင်သွင်းရပါမည်။

၃။ တင်ဒါတင်သွင်းရန်နှင့် အသေးစိတ်သိရှိလိုသည်များရှိပါက မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ မိုဘိုင်းဆက်သွယ်ရေးဌာန တယ်လီဖုန်းအမှတ် ၀၉-၈၆၃၀၀၁၀ နှင့် ၀၉-၈၅၀၀၀၀၁ သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

အယဉ်ကျေးဆုံး တိုင်းပြည်

ဒေါက်တာလမင်း

တလောက မဂ္ဂဇင်းတစ်စောင် အပိတ်ခံရပြီးသည့်နောက်ပိုင်း မဂ္ဂဇင်းဂျာနယ်များ၏ မျက်နှာဖုံးက မိန်းကလေးပုံတွေကို ခါတိုင်းထက်ပို၍ သတိထားကြည့်မိခဲ့ပါသည်။ အချို့ပုံများမှာ သူ့ထက်ငါ နှာတစ်ဖျားအသာမခံဘဲ အစွမ်းကုန် မလုံမခြုံပြိုင်နေလိုက်ကြသည်မှာ မြန်မာမိန်းကလေးတွေမှ ဟုတ်ပါရဲ့လားဟု နှစ်ခါပြန်ကြည့်မိရုံမက အချို့ပုံတွေဆိုလျှင် 'အဲဒါဘယ်သူလဲဟင်' ဟုပင် မေးရသည့်အဖြစ်။ ထိုပုံများကို ဖန်တီးသူတွေကတော့ ဒါကိုပင် အောင်မြင်သည်ဟု ဂုဏ်ယူနေကြလေမည်လား မပြောတတ်ပါ။

ထို့အတူ မြို့ကြီးအတော်များများရှိ စီးပွားရေးကြော်ငြာ Bill Board များတွင်လည်း မြန်မာမိန်းမပျိုလေးများ၏ ပေါင်ရင်းအထိ ဂိတ်ကုန်ဖော်ထားသောပုံများ၊ ရင်ညွန့်တစ်ပြင်လုံး ဟာလာဟင်းလင်း ဖွင့်ထားသောပုံများကို လမ်းဆုံလမ်းခွ လူမြင်ကွင်းများမှာ ဝင့်ဝင့်ကြွားကြွားစိုက်ထူထားသည်ကို တွေ့နေရသောအခါ စာစောင်မဂ္ဂဇင်းများပေါ်မှာ ပုံသေးသေးလေးတွေ ဖော်ပြထားတာက ဘာဟုတ်သေးလဲဟုပင် ကောက်ချက်ချရတော့မည် ထင်ပါသည်။

ထိုမျှမက သရုပ်ဆောင်အမျိုးသားနှင့် အမျိုးသမီး ယှဉ်တွဲသည့်ပုံအချို့၏ မယဉ်ကျေး၊ မဖွယ်ရာသည့် အပြရိုင်းရိုင်းများကို ကြည့်မိသောအခါတွင်လည်း ဘေးလူအထင်အမြင်လွဲမည်စိုး၍ ဖျတ်ခနဲမျက်နှာလွှဲမိသည်အထိ အနေခက်ခဲ့ရပါသည်။

ယခု အရပ်ထဲမှာ၊ လမ်းပေါ်မှာ၊ ဈေးထဲမှာ၊ စူပါမားကက်တွေမှာ၊ လေဆိပ်၊ ကားဂိတ်၊ ဘူတာနှင့် သင်္ဘောဆိပ်တွေမှာ အဲသည်လိုဝတ်စားဆင်ယင်လျက် သွားလာနေသည့် မြန်မာမိန်းကလေးများကို အတွေ့များလာပါပြီ။ သူတို့ကို ကြည့်ရတာ ထိုသို့ဝတ်စားပြီး လူမြင်ကွင်းထွက်လာခဲ့သည့်အပေါ် ရှိုးတိုးရှန့်တန့်ဖြစ်ဖို့ဝေးစွ၊ ဂုဏ်ယူကျေနပ်နေပုံက အထင်းသား။ ပို၍စိတ်မကောင်းစရာကောင်းတာက အဲဒါကိုငေးကြည့်နေသော လူငယ်တွေအထူးသဖြင့် မိန်းကလေးငယ်တွေထဲမှာ အားကျအတုယူလိုသော မျက်ဝန်းအချို့ကို တွေ့လိုက်ရခြင်းပင် ဖြစ်ပါသည်။

လူငယ်ဆိုသည်မှာ မိမိတို့စိတ်ထဲတွင် ကောင်းသည်၊ ခေတ်မီသည်၊ လှသည်၊ ကြည့်ကောင်းသည်ဟု တွေးထင်လိုက်သည်နှင့် အတုမြင်အတတ်သင်တတ်သော သဘော၊ အတုခိုး၍ လိုက်လုပ်တတ်သောသဘောရှိကြပါသည်။ အထူးသဖြင့် Celebrities များဖြစ်သည့် သရုပ်ဆောင်များကို ပို၍ အားကျအတုယူတတ်ပါသည်။ သရုပ်ဆောင်များက လှပ၍ကြည့်ကောင်းကြသည်ကိုး။ သရုပ်ဆောင်များ၏အခန်းကဏ္ဍသည် ဘယ်လောက် အရေးကြီးသည်၊ လူငယ်ထုအပေါ် ဘယ်လောက်လွှမ်းမိုးနိုင်သည်ဆိုတာကို ပြောပြရန်ပင် မလိုတော့ပါ။ ထို့အတူပင် သရုပ်ဆောင်များ၏ ဝတ်စားဆင်ယင်မှုတွေကို အများပြည်သူတို့ မြင်တွေ့သိရှိနိုင်အောင် ပေါင်းကူးဆက်သွယ်ပေးသော မီဒီယာများ၏ အခန်းကဏ္ဍသည်လည်း လွန်စွာအရေးပါလှပါသည်။ မီဒီယာများကြောင့် အသိအလိမ္မာနှင့် ဗဟုသုတတိုးနိုင်သလို မီဒီယာများကြောင့်ပဲ အမြင်မှားအတွေးမှားပြီး လမ်းမှားကို မြန်မြန်ရောက်နိုင်ပြန်ပါသည်။ နိုင်ငံ၏ စတုတ္ထမဏ္ဍိုင်သည် မတ်မတ်ခိုင်ဖို့ အလွန်လိုအပ်ပါသည်။

အနောက်တိုင်းသူများ၏ ဝတ်စားဆင်ယင်ပုံကို ကျွန်မတို့ မြင်ဖူးတွေ့ဖူးနေသည်မှာ ကြာပါပြီ။ တိုပြတ်ဟိုက်ကျယ် ပါးလှပ်ရေကူးဝတ်စုံ ဘီကီနီနှစ်စအုပ် စသည်ဖြင့် ဝတ်ဆင်ပြသော နိုင်ငံခြားသူများ၏ မလုံ့တလုံရုပ်ပုံများကိုလည်း ဗီဒီယိုရုပ်ရှင်ကားများ ၊ မဂ္ဂဇင်းစာစောင်များတွင် မြင်ဖူးနေခဲ့ကြပါသည်။ သို့သော် မြန်မာမလေးများလိုက်မတုဖြစ်ကြသေး၊ ကိုရီးယားဇာတ်လမ်းတွဲများ စဝင်ဝင်လာချင်းလည်း လိုက်မတုကြသေး၊ မြန်မာအမျိုးသမီးသရုပ်ဆောင်များ၊ မော်ဒယ်လ်များ ဝတ်ပြသည်ကို မီဒီယာများတွင် မြင်တွေ့လာမှသာ လိုက်ဝတ်ကြခြင်းဖြစ်ပါသည်။ ရုပ်သံလိုင်းတစ်ခုမှ လွှင့်နေသည့် တေးဂီတပြိုင်ပွဲတစ်ခုတွင်လည်း ပေါင်ရင်းအထိရောက်သော စကတ်တိုတိုများကို ဝတ်ဆင်ထားသည့် အဆိုပညာရှင်အမျိုးသမီးများကို တွေ့မြင်နေရသည်။ သူ့ရုပ်ပုံနှင့်အတူ သူတာဝန်ယူရသည့် ဒိုင် (Judge) ဟူသော စာတန်းထိုးသည့်အခါ ပရိသတ်၏ဝေဖန်သံတွေ ထွက်လာသည်။ Style ရှိမှ Star ဖြစ်သည်ဆိုတာ လက်ခံပါသည်။ သို့ပေမယ့် ပြိုင်ပွဲဝင်သူများနှင့် ပရိသတ်တို့၏ လေးစားမှုကို ခံယူနိုင်ဖို့ရော အရေးမကြီးပေဘူးလားဟု စဉ်းစားမိသည်။

အင်တာနက်ပေါ်တွင် တင်ထားသော မြန်မာသရုပ်ဆောင်များ၊ မော်ဒယ်လ်များ၏ မလုံ့တလုံ မဖွယ်မရာပုံများမှာလည်း လူငယ်ထုအတွင်း အဆိပ်ရည်ပျံ့သလို ပျံ့နှံ့နေပြီဖြစ်ရာ သူတို့၏ မိဘဘိုးဘွားဆရာသမားများ၏ အဆုံးအမကိုမှ မခံယူကြတော့ဘူးလားဟု စိတ်မကောင်းဖြစ်မိပါသည်။ နိုင်ငံတကာအဆင့်မီ ဝတ်စားပြင်ဆင်ကြသည်ကို လက်ခံရမည်ဖြစ်သော်လည်း မြန်မာယဉ်ကျေးမှုနှင့် ဖီလာဆန့်ကျင်သော ဝတ်စားမှုဟန်ပန်များကိုတော့ ဆင်ခြင်ထိန်းသိမ်းကြရန် အားလုံးမှာ တာဝန်ရှိပါသည်။ အချို့အမျိုးသမီးများ တိုပြတ်ဟိုက်ကျယ် မလုံ့တလုံဝတ်ပေမယ့် ငါက မှန်လုံကားအကောင်းစားနှင့်သွားတာ၊ တိုက်နှင့်တာနှင့် လုံလုံခြုံခြုံနေတာ၊ ငါ့ကို ဘယ်သူမှ လာပြီး မစော်ကားနိုင်ပါဘူး၊ ဘယ်သူမှ လာပြီးလက်မသရမ်းနိုင်ပါဘူးဟု တွေးချင်တွေးနိုင်ပါသည်။ မှန်ပါသည်။

သို့သော် ဒါကိုမြင်တွေ့သွားပြီး ကာမရာဂစိတ် ထကြွလာသည့် အမျိုးသားတွေက သူမကဲ့သို့ လုံခြုံစွာ မသွားနိုင်၊ မလာနိုင်၊ မနေနိုင်ရှာသော အကာအကွယ်အားနည်းသည့် အမျိုးကောင်းသမီး မိန်းကလေးများကို စော်ကားတာမျိုး၊ လက်သရမ်းတာမျိုး၊ အဓမ္မပြုကျင့်တာမျိုး ဖြစ်လာနိုင်ပါသည်။ ဒါဆိုလျှင်လည်း ရာဇဝတ်မှုကို ဖိတ်ခေါ်ရာရောက်သည်ပင် မဟုတ်ပါလား။

ယခုကာလတွင် သင်္ကြန်တေးသံများနှင့်အတူ သင်္ကြန်ပွဲတော် နွှဲပျော်ကြမည့်သူများမှာလည်းအသီးသီး ပြင်ဆင်နေကြပါပြီ။ သည်အထဲမှာ သင်္ကြန်ပျော်ဖို့ တိုက်တွန်းနှိုးဆော်သည့် ရုပ်သံလိုင်းတစ်ခု၏ ကြော်ငြာလေးတစ်ခုကို တွေ့ရသည်။ သင်္ကြန်မှာသူငယ်ချင်းများနှင့် လျှောက်လည်ဖို့ မိခင်ဖြစ်သူ ဘုရားရှိခိုးနေတုန်း အိမ်မှ ခိုးထွက်သည့် မိန်းမပျိုလေးတစ်ဦး၊ ဝတ်ထားတာက ပေါင်ရင်းထိ တိုကပ်နေသည့် ဘောင်းဘီတို၊ အိမ်အပေါ်ထပ် ဝရန်တာမှ ခွကျော်တက်၍ အိမ်အောက်ကိုခုန်ချ၊ သူငယ်ချင်းတွေလာခေါ်သော ဂျစ်ကားပေါ် တက်သွားတာများ လွှားခနဲ၊ လုပ်ရပ်ကလည်း မကောင်း၊ ပြကွက်ကလည်း မယဉ်၊ ဘာကို နည်းပေးလမ်းပြလုပ်ချင်တာပါလဲ၊ ကျွန်မတွေးမရ၊ သဘောမပေါက်နိုင်၊ သည့်ထက်လှပ၍ အနုပညာဆန်သော၊ ပရိသတ်ကို ဆွဲဆောင်နိုင်သောပြကွက်ဖြင့် မြန်မာ့ရိုးရာသင်္ကြန်ကို ကြိုဖို့ ကောင်းပါသည်။

လွန်ခဲ့သည့်နှစ်များအထိ အချို့သင်္ကြန်မဏ္ဍပ်များတွင် နွေနေပူပူမှာ မအေးချမ်းသော အပြများဖြင့် မူးယစ်ရမ်းကား ကခုန်ပျော်မြူးနေကြသည်ကို စိတ်မသက်သာဖွယ်ရာတွေ့ခဲ့ကြရပြီးပြီ၊ အဲသည်အထဲမှာ လျှပ်ပေါ်လော်လည်စွာဝတ်ဆင်ပြီး စင်အောက်ကပရိသတ် အထူးသဖြင့် အမျိုးသားပရိသတ်၏စိတ်ကို မရိုးမရွနှိုးဆွစေနိုင်စွမ်းသော ကနည်းများဖြင့် ကပြဖျော်ဖြေနေသည့် မဖွယ်မရာမြင်ကွင်းကို တွေ့လိုက်ရ၍ မေးမြန်းစုံစမ်းကြည့်မိသည်။ ပွဲစီစဉ်သူများက မဏ္ဍပ်တွင် လူပိုစည်အောင် စားသောက်ဆိုင်များမှ စင်တင်တေးဂီတ ဖျော်ဖြေသီဆိုသူမိန်းကလေးများကို ငှားရမ်း၍ ဆိုကစေသည်ဟု သိရသည်။ ကြည့်ရတာ ကြည်နူးပျော်ရွှင်စရာ မကောင်း၊ ရွံစရာကောင်းသည်။ စိတ်မသက်မသာဖြစ်မိသည်။ နိုက်ကလပ်မှာဆိုကိုစွမရှိ၊ ဒါမြန်မာလူမျိုးတို့၏ ရိုးရာသင်္ကြန်။ ခေတ်မီသော၊ ခေတ်ဆန်သော သဘောလောက်ဆို လက်ခံနိုင်ပါသေးသည်။ အခုလုပ်ရပ်ကို နိုင်ငံခြားသားများ မြင်တွေ့သွားပါက အထင်အမြင်သေးသွားမည့် သိမ်ဖျင်းသောလုပ်ရပ်ပင်။ သင်္ကြန်ပဲလေ ပျော်ကြပါစေဟု သဘောထားသည်ကို အခွင့်ကောင်းယူ၍ သင်္ကြန်ကို မထီမဲ့မြင်စော်ကားနေခြင်းပင်ဖြစ်ပါသည်။ အလားတူပင် အချို့အမြင်မတော်သော အဝတ်အစားများကို အထိန်းအကွပ်မရှိ ဝတ်ဆင်ကာ ဖျော်ဖြေရေးစင်မြင့်ပေါ် တက်လာကြသည်ကလည်း လူငယ်များကို လမ်းမှားရောက်အောင် တွန်းပို့နေသည်သို့ ခံယူမိပါသည်။

သည်အပြုအမူမျိုးကိုလည်း ဒီမိုကရေစီ မျက်စိနှင့်တော့ သဘောမတူနိုင်ပါ။ ကိုယ်ကြိုက်တာ ကိုယ်ဝတ်ခွင့် မရှိဘူးလားဟု မေးစရာဖြစ်သည်။ သူ့နေရာနှင့်သူ လိုက်ဖက်သင့်တော်သော အဝတ်အစားမျိုး ဝတ်ဆင်တာကို ခွင့်ပြုရမည်သာဖြစ်ပါသည်။ နေရာတကာ ရင်ဖုံးလက်ရှည်နှင့် ချိတ်ထဘီဝတ်ပြီး လှုပ်လီလှုပ်လဲ့သွားလာရမည်ဟု မဆိုလိုပါ။ ကျွန်မလည်း မြန်မာအမျိုးသမီးဝတ်စုံကို မြတ်မြတ်နိုးနိုး အစဉ်အမြဲ ဝတ်ဆင်တတ်သူပါ။ သို့သော်လည်း ခရီးဝေးသွားသည့်အခါ၊ ပြည်ပခရီးသွားသည့်အခါတွင် သင့်တော်သော ဘောင်းဘီရှည်၊ စကတ်စသည်များ ဝတ်ဆင်သည့်အခါများ အရှိသားပင်။ သူ့နေရာ၊ သူ့ဌာန၊ သူ့အချိန်အခါနှင့် လိုက်လျောညီထွေရှိဖို့ လိုအပ်သလို မလုံ့တလုံ မယဉ်မကျေးနှင့် ဒီမိုကရေစီကို ခွဲခြားတတ်ဖို့လည်း လိုပါသည်။

သည်နှစ်သင်္ကြန်မှာ ယဉ်ကျေးမှုနှင့် ဖီလာဆန့်ကျင်သော ဝတ်စားဆင်ယင်မှု မပြုကြရန် တားမြစ်ထားသည်ဟု ကြားသိရ၍ ဝမ်းမြောက်ဝမ်းသာ ကြိုဆိုမိပါ၏။ သို့သော်လည်း တားမြစ်ချက်ကို မလိုက်နာဘဲ ဝတ်မြဲတိုင်း ဝတ်ဆင်၍ ထွက်လာသည်ကို မီဒီယာများက အသားပေးဖော်ပြကြဦးမည်ဆိုပါက ယခင်နှစ်များနှင့် ဘာမျှထူးမည်မဟုတ်ပါ။ ထို့ကြောင့် လိုက်နာမှုမရှိပါက မည်သို့အရေးယူမည်လဲဆိုသည်ကိုပါ တစ်ဆက်တည်း သိလိုပါသည်။ တစ်နည်း အများပြည်သူကို အသိပေးစေလိုပါသည်။ "ဥပဒေဆိုသည်မှာ မပြုလုပ်ရဟု တားမြစ်ရုံသာမက ကျူးလွန်ပါက ထိရောက်စွာ အရေးယူမှုရှိမှသာ ပီပြင်မည်"ဟု ယုံကြည်သိရှိထားပါသည်။ 'ဥပဒေအထက်တွင် မည်သူမျှ မရှိ' ဆိုသည်ကိုလည်း တိတိကျကျအကောင်အထည်ဖော်ကြရန် လိုအပ်ပါသည်။

မည်သို့ပင်ဖြစ်စေ ယဉ်ကျေးမှုအမွေကို ထိန်းသိမ်းသော မြန်မာ့ရိုးရာသင်္ကြန်၊ ပြည်ပနိုင်ငံများမှ တလေးတစား လေ့လာချင်လာအောင် ကြည်နူးပျော်မြူးလာအောင်ဆွဲဆောင်နိုင်သော မြန်မာ့ရိုးရာသင်္ကြန် ဖြစ်ပါစေဟု ဆုတောင်းရင်း မြန်မာအမျိုးသမီးလေးများ ကိုယ့်ယဉ်ကျေးမှုကို ကိုယ်မှမထိန်းလျှင် အခြားမည်သူမျှလာထိန်းမှာ မဟုတ်ဆိုသော အသိစိတ်ခိုင်ကျည်စွာဖြင့် ကမ္ဘာ့အလယ်မှာ ဂုဏ်ယူဝင့်ကြွားနိုင်ကြပါစေဟု အလေးအနက် ဆန္ဒပြုလိုက်ရပါသည်။ ။

> **မိခင်ဖြစ်သူ ဘုရားရှိခိုးနေတုန်း အိမ်မှခိုးထွက်သည့် မိန်းမပျိုလေးတစ်ဦး၊ ဝတ်ထားတာက ပေါင်ရင်းထိ တိုကပ်နေသည့် ဘောင်းဘီတို၊ အိမ်အပေါ်ထပ် ဝရန်တာမှ ခွကျော်တက်၍ အိမ်အောက်ကိုခုန်ချ၊ လုပ်ရပ်ကလည်း မကောင်း၊ ပြကွက်ကလည်း မယဉ်၊ ဘာကိုနည်းပေးလမ်းပြ လုပ်ချင်တာပါလဲ - - - -။**

တောင်သူများအား လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် ထုတ်ပေး

တိုက်ကြီး မေ ၃

ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် ဥပ္ပံ့စုရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ မတ် ၃၁ ရက်တွင် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပေးအပ်ပွဲအခမ်းအနားကျင်းပရာ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ၊ ဥပ္ပံ့စုရပ်ကွက်၊ အဖျောက်(၁)ရပ်ကွက်၊ ရေတွင်းကုန်း ကျေးရွာအုပ်စုတို့မှ တောင်သူလယ်သမားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အတွင်းရေးမှူး ဦးသန်းဝင်းက လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ထုတ်ပေးခြင်း၏ ရည်ရွယ်ချက်နှင့်အခွင့်အရေးများကို အကျယ်တဝင့်ရှင်းလင်းပြောကြားပြီး လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်များကို တောင်သူတစ်ဦးချင်းထံပေးအပ်သည်။

တိုက်ကြီးမြို့နယ်တွင် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ထုတ်ပေးရန် ရပ်ကွက်/ကျေးရွာအုပ်စု(၁၈/၇၄) စု၊ တောင်သူပေါင်း ၂၉၁၈၂ ဦး၊ ဦးပိုင်/လုပ်ကွက်ပေါင်း ၃၉၉၁၁ ခု ပေးအပ်ရန်ရှိရာ ယနေ့တွင် ရပ်ကွက်/ ကျေးရွာအုပ်စုသုံးခု၊ တောင်သူပေါင်း ၁၅၂ ဦး၊ ဦးပိုင်/လုပ်ကွက်ပေါင်း ၂၁၃ ခုအတွက် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

(ကြေးတိုင်နှင့် မြေစာရင်း)



ရွေးကောက်ပွဲဆိုင်ရာ အတွေ့အကြုံများနှင့် နည်းပညာဗဟုသုတများ အမြင်ချင်းဖလှယ်

နေပြည်တော် ဧပြီ ၃

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးအား အမေရိကန်သမ္မတဟောင်း Mr. Jimmy Carter နှင့်ဇနီး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ကော်မရှင်ဥက္ကဋ္ဌ၏ ဧည့်တွေ့ခန်းမဆောင်၌ လာရောက်တွေ့ဆုံသည်။(အပေါ်ပုံ)

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အဖွဲ့ဝင်များ၊ ကော်မရှင် အတွင်းရေးမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များ ပိုမိုဖွံ့ဖြိုးတိုးတက်အောင်မြင်လာစေရန် ဆောင်ရွက်နိုင်ရေး၊ ၂၀၁၅ ခုနှစ်တွင် ကျင်းပမည့် ရွေးကောက်ပွဲတွင် လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲကြီးအဖြစ် အောင်မြင်စွာ ကျင်းပနိုင်စေရန်အတွက် ရွေးကောက်ပွဲဆိုင်ရာ အတွေ့အကြုံများနှင့် နည်းပညာဗဟုသုတများ အမြင်ချင်းဖလှယ် လေ့လာဆွေးနွေး ဆောင်ရွက်သွားနိုင်စေရေး ကိစ္စရပ်များအပေါ် ကျယ်ကျယ်ပြန့်ပြန့် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

မြန်မာ-အင်ဒိုနီးရှား စီးပွားရေးဖိုရမ်နှင့် စီးပွားရေးဆိုင်ရာဆွေးနွေး

ရန်ကုန် ဧပြီ ၃

မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှား သံရုံးနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်တို့ ပူးပေါင်း၍ မြန်မာ-အင်ဒိုနီးရှား စီးပွားရေးဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲ (Indonesia-Myanmar Business Forum and One on One Business)ကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI မင်္ဂလာခန်းမ၌ ကျင်းပရာ ကုန်သည်/စက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင်က အဖွင့်အမှာစကားပြောကြားပြီး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်းနှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Hatta Rajasa တို့က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားကြသည်။

ယင်းနောက် အလုပ်အမှုဆောင် ဦးသောင်းစုငြိမ်းက စီးပွားရေးအခွင့်အလမ်း (Business Opportunities in Myanmar) ခေါင်းစဉ်ဖြင့် ရှင်းလင်းတင်ပြပြီး အင်ဒိုနီးရှား စီးပွားရေးလုပ်ငန်း လေးခုက ၎င်းတို့၏ စီးပွားရေးလုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် Eleven Indonesia State-Owned Co.,Ltd. နှင့် အင်ဒိုနီးရှားနိုင်ငံမှ ကုမ္ပဏီများနှင့် မြန်မာစီးပွားရေးလုပ်ငန်းရှင်များသည် ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ စက်ဆီ၊ ချောဆီလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ ဘဏ်လုပ်ငန်း၊ ဆက်သွယ်ရေးနှင့် နည်းပညာလုပ်ငန်း၊ သတ္တုတူးဖော်ရေးနှင့် ဘိလပ်မြေလုပ်ငန်း၊ စိုက်ပျိုးရေးထွက်ကုန်ပစ္စည်း၊ ဓာတ်မြေဩဇာ၊ လေကြောင်းလိုင်းနှင့် လေယာဉ်ဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းတို့ကို အကျိုးတူ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် စီးပွားရေးလုပ်ငန်းများအလိုက် တွေ့ဆုံဆွေးနွေးကြသည်။

မြန်မာနိုင်ငံ၌ ပြည်ပရင်းနှီးမြှုပ်နှံမှု ၃၂ နိုင်ငံတွင် အင်ဒိုနီးရှားနိုင်ငံသည် အဆင့်(၁၄) ၂၄၁ ဒသမ ၅ မီလီယံရှိသည်။ အင်ဒိုနီးရှားနှင့် မြန်မာနိုင်ငံ၏ကုန်သွယ်မှုပမာဏမှာ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် အမေရိကန်ဒေါ်လာ ၁၇၇ ဒသမ ၅ မီလီယံမှ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် အမေရိကန်ဒေါ်လာ ၄၇၂ ဒသမ ၇၆ မီလီယံသို့ တိုးတက်လာကြောင်း သိရသည်။ **(သတင်းစဉ်)**

ပဲခူးမြို့အတွင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ အရှိန်အဟုန်မြှင့်၍ ဆောင်ရွက်နေသော်လည်း မြို့လယ် ရန်ကုန်-မန္တလေးလမ်းမကြီး စတိုးဆိုင်ရှေ့တွင် ယခုကဲ့သို့ လမ်းကျကျရပ်နားထားသော ယာဉ်များကို တွေ့ရစဉ်။

စန်းဝေ (ဟံသာမြေ)

စိစစ်ရေးကတ်နှင့်အိမ်ထောင်စုစာရင်းထုတ်ပေး

ကမာရွတ် ဧပြီ ၃

မိုးပွင့်စီမံချက် အဆင့် - ၅ အရ ကမာရွတ်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေစာရင်း ထုတ်ပေးခြင်းကို ဧပြီ ၂ ရက်က အမှတ် (၁) ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ရပ်ကွက်နေပြည်သူများအား ပြုလုပ်ပေးခဲ့ကြသည်။

စီမံချက်ကာလမှာ မွေးရာပါ နိုင်ငံသား (တိုင်းရင်းသားများ) အား ဧပြီ ၁ ရက်မှ မေ ၃၁ ရက်အထိဖြစ်ပြီး တိုင်းရင်းသားမဟုတ်သူ သွေးနှောပြည်သူများအတွက် ရုံးလက်ခံမှတ်တမ်းများနှင့် တိုက်ဆိုင်စိစစ်ရမည်ဖြစ်သဖြင့် မြို့နယ်ရုံးတွင်သာ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အသက် (၁၀) နှစ်ပြည့်နှင့် (၁၈) နှစ်ပြည့်ပြီးသူများအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားပြုလုပ်ပေးရာတွင် ဓာတ်ပုံငါးပုံ၊ သွေးစစ်လက်မှတ်၊ မိဘမှတ်ပုံတင်၊ မွေးစာရင်း၊ သန်းခေါင်စာရင်းများကို မူရင်းနှင့် မိတ္တူများတင်ပြရမည်ဖြစ်ပြီး လူကိုယ်တိုင်လာရောက်လျှောက်ထားရမည်ဖြစ်ကြောင်း သိရသည်။

ထင်ပေါ်ဝင်း (ကမာရွတ်)

တိုတိုထွာထွာ ပတ်ဝန်းကျင်

ဘာသာရပ်ဆိုင်ရာ ဟောပြော

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်က လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပုဂ္ဂလိကကဏ္ဍမှအသိပညာနှင့် သတင်းအချက်အလက်များ ရရှိစေရေးအတွက် ဘာသာရပ်ဆိုင်ရာဟောပြောပွဲကို ဧပြီ ၆ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI ပထမထပ်တွင် ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဘက်စုံသားဖွား ဦးဆောင်းအပ်နှင်း

မြိတ်မြို့သားဖွားသင်တန်းကျောင်း အပတ်စဉ်(၁) ဘက်စုံသားဖွား ဒီပလိုမာသင်တန်း ဦးဆောင်းအပ်နှင်းပွဲကို မတ် ၃၁ ရက် နံနက်က သားဖွားသင်တန်းကျောင်းခန်းမ၌ ကျင်းပခဲ့ပြီး သင်တန်းဆင်း ကျောင်းသူ ၃၇ ဦးအား တာဝန်ရှိသူများက ဦးဆောင်းအပ်နှင်းခဲ့ကြသည်။ **(မြိတ်ပြန်/ဆက်)**

ဗီဇာကတ်စာနယ်ဇင်းရှင်းလင်း

ရန်ကုန်မြို့ရှိ ဟိုတယ်များ၊ ခရီးသွားလုပ်ငန်းများ၊ ကျောက်မျက်ရတနာဆိုင်များ၊ လေကြောင်းလိုင်းများ၊ လက်မှုအနုပညာပစ္စည်းအရောင်းဆိုင်များနှင့် စားသောက်ဆိုင်များတွင် CB Bank POS စက်ဖြင့် ဗီဇာကတ်ကို ဧပြီ ၁ ရက်မှ စတင်ငွေပေးချေနိုင်ပြီဖြစ်ကြောင်း သတင်းစာရှင်းလင်းပွဲပြုလုပ်သည်။ **(သတင်းစဉ်)**

လိပ်သိုတွင် ဖုန်းလိုင်းဆောင်ရွက်မည်

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ်ခွဲ လိပ်သိုမြို့တွင် ဒေသခံပြည်သူများ ဆက်သွယ်ရေးအဆင်မပြေသောကြောင့် လိပ်သိုနှင့် ၁၈ မိုင်ကွာဝေးသော သံတောင်ကြီးမြို့နှင့်ချိတ်ဆက်၍ ဖုန်းလိုင်းတာဝါတိုင်များ မကြာမီစိုက်ထူတော့မည်ဖြစ်ရာ ဒေသခံပြည်သူများအတွက် ဆက်သွယ်ရေးကောင်းမွန်တော့မည်ဖြစ်ကြောင်း သိရသည်။ **(ကိုလွင်-ဆွာ)**

မူဆယ်တွင် သန်းခေါင်စာရင်းကောက်

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့နယ် နန့်ပန်းကျေးရွာအုပ်စုတွင် မတ် ၃၀ ရက်က သန်းခေါင်စာရင်းစတင်ကောက်ယူခဲ့ရာ ဧပြီ ၁၀ ရက်အထိ မူဆယ်မြို့နယ်အတွင်း ကျေးရွာအုပ်စုများအားလုံး အပြီးကောက်ယူမည်ဖြစ်ကြောင်း သိရသည်။ **(အယ်လ်စိုး)**

ကြူကုတ်မြို့နယ်ခွဲ စီးပွားရေးဘဏ်ဖွင့်

ပန်ဆိုင်း(ကြူကုတ်) မြန်မာ့စီးပွားရေးဘဏ်ခွဲကို ဧပြီ ၁ ရက်က ဖွင့်လှစ်လိုက်သည်။ ဘဏ်ခွဲဖွင့်လှစ်ခြင်းကြောင့် ပန်ဆိုင်းမြို့နေပြည်သူများ၊ အနီးဝန်းကျင်ဒေသမှပြည်သူများ မြန်မာပြည်အရပ်ရပ်သို့ ငွေလွှဲပို့၊ ထုတ်ယူနိုင်ရေးအဆင်ပြေချောမွေ့ပြီး ဌာနဆိုင်ရာလစာနှင့် အခြားရန်ပုံငွေ၊ ဒေသခံပင်စင်၊ မုံးကိုးမြို့နယ်ခွဲမှ ပင်စင်စားများ မူဆယ်ဘဏ်ခွဲသို့ လာရောက်ထုတ်ယူစရာမလိုဘဲ နီးရာကြူကုတ်ဘဏ်တွင်သာ ထုတ်ယူနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။ **(အယ်လ်စိုး)**

ဝင်ငွေခွန် လွှဲပြောင်းပေးအပ်ပွဲကျင်းပ

၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ပြည်တွင်းအခွန်များ ဦးစီးဌာနမှ မြို့နယ်စည်ပင်သာယာရေးအဖွဲ့သို့ တတိယသုံးလပတ်အထိ ဝင်ငွေခွန် ၅ ရာခိုင်နှုန်း လွှဲပြောင်းပေးအပ်ပွဲကို မတ် ၃၁ ရက် နံနက် ၁၀ နာရီက မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးထွန်းဦးကျော်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ခေတ္တအမှုဆောင်အရာရှိ ဦးမြင့်သန်းထံ ဝင်ငွေခွန်ကျပ် ၉၇၀၅၇၉ ဒသမ ၃၅ အား လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။ **(နေဝင်း)**

ဆရာဝန်များ၏ အရည်အသွေးဦးစားပေး

ပုသိမ်မြို့ အထွေထွေရောဂါကုဆေးရုံကြီးခန်းမ၌ မတ် ၃၀ ရက်က မြန်မာနိုင်ငံဆရာဝန်အသင်း (ဗဟို)က ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ရန်၊ အရေးပေါ်ဆေးကုသခြင်းနှင့် လူနာသယ်ပို့ပေးခြင်း၊ ဆရာဝန်များ၏ အရည်အသွေးတိုးတက်ရေးအတွက် ဗဟို၏ကြီးကြပ်မှုဖြင့် ဧရာဝတီတိုင်းဒေသကြီးတွင် ဦးစားပေးဆောင်ရွက်လိုကြောင်း ရှင်းလင်းပြောကြားသည်။ **(ဆရာဝန်အသင်း)**

မိတ္ထီလာမြို့နှင့် ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်းတို့၌ မကြာမီကဖြစ်ပွားခဲ့သော ပဋိပက္ခဖြစ်စဉ်များနှင့်ပတ်သက်၍ သံတမန်များနှင့် တွေ့ဆုံရှင်းလင်းပွဲကျင်းပ

နေပြည်တော် မေ ၃

မြန်မာနိုင်ငံအခြေစိုက် သံရုံးအကြီးအကဲများနှင့် သံတမန်များအား မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နှင့် ပဲခူးတိုင်းဒေသကြီး အနောက်ပိုင်းတို့၌ မကြာမီက ဖြစ်ပွားခဲ့သော ပဋိပက္ခဖြစ်စဉ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က ယင်းပဋိပက္ခများတွင် နိုင်ငံတော်အစိုးရနှင့် တာဝန်ရှိအဖွဲ့အစည်းများမှ ကူညီစောင့်ရှောက်ပေးနေမှု အခြေအနေမှန်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သံရုံးအကြီးအကဲများနှင့် တက်ရောက်လာကြသော ပုဂ္ဂိုလ်များက သိလိုသည်များကို မေးမြန်းကြရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဖြေကြားသည်။ ရှင်းလင်းပွဲအပြီးတွင် တက်ရောက်လာကြသော ပုဂ္ဂိုလ်များသည် ပဋိပက္ခဖြစ်ပွားရာဒေသများမှ မှတ်တမ်းဓာတ်ပုံများကို လေ့လာကြည့်ရှုကြသည်။

အဆိုပါ ရှင်းလင်းပွဲသို့ မြန်မာနိုင်ငံအခြေစိုက် သံရုံးအကြီးအကဲများ၊ သံတမန်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ မန္တလေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့တို့မှ ဝန်ကြီးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အရာရှိကြီးများ တက်ရောက်ကြသည်။

(သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

ပဋိပက္ခဖြစ်စဉ်များနှင့် ပတ်သက်၍ ကုလသမဂ္ဂညှိနှိုင်းရေးမှူးမှ သိရှိလိုသည်များကို မေးမြန်းစဉ်။ (သတင်းစဉ်)

သံအမတ်ကြီး ဦးအောင်ခင်စိုးအား အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်

နေပြည်တော် မေ ၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ဖိလစ်ပိုင်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးအောင်ခင်စိုးအား အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်လိုက်ပြီးဖြစ်သည်။ **(သတင်းစဉ်)**

မိတ္ထီလာကယ်ဆယ်ရေးစခန်းတွင် ထောက်ပံ့ရေးပစ္စည်းများပေးဝေ

မိတ္ထီလာ မေ ၃

မိတ္ထီလာမြို့ ယာယီဒုက္ခသည်ကယ်ဆယ်ရေးစခန်းများရှိ ဒုက္ခသည်များအတွက် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ၏ထောက်ပံ့မှုဖြင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ မိသားစုတစ်ကိုယ်ရေ သန့်ရှင်းရေးသုံးပစ္စည်းမျိုးစုံနှင့် အမျိုးသမီးတစ်ကိုယ်ရေသန့်ရှင်းရေးသုံးပစ္စည်းများ၊ ခြင်ထောင်များ၊ စောင်များကို ဒုက္ခသည်များထံသို့ သွားရောက်ဖြန့်ဝေပေးအပ်လျက်ရှိကြောင်း သိရသည်။ **(အောက်ပုံ)**

ထိုသို့ဖြန့်ဝေပေးအပ်လျက်ရှိရာတွင် မေ ၃ ရက် နံနက် ၁၀ နာရီတွင် အထက (၁) ယာယီ ဒုက္ခသည်ကယ်ဆယ်ရေးစခန်းတွင် နေထိုင်လျက်ရှိသည့် မိသားစု ၆၈၀ အတွက် မိသားစုတစ်ကိုယ်ရေသန့်ရှင်းရေးသုံးပစ္စည်းမျိုးစုံပါပုံး ၆၈၀ ၊ အမျိုးသမီးတစ်ကိုယ်ရေသန့်ရှင်းရေးသုံးပစ္စည်းမျိုးစုံအိတ် ၆၈၀ ကို မြန်မာနိုင်ငံကြက်ခြေနီအသင်း ဘေးဒုက္ခညှိနှိုင်းရေးမှူး ဦးအောင်သောင်းရွှေ၊ မိတ္ထီလာတာဝန်ခံ ဦးနေဦးနှင့် ကြက်ခြေနီအသင်းအဖွဲ့ဝင်များက ဒုက္ခသည်များထံအရောက် တစ်ဦးချင်းစီဖြန့်ဝေပေးကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

အာဆီယံအကောင်းဆုံးဘောလုံးအဖွဲ့ချုပ်ဆုကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဆွတ်ခူး

၂၀၁၂-၂၀၁၃ ခုနှစ် ဘောလုံးရာသီအာဆီယံဘောလုံးအဖွဲ့ချုပ် (AFF) ၏အကောင်းဆုံးအဖွဲ့ချုပ်ဆု (AFF Association of the Year)ကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် (MFF) မှရရှိသွားကြောင်း သတင်းထုတ်ပြန်ကြေညာအပ်ပါသည်။ မိနစ်ပိုင်းအတွင်းက ထုတ်ပြန်ကြေညာခဲ့သော အကောင်းဆုံးဆုများတွင် မြန်မာနိုင်ငံမှ အကောင်းဆုံးဘောလုံးအဖွဲ့ချုပ်ဆုနှင့်အတူ အကောင်းဆုံးအမျိုးသမီးအသင်းနည်းပြဆုအဖြစ် မြန်မာအမျိုးသမီးအသင်းနည်းပြ ကုမာဒါက ရရှိသွားခဲ့သည်။ အလားတူ ရန်ကုန်ယူနိုက်တက်ကွင်းလယ်လူ ကြည်လင်းမှာလည်း အာဆီယံအကောင်းဆုံး ၁၁ ဦးစာရင်းတွင် ညာအစွန်ကွင်းလယ်လူအဖြစ် ရွေးချယ်ခံရကြောင်းလည်း တွေ့ရှိရသည်။

အာဆီယံဘောလုံးအဖွဲ့ချုပ်မှ ပထမဆုံးအကြိမ်အဖြစ် ရွေးချယ်ချီးမြှင့်သည့် အကောင်းဆုံးဆုများပေးအပ်ပွဲတွင် မြန်မာအမျိုးသမီးအသင်းမှ ကွင်းလယ်လူ စန်းစန်းမော်နှင့် ဖူဆယ်လ်လက်ရွေးစင် ပြည့်ဖြိုးမောင်တို့မှာ ဆန်ကာတင်စာရင်းတွင် ပါဝင်ခဲ့သော်လည်း အကောင်းဆုံးဆုများကိုမူ လွဲချော်ခဲ့ရသည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ပြီးခဲ့သည့်တစ်နှစ်တာကာလအတွင်း နိုင်ငံတကာပြိုင်ပွဲများအား အောင်မြင်စွာ လက်ခံကျင်းပနိုင်ခဲ့ခြင်း၊ လူငယ်ဘောလုံးလောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားစိုက်ဆောင်ရွက်ခဲ့ခြင်း၊ မြန်မာနေရှင်နယ်လိဂ်အား ပရော်ဖက်ရှင်နယ်စနစ်ပီသစွာ အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းနှင့် တန်းဆင်းတန်းတက်စနစ် ကျင့်သုံးမည့် မြန်မာနေရှင်နယ်လိဂ်(၂)ပြိုင်ပွဲအား ကျင်းပပေးနိုင်ခဲ့ခြင်း၊ အမျိုးသား ယူ-၂၂ လက်ရွေးစင်အသင်းနှင့် အမျိုးသမီး ယူ-၁၉ အသင်းများအား အာရှခြေစစ်ပွဲအောင်မြင်စေရန် စွမ်းဆောင်ပေးနိုင်ခဲ့ခြင်း၊ အမျိုးသမီးလက်ရွေးစင်အသင်းအာဆီယံချန်ပီယံရှစ်တွင် ဒုတိယရရှိစေခြင်း၊ ဘောလုံးနှင့်ပတ်သက်သည့် ပညာရပ်ဆိုင်ရာ သင်တန်းများအား ဖွင့်လှစ်ပေးခြင်း၊ ပြည်ပသို့ စေလွှတ်သင်ယူစေခြင်း၊ ကစားကွင်းနှင့် အခြေခံအဆောက်အအုံများ အသစ်ဆောက်လုပ်ခြင်းနှင့် အဆင့်မြှင့်တင်ပေးနေခြင်း စသည်တို့အပြင် လူမှုရေးဆိုင်ရာ ပရဟိတလုပ်ငန်းများကိုလည်း အားတက်သရော ပါဝင်ဆောင်ရွက်ခဲ့ခြင်းတို့ကြောင့် အာဆီယံဘောလုံးအဖွဲ့ချုပ် အဖွဲ့ဝင်နိုင်ငံ ၁၁ နိုင်ငံတွင် အကောင်းဆုံး အဖွဲ့ချုပ်ဆုကို ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

အာဆီယံဘောလုံးအဖွဲ့ချုပ်ဆုပေးပွဲအခမ်းအနားသို့ MFF ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် အထွေထွေအတွင်းရေးမှူး ဦးတင်အောင်တို့ တက်ရောက်ပြီး ဆုများလက်ခံရယူမည်ဖြစ်သည်။ **ဇော်မင်းအောင်(၁၀၇)**

✻ နှစ်နိုင်ငံနယ်စပ်မှ

တာဝန်ရှိသူများက တစ်ဖက်သတ် ပိတ်ဆို့ထားမှု ဆက်လက်ဖြစ်ပေါ်နေပါက ကေဆောင်စက်မှုဇုန် အခက်အခဲတွေ့မည့်အရေးနှင့်ပတ်သက်၍ စိုးရိမ်လျက်ရှိကြသည်။

ကေဆောင်စက်မှုဇုန်မှာ နှစ်နိုင်ငံနယ်စပ် မြောက်ကိုရီးယားပိုင်နက်နယ်မြေအတွင်းတည်ရှိပြီး နိုင်ငံတကာပိတ်ဆို့အရေးယူမှုများဒဏ်ဆိုးဆိုးရွားရွားခံနေရသည့် မြောက်ကိုရီးယားနိုင်ငံအတွက် အဓိကဝင်ငွေရှာဖွေပေးသည့် အရင်းအမြစ်တစ်ခုဖြစ်သည်။ ယင်းစက်မှုဇုန်၌ တောင်ကိုရီးယား အထည်အလိပ်စက်ရုံ ၁၂၃ ခုနှင့် အခြားလုပ်သားအသုံးပြုစက်မှုလုပ်ငန်းများတည်ရှိပြီး မြောက်ကိုရီးယားအလုပ်သမား ၅၃၄၀၀ ကျော်အတွက် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၉၂ သန်းခန့် ဝင်ငွေရရှိစေသည်။ **စီအင်န်အင်န်။**

ဘက်စုံထူးချွန်လူငယ်များ ဟိုပုံးနှင့် တောင်ကြီးမြို့နယ်များအတွင်း လေ့လာ

ညောင်ရွှေ မေ ၃

ဘက်စုံထူးချွန်အပန်းဖြေစခန်း (အင်းလေး)မှ ကျောင်းသားကျောင်းသူများသည် မေ ၃ ရက်က ဟိုပုံးမြို့နယ်ရှိ ဟတ္ထိပါလမ္မစက္ကသာသနာ့ရောင်ခြည်လိုဏ်ဂူတော် (ထမ်စမ်းဂူ)သို့ သွားရောက်လေ့လာကြည့်ရှုသည်။ **(အောက်ယာပုံ)** ထို့နောက် တောင်ကြီးမြို့ရှိ စူဠာမုနိလောကချမ်းသာဘုရားနှင့် ရပ်တော်မူဘုရားတို့ကို သွားရောက်ဖူးမြော်ကြည်ညိုပြီး တောင်ကြီးမြို့မဈေးသို့ သွားရောက်ခဲ့ကြောင်း သိရသည်။

"လေ့လာရေးခရီးစဉ်တွေက ဗဟုသုတတွေအများကြီးရပါတယ်။ ဒီလိုစုပေါင်းသွားရောက်ရတဲ့အတွက် ပျော်စရာလည်း ကောင်းပါတယ်။ ဒီလေ့လာရေးခရီးစဉ်နဲ့ ပတ်သက်ပြီး အုပ်စုအဖွဲ့အလိုက် ခရီးသွားလေ့လာမှု စာတမ်းလည်း ရေးရပါမယ်"ဟု ထူးချွန်ကျောင်းသူတစ်ဦးကဆိုသည်။

"တောင်ကြီးမြို့မဈေးမှာ ဝယ်ယူချင်စရာတွေ အစုံအလင်ပါပဲ။ ရှမ်းပြည်က ဒေသထွက်ပစ္စည်းတွေ အများကြီးဝယ်သွားမှာပါ"ဟု သူမက ဆက်လက်ပြောကြားသည်။

အဆိုပါလေ့လာရေး လာရောက်သည့် ဘက်စုံထူးချွန်လူငယ်များကို အထက(၁)တောင်ကြီးတွင် နေ့လယ်စာဖြင့် ကျွေးမွေးဧည့်ခံခဲ့ကြောင်း သိရသည်။ **နေမျိုးသူရိန် (ညောင်ရွှေ)**

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အမျိုးသမီးရေးရာအဖွဲ့ ယဉ်ကျေးမှုရေးရာဟောပြော

နေပြည်တော် မေ ၃

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အမျိုးသမီးရေးရာအဖွဲ့ ယဉ်ကျေးမှုရေးရာ ဟောပြောပွဲအခမ်းအနားကိုမေ ၂ရက် နံနက် ၁၀ နာရီတွင်ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အမျိုးသမီးရေးရာအဖွဲ့ နာယက၊ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အဖွဲ့ဝင်များနှင့် အမျိုးသမီးဝန်ထမ်းများ တက်ရောက်ကြပြီး အခမ်းအနားတွင် မြန်မာအမျိုးသမီးများနှင့် မြန်မာ့ယဉ်ကျေးမှုအကြောင်းနှင့် ယဉ်ကျေးမှုနယ်ချဲ့ခြင်း အန္တရာယ်အကြောင်းတို့ကို အမျိုးသမီးရေးရာ အဖွဲ့ဝင်များက ဟောပြောဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

◆ **ကျောဖုံးမှ**

အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပရန်ရှိခြင်း၊ ၂၀၁၄ ခုနှစ်အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ထမ်းဆောင်ရန်ရှိခြင်းတို့ကြောင့်လည်း နိုင်ငံတကာမှ နိုင်ငံခြားသားများ ဝင်ထွက်သွားလာမှု ပိုမိုများပြားလာမည်ဖြစ်ကြောင်း၊ ထိုသို့ အကြောင်းအမျိုးမျိုးဖြင့် နိုင်ငံအတွင်း ဝင်ရောက်လာကြသူများအတွက် ပြည်ဝင်ဗီဇာ လွယ်ကူချောမွေ့စွာ ထုတ်ပေးနိုင်ရေးသည် အရေးပါသော လုပ်ငန်းတစ်ရပ်ဖြစ်ပါကြောင်းဖြင့် ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၌ ကျင်းပသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ ပြည်ဝင်စနစ်မူဝါဒ (Visa Policy in Myanmar) ကျင့်သုံးအကောင်အထည်ဖော်ဆောင်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးတွင် ဒုတိယသမ္မတ ဦးညွန့်ထွန်းက အမှာစကား ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင် ယခင်က ပြည်ဝင်ဗီဇာများနှင့် ပတ်သက်၍ ဝန်ကြီးဌာနများမှ တစ်ကျောင်း တစ်ဂါထာ၊ တစ်ရွာ တစ်ပုဒ်ဆန်းဆိုသကဲ့သို့ သီးခြားစီကိုင်တွယ်ဆောင်ရွက်လျက်ရှိရာမှ လုပ်ငန်း ပိုမိုလျင်မြန်ချောမွေ့ပြီး စနစ်တကျ ဖြစ်စေရေးအတွက် ပြည်ထောင်စုအစိုးရ အဖွဲ့ရုံးမှ ၁၀-၇-၂၀၁၂ ရက်စွဲပါစာအမှတ်၊ ၄၆၀/၃၀၂ ဗီဇာ ၃-၁၉/အဖရ (၂၀၁၂) ဖြင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအား တာဝန်ခံဝန်ကြီးဌာန (Focal Ministry) အဖြစ် သတ်မှတ်ဆောင်ရွက်ရန် တာဝန်ပေးအပ်ခဲ့ပါကြောင်း။

လက်ရှိစနစ်အရ မြန်မာနိုင်ငံအတွင်း ဝင်ရောက်လိုသူများအား ကမ္ဘာလှည့်ဗီဇာ၊ လုပ်ငန်းဗီဇာ၊ ပြည်ဝင်ဗီဇာ၊ ဖြတ်သန်းဗီဇာ၊ သံတမန်ဗီဇာ၊ အကြိမ်ကြိမ်ပြည်ဝင်ခွင့်ဗီဇာဟူ၍ ဗီဇာခြောက်မျိုးဖြင့် အပြည်ပြည်ဆိုင်ရာ လေဆိပ်၊ အပြည်ပြည်ဆိုင်ရာ ရေဆိပ်နှင့် နယ်စပ်ဝင်ပေါက်များမှ ဝင်/ထွက်ခွင့်ပြုလျက်ရှိပါကြောင်း။

အပြည်ပြည်ဆိုင်ရာလေဆိပ်များမှ ဝင်ရောက်/ထွက်ခွာရာတွင် ပိုမိုလျင်မြန်စေရန်အတွက် အပြည်ပြည်ဆိုင်ရာ လေဆိပ်များတွင်

သမ္မတရုံး... ရှင်းလင်းတင်ပြ...

စစ်ဆေးရေး...
ခြင်း၊ နိုင်ငံ့စီးပွ...
မှုကို အထေ...
အတွက် ...
လုပ်ငန်းဗီဇာ...
ပြည်ဝင်ဗီဇာ...
၂၀၁၂ ရက်မှ...
ပြည်ဆိုင်ရာ...
ကောင်း၊ ၁-၁...
မန္တလေး ...
လေဆိပ်တွင်...
၂၇ နိုင်ငံအာ...
(Visa On Ar...
ဝင်ခွင့်ပြုခဲ့ပြီး...
စ၍ နောက်ထ...
ကောင်း၊ ၁၈-...
နီပေါလ်နိုင်ငံ...
ထပ်မံခွင့်ပြုခဲ့...
ပေါင်း ၅၀ ...
စနစ်သစ်ဖြင့်...
ကြောင်း။
တစ်ဖက်တွ...
အတွင်းသို့ လု...
ဗီဇာများဖြင့်...
ကြာရှည်စွာ...
သော နိုင်ငံခြာ...
စည်းကမ်းများ...
စိစစ်နိုင်ရေးအ...
နိုင်ငံခြားသား...
လုပ်ငန်းစဉ်မျာ...
ဆောင်ရွက်...
မိမိတို့အစိုးရ...
လာသော နိုင်ငံ...
နှင့် လိုက်လျေ...
ဆောင်ရွက်...
အဆင့်ဆင့်ကို...
ရှိသကဲ့သို့ ထ...
ရန်ရှိသည့် လ...
ဆောင်ရွက်သွ...

၂၀၁၃ AFC Cup ...

ရန်ကုန် မေ ၃

၂၀၁၃ AFC Cup ဘောလုံးပြိုင်ပွဲအုပ်စုတ... ယနေ့ ညနေပိုင်းက ဆက်လက်ကျင်းပရာ ရန်ကုန်ယူ... မော်လ်ဒိုက်ကလပ်နယူးရေးဒီးယန့်အသင်းကို နှစ်ဂိုး-... သွားသည်။

ရန်ကုန်ယူနိုက်တက် - နှစ်ဂိုး
(ကိုနေးအဒမ်မာနှင့် အောင်မိုး)
နယူးရေးဒီးယန့် - ဂိုးမရှိ

ယခုနှစ် AFC Cup ပြိုင်ပွဲတွင် ခြေစွမ်းပြနေသ... ယနေ့ပွဲတွင်လည်း ထပ်မံအနိုင်ယူပြီး သုံးပွဲဆက်နိုင်ပွဲ... သိန်း၊ ဆီဇာ၊ ကိုနေးအဒမ်မာတို့ဖြင့် ပွဲထွက်လာသည်... အမာခံကစားသမားအချို့ မပါဝင်နိုင်သော်လည်း ခြေ... MNL ပြိုင်ပွဲတွင် ရလဒ်ဆိုးရွားနေမှုကို အဆုံးသတ်... အတွက် အနိုင်ဂိုးများကို ၁၇ မိနစ်တွင် ကိုနေးအဒမ်...



◆ **ကျောဖုံးမှ**

အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပရန်ရှိခြင်း၊ ၂၀၁၄ ခုနှစ်အာဆီယံ အလှည့်ကျဥက္ကဋ္ဌ တာဝန်ထမ်းဆောင်ရန်ရှိခြင်းတို့ကြောင့်လည်း နိုင်ငံတကာမှ နိုင်ငံခြားသားများ ဝင်ထွက်သွားလာမှု ပိုမိုများပြားလာမှာဖြစ်ကြောင်း၊ ထိုသို့ အကြောင်းအမျိုးမျိုးဖြင့် နိုင်ငံအတွင်း ဝင်ရောက်လာကြသူများအတွက် ပြည်ဝင်ဗီဇာ လွယ်ကူချောမွေ့စွာ ထုတ်ပေးနိုင်ရေးသည် အရေးပါသော လုပ်ငန်းတစ်ရပ်ဖြစ်ပါကြောင်းဖြင့် ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၌ ကျင်းပသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ ပြည်ဝင်စနစ်မူဝါဒ (Visa Policy in Myanmar) ကျင့်သုံးအကောင်အထည်ဖော်ဆောင်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးတွင် ဒုတိယသမ္မတ ဦးညဏ်ထွန်းက အမှာစကား ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင် ယခင်က ပြည်ဝင်ဗီဇာများနှင့် ပတ်သက်၍ ဝန်ကြီးဌာနများမှ တစ်ကျောင်း တစ်ဂါထာ၊ တစ်ရွာတစ်ပုဒ်ဆန်းဆိုသကဲ့သို့ သီးခြားစီကိုင်တွယ်ဆောင်ရွက်လျက်ရှိရာမှ လုပ်ငန်း ပိုမိုလျင်မြန်ချောမွေ့ပြီး စနစ်တကျ ဖြစ်စေရေးအတွက် ပြည်ထောင်စုအစိုးရ အဖွဲ့ရုံးမှ ၁၀-၇-၂၀၁၂ ရက်စွဲပါစာအမှတ်၊ ၄၆၀/၃၀၂ ဗီဇာ ၃-၁၉/အဖရ (၂၀၁၂) ဖြင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအား တာဝန်ခံဝန်ကြီးဌာန (Focal Ministry) အဖြစ် သတ်မှတ်ဆောင်ရွက်ရန် တာဝန်ပေးအပ်ခဲ့ပါကြောင်း။

လက်ရှိစနစ်အရ မြန်မာနိုင်ငံအတွင်း ဝင်ရောက်လိုသူများအား ကမ္ဘာလှည့်ဗီဇာ၊ လုပ်ငန်းဗီဇာ၊ ပြည်ဝင်ဗီဇာ၊ ဖြတ်သန်းဗီဇာ၊ သံတမန်ဗီဇာ၊ အကြိမ်ကြိမ်ပြည်ဝင်ခွင့်ဗီဇာဟူ၍ ဗီဇာခြောက်မျိုးဖြင့် အပြည်ပြည်ဆိုင်ရာ လေဆိပ်၊ အပြည်ပြည်ဆိုင်ရာ ရေဆိပ်နှင့် နယ်စပ်ဝင်ပေါက်များမှ ဝင်/ထွက်ခွင့်ပြုလျက်ရှိပါကြောင်း။

အပြည်ပြည်ဆိုင်ရာလေဆိပ်များမှ ဝင်ရောက်/ထွက်ခွာရာတွင် ပိုမိုလျင်မြန်စေရန်အတွက် အပြည်ပြည်ဆိုင်ရာ လေဆိပ်များတွင်

သမ္မတရုံးဝန်ကြီး ဦးတင်နိုင်သိန်း ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

စစ်ဆေးရေးကောင်တာများ တိုးချဲ့ခြင်း၊ နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်ရေးအတွက် ကနဦးအဆင့်အဖြစ် လုပ်ငန်းဗီဇာ၊ ဖြတ်သန်းဗီဇာ၊ ပြည်ဝင်ဗီဇာ သုံးမျိုးအား ၁-၆-၂၀၁၂ ရက်မှစ၍ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် လည်းကောင်း၊ ၁-၁၁-၂၀၁၂ ရက်မှစ၍ မန္တလေး အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် လည်းကောင်း၊ နိုင်ငံ ၂၇ နိုင်ငံအား ဆိုက်ရောက်ဗီဇာ (Visa On Arrival) စနစ်သစ်ဖြင့် ဝင်ခွင့်ပြုခဲ့ပြီး ၁-၂-၂၀၁၃ ရက်မှစ၍ နောက်ထပ် ၂၂ နိုင်ငံကို လည်းကောင်း၊ ၁၈-၃-၂၀၁၃ ရက်တွင် နီပေါလ်နိုင်ငံကို လည်းကောင်း ထပ်မံခွင့်ပြုခဲ့ရာ ယခုအခါ နိုင်ငံပေါင်း ၅၀ ကို ဆိုက်ရောက်ဗီဇာ စနစ်သစ်ဖြင့် ခွင့်ပြုပေးပြီးဖြစ်ပါကြောင်း။

တစ်ဖက်တွင်လည်း မြန်မာနိုင်ငံအတွင်းသို့ လုပ်ငန်းဗီဇာ၊ လူမှုရေးဗီဇာများဖြင့် ဝင်ရောက်၍ ကာလကြာရှည်စွာ အခြေချနေထိုင်နေသော နိုင်ငံခြားသားများအား ဗီဇာစည်းကမ်းများနှင့်ညီညွတ်မှု ရှိ/မရှိ စိစစ်နိုင်ရေးအတွက် စနစ်ကျသော နိုင်ငံခြားသား ထိန်းသိမ်းရေး လုပ်ငန်းစဉ်များကိုလည်း အားဖြည့်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိမိတို့အစိုးရအနေဖြင့် ပြောင်းလဲလာသော နိုင်ငံတော်၏ အခြေအနေနှင့် လိုက်လျောညီထွေ ဖြစ်စေရန် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်အဆင့်ဆင့်ကို ဆောင်ရွက်လျက်ရှိသကဲ့သို့ ထပ်မံတိုးချဲ့ဆောင်ရွက်ရန်ရှိသည့် လုပ်ငန်းများကိုလည်း ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ယခုအခါ နိုင်ငံတော်တည်ငြိမ်ရန်၊ အေးချမ်းရန် ကြိုးပမ်းအားထုတ်မှုကြောင့် ပြည်တွင်းတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ၁၁ ဖွဲ့လုံးနှင့် ငြိမ်းချမ်းရေးလမ်းစ ဖော်ဆောင်ထားနိုင်ပြီဖြစ်ပြီး ထာဝရငြိမ်းချမ်းရေး ရရှိစေရန်အတွက်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ လက်ရှိ ရရှိထားသော တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေ စိုးမိုးရေးအခြေအနေများအရ နယ်စပ်ဒေသများတွင်ပါ ဝင်/ထွက်သွားလာမှု လုံခြုံချောမွေ့လာပြီဖြစ်ပြီး နိုင်ငံ၏ ပြည်ဝင်ခွင့်စနစ်ကိုလည်း တိုးချဲ့ပြုပြင်ပြောင်းလဲရန် လိုအပ်လာပြီဖြစ်ကြောင်း၊ ထိုသို့ လုပ်ငန်းများ ဆောင်ရွက်ရာတွင် စနစ်တကျရှိစေရန်အတွက် လူဝန်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား

ဟိုတယ်/ခရီး ဒုတိယဝန်ကြီး ဒေါက်တာတင်ရွှေ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ဝန်ကြီးဌာနနှင့် ဆက်စပ်ဆောင်ရွက်ရမည့် လုံခြုံရေး၊ ငြိမ်းချမ်းရေး၊ ပြည်ပနိုင်ငံများနှင့် ဆက်သွယ်ဆောင်ရွက်ရေး၊ ဟိုတယ်နှင့် ခရီးသွားလာရေး၊ နယ်စပ်ကုန်သွယ်ရေး၊ နိုင်ငံခြားငွေ ရယူသုံးစွဲရေးဆိုင်ရာ ကိစ္စရပ်များ၊ နယ်စပ်ဒေသနေ ပြည်သူများ လူနေမှုဘဝ မြင့်မားလာစေရေးအတွက် နယ်စပ်များနှင့် ဆက်စပ်သည့်ဒေသများမှ တာဝန်ရှိသူများအားလုံးနှင့် ပူးပေါင်းဆောင်ရွက်သွားရန် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်များအရ ဆက်စပ်သက်ဆိုင်သည့်အဖွဲ့များကို ယခုကဲ့သို့ စုံလင်စွာခေါ်ယူဆွေးနွေးရခြင်းဖြစ်ကြောင်း၊ နိုင်ငံ၏ အချုပ်အခြာအာဏာနှင့် အမျိုးသားယဉ်ကျေးမှုဓလေ့စရိုက်များ ရေရှည်တည်တံ့ခိုင်မြဲစေရန်အတွက် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရန် စည်းကမ်းပျက်နိုင်ငံခြားသားများ ဝင်၊ ထွက်သွားလာမှုများကို စနစ်တကျ ထိန်းသိမ်းကြပ်မတ်ပေးရန် လိုအပ်သကဲ့သို့ တစ်ဖက်မှလည်း ဖွံ့ဖြိုးတိုးတက်ရေးကို အားယူဆောင်ရွက်နေသည့် နိုင်ငံတစ်နိုင်ငံအနေဖြင့် ရင်းနှီးမြှုပ်နှံလိုသူများ၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်သည့် ကျွမ်းကျင်ပညာရှင်များ၊ တိုင်းပြည်ဝင်ငွေ တိုးတက်လာစေမည့် ကမ္ဘာ့လှည့်ခရီးသည်များ ပြည်တွင်းသို့ဝင်ရောက်ရာတွင် စနစ်ကျသော ပြည်ဝင်ဗီဇာများ လွယ်ကူချောမွေ့စွာ ရယူနိုင်ရေးကိုလည်း ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

သို့ဖြစ်ပါ၍ အစည်းအဝေးတက်ရောက်ကြသူများမှ နိုင်ငံတော်အကျိုးစီးပွားကို ရှေးရှု၍ အမျိုးသားရေးရှုထောင့်၊ စီးပွားရေးရှုထောင့်၊ နိုင်ငံတကာရှုထောင့် စသည့် ရှုထောင့်အမျိုးမျိုးမှ လေ့လာသုံးသပ်ပြီး ကောင်းမွန်ပြည့်စုံသော ပြည်ဝင်စနစ် မူဝါဒချမှတ်နိုင်ရေးအတွက် ဝိုင်းဝန်းအကြံပြုဆွေးနွေးသွားကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက ပြည်ဝင်စနစ် မူဝါဒကျင့်သုံး အကောင်အထည်ဖော်ရေးဆိုင်ရာ စီမံဆောင်ရွက်ထားရှိမှုများကို အကျယ်တဝင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသည့်ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များက သက်ဆိုင်ရာကဏ္ဍအလိုက် အကြံပြုထပ်မံဖြည့်စွက်တင်ပြကြသည်။ ယင်းနောက် ဒုတိယသမ္မတ ဦးညဏ်ထွန်းက တင်ပြချက်များအပေါ် သုံးသပ်ညှိနှိုင်းပေါင်းစပ်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အဆိုပါညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ဦးဝဏ္ဏမောင်လွင်၊ ဦးတင်နိုင်သိန်းနှင့် ဦးခင်ရီ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

လက်ပံတောင်းတောင်ကြေးနီစီမံကိန်း စုံစမ်းရေးကော်မရှင်၏အစီရင်ခံစာအပေါ် အကောင်အထည်ဖော်မည့်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဧပြီ ၃

လက်ပံတောင်းတောင်ကြေးနီစီမံကိန်း စုံစမ်းရေးကော်မရှင်၏ အစီရင်ခံစာအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မည့်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ ညနေ ၃ နာရီက ရုံးအမှတ်(၁၈) နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ကော်မတီဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း တက်ရောက် အဖွင့်အမှာစကားပြောကြားသည်။

အဆိုပါ အစည်းအဝေးသို့ ဒုတိယဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်ဦးနှင့် ကော်မတီဝင်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ကော်မတီဒုတိယဥက္ကဋ္ဌက စီမံကိန်း အကောင်အထည်ဖော်မှုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကိစ္စရပ်များ၊ စီမံကိန်းပတ်ဝန်းကျင် နယ်မြေရှိ ဒေသခံများ အလုပ်အကိုင်ရရှိခန့်ထားရေး၊ နေအိမ်များ အဆင့်မြှင့်တင်ပြုပြင်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်လျှပ်စစ်မီးရရှိရေး၊ လမ်းတံတား ကိစ္စရပ်များ အကောင်အထည်ဖော်ဆောင်ရွက်ပြီး ဆောင်ရွက်ဆဲကိစ္စရပ်များကို ဆွေးနွေးတင်ပြသည်။

ယင်းနောက် ကော်မတီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာမြင့်အောင်နှင့် ဦးဝင်းထွန်းတို့က စုံစမ်းရေးကော်မရှင်အစီရင်ခံစာ၏ သုံးသပ်ချက်များ၊ အကြံပြုချက်များကိုအကောင်အထည်ဖော်ဆောင်ရွက်မည့် အစီအမံများအားလည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ရဲချုပ် ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်းက တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ ကိစ္စရပ်များအား လည်းကောင်း ဆွေးနွေးတင်ပြကြပြီး အစည်းအဝေးတက်ရောက်လာကြသူများက အထွေထွေဆွေးနွေးတင်ပြကြရာ ကော်မတီဥက္ကဋ္ဌက ပြန်လည်ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

● **လက်ပံတောင်းတောင်မှ**

၅။ မြေယာလျော်ကြေးငွေများ ပေးအပ်ရာတွင် ဒေသခံတောင်သူများ အချင်းချင်းအမွေဆိုင်ကိစ္စများနှင့် မြေအမျိုးအစားကွာခြားချက်များကြောင့် ကန့်ကွက်မှု ၁၇၇ မှုလက်ခံရရှိခဲ့ပါသည်။ ကော်မတီအနေဖြင့် မြေယာမှုခင်းစိစစ်ရေးအဖွဲ့ကို ဖွဲ့စည်းစိစစ်ဖြေရှင်းခဲ့ရာ ၃၃ မှုဖြေရှင်းပေးခဲ့ပြီး ကျန်အငြင်းပွားမှုများကို ဆက်လက်ဖြေရှင်းပေးလျက်ရှိပါသည်။

၆။ ကော်မတီသည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ပြောင်းရွှေ့လာသော ကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်ရရှိရေး၊ ဒေသဖွံ့ဖြိုးရေးတို့ကိုလည်း တစ်ပြိုင်တည်းဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီရင်ခံစာပါ အကြံပြုချက်များကို ဒေသခံပြည်သူများအကျိုးစီးပွားအတွက် ဆက်လက်ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး အခါအားလျော်စွာ သတင်းထုတ်ပြန်ပေးသွားမည် ဖြစ်ပါသည်။

လက်ပံတောင်းတောင်ကြေးနီစီမံကိန်းနှင့် ပတ်သက်သည့်
စုံစမ်းစစ်ဆေးရေးအစီရင်ခံစာအပေါ် အကောင်အထည်ဖော်
ဆောင်ရွက်မည့်ကော်မတီ
၂၀၁၃ ခုနှစ်၊ ဧပြီလ ၃ ရက်

❒ **ငွေကျပ် ၁၅၀၀ တန်မှ**

၄။ CDMA -800 MHZ စနစ် စက်ပစ္စည်းများတပ်ဆင်ထားခြင်းမရှိသေးသော ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် WCDMA 3G ဖုန်းများကို နှုန်းထားတူ ၁၅၀၀ ကျပ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်။

၅။ ပြည်သူများ သက်သာသောနှုန်းထားဖြင့် အမှန်တကယ်အသုံးပြုနိုင်ရန် ရည်ရွယ်၍ရောင်းချခြင်းဖြစ်ပါသဖြင့် ဖုန်းကတ်ဝယ်ယူထားသည့်နေ့မှစ၍ ၁၅ ရက်အတွင်း တယ်လီဖုန်း SIM Card တွင် မူလထည့်သွင်းပေးထားသည့် တယ်လီဖုန်းခေါ်ဆိုခ ၃၀၀ ကျပ် မကုန်မီတယ်လီဖုန်းသုံးစွဲသူသည် အနည်းဆုံး ၅၀၀၀ ကျပ်တန် ကြိုတင်ငွေဖြည့်ကတ်ဖြင့် ငွေဖြည့်သုံးစွဲရပါမည်။ ဖုန်းကတ်အား အခြားသူတစ်ဦးဦးသို့ လက်ဆင့်ကမ်းရောင်းချခြင်းမှ ကာကွယ်ရန်အတွက် ၁၅ ရက်အတွင်း အသုံးပြုခြင်းမရှိပါက အဆိုပါဖုန်းကတ်သည် အလိုအလျောက်လိုင်းပိတ်သိမ်းသွားမည်ဖြစ်ပါသည်။

၆။ စက်ပစ္စည်းတန်ဖိုး စက်တပ်ဆင်မှု ကုန်ကျစရိတ်များကို တယ်လီဖုန်းပြောဆိုခများမှ ပြန်လည်စုစည်းကောက်ခံရမည်ဖြစ်ပါသဖြင့် ဤတန်ဖိုးနည်း မိုဘိုင်းဖုန်းများကို လစဉ်ကြိုတင်ငွေဖြည့်ကတ်ဖြင့်ပြောဆိုခ ကျပ် ၂၅၀၀ အနည်းဆုံးသုံးစွဲရန် သတ်မှတ်ထားပြီးဖြစ်ပါသည်။ နှစ်လပြည့်သော်လည်း ကြိုတင်ငွေဖြည့်ကတ်မှ ၅၀၀၀ ကျပ်ကို အပြည့်မသုံးစွဲပါက အလိုအလျောက် ကျပ် ၅၀၀၀ ပြည့်သည်အထိ ဖြတ်တောက်သွားမည်ဖြစ်ပါသည်။ တယ်လီဖုန်း SIM Card တွင်ဖြည့်သွင်းထားသော ငွေကုန်ဆုံးပြီးနောက် ၁၅ ရက်အတွင်း ငွေထပ်မံဖြည့်သွင်းခြင်းမရှိပါက အဆိုပါဖုန်းကတ်သည် အလိုအလျောက်လိုင်းပိတ်သိမ်းသွားမည်ဖြစ်ပါသည်။

၇။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့်အတူ အခြားလိုင်စင်ရ အော်ပရေတာများမှ နိုင်ငံတစ်ဝန်းလုံးရှိ ပြည်သူများ ဆက်သွယ်သုံးစွဲနိုင်ရန် လုံလောက်သော မိုဘိုင်းဖုန်းများကို တိုးချဲ့တပ်ဆင်ပြီးစီးပါက မည်သည့် ကန့်သတ်ချက်မျှမရှိတော့ဘဲ လွတ်လပ်စွာ ရောင်းချသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

၂၀၁၃ AFC Cup ဘောလုံးပြိုင်ပွဲ သုံးပွဲဆက်နိုင်ခဲ့သည့် ရန်ကုန်

ရန်ကုန် ဧပြီ ၃

၂၀၁၃ AFC Cup ဘောလုံးပြိုင်ပွဲအုပ်စုတတိယနေ့ပွဲစဉ်များကို ယနေ့ ညနေပိုင်းက ဆက်လက်ကျင်းပရာ ရန်ကုန်ယူနိုက်တက်အသင်းက မော်လ်ဒိုက်ကလပ်နယူးရေးဒီးယန့်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ရန်ကုန်ယူနိုက်တက် - နှစ်ဂိုး
(ကိုနေးအဒမ်မာနှင့် အောင်မိုး)
နယူးရေးဒီးယန့် - ဂိုးမရှိ

ယခုနှစ် AFC Cup ပြိုင်ပွဲတွင် ခြေစွမ်းပြနေသည့် ရန်ကုန်အသင်းမှာ ယနေ့ပွဲတွင်လည်း ထပ်မံအနိုင်ယူပြီး သုံးပွဲဆက်နိုင်ပွဲရရှိခဲ့သည်။ ရာဇာဝင်းသိန်း၊ ဆီဇာ၊ ကိုနေးအဒမ်မာတို့ဖြင့် ပွဲထွက်လာသည့် ရန်ကုန်အသင်းမှာ အမာခံကစားသမားအချို့ မပါဝင်နိုင်သော်လည်း ခြေစွမ်းပြခဲ့ပြီး ပြည်တွင်း MNL ပြိုင်ပွဲတွင် ရလဒ်ဆိုးရွားနေမှုကို အဆုံးသတ်နိုင်ခဲ့သည်။ ရန်ကုန်အတွက် အနိုင်ဂိုးများကို ၁၇ မိနစ်တွင် ကိုနေးအဒမ်မာနှင့် ၁၈ မိနစ်တွင်

သတင်းနှင့်ဓာတ်ပုံ - ရှိုင်းထက်ဇော်

အောင်မိုးတို့က သွင်းယူခဲ့ခြင်းဖြစ်သည်။

အုပ်စု (F) တွင် ရန်ကုန်အသင်းက သုံးပွဲကစား၊ သုံးပွဲနိုင် ကိုးမှတ်ဖြင့် အုပ်စုကို ဦးဆောင်နေပြီး နယူးရေးဒီးယန့်အသင်းက နှစ်ပွဲနိုင် တစ်ပွဲရှုံး၊ ခြောက်မှတ်ရရှိထားသည်။ ယမန်နေ့က ယှဉ်ပြိုင်ကစားခဲ့သော အုပ်စု(G)တွင် ဧရာဝတီအသင်းက မော်လ်ဒိုက်ကလပ် မာဇီယာအသင်းကို အဝေးကွင်း၌ သုံးဂိုးတစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။ ဧရာဝတီအသင်းမှာ သုံးပွဲကစား သုံးပွဲရှုံးနိမ့်ထားသည်။

အားကစားမြှင့်တင် စိတ်လန်းရွှင်
ဆန့်ကျင် မူးယစ်ဆေး

စင်ကာပူသမ္မတနိုင်ငံသမ္မတ၏ဇနီး အမျိုးသားပြတိုက်ကြည့်ရှုလေ့လာ

ရန်ကုန်　　မေ　　၃

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိနေသည့် စင်ကာပူသမ္မတနိုင်ငံသမ္မတ ဒေါက်တာ တိုနီတန် ကင်ယမ်း၏ဇနီး မစ္စစ် မေရီတန် ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ညနေ ၄ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသားပြတိုက်သို့ ရောက်ရှိကြရာ ယဉ်ကျေးမှုဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် အမျိုးသားပြတိုက်အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြရာ အမျိုးသားပြတိုက် (ရန်ကုန်) ဒုတိယညွှန်ကြားရေးမှူး ဒေါ်မီမီသက်နွယ်နှင့် တာဝန်ရှိသူတို့က လိုက်လံရှင်းလင်းပြသကြသည်။ **(အပေါ်ပုံ)**

ယင်းနောက် စင်ကာပူသမ္မတနိုင်ငံသမ္မတ၏ဇနီး မစ္စစ်မေရီတန်သည် အမျိုးသားပြတိုက် ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုး၍ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် လက်ဆောင်ပစ္စည်းများ အပြန်အလှန်လဲလှယ်ကြကာ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး အမျိုးသားပြတိုက်မှ ပြန်လည်ထွက်ခွာသွားသည်။ **(သတင်းစဉ်)**

ဒုတိယအကြိမ် နေပြည်တော်မဟာသင်္ကြန် Tour Gold Cup ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ငွေသားဆုများ ထိုက်တန်စွာ ချီးမြှင့်သွားမည်

နေပြည်တော်　　မေ　　၃

၂၀၁၃ ခုနှစ် ဒုတိယအကြိမ် နေပြည်တော် မဟာသင်္ကြန် Tour Gold Cup ဖိတ်ခေါ်ဂေါက်သီးရိုက်ပြိုင်ပွဲကို ၂၀၁၃ ခုနှစ် မေ ၉ ရက်၊ ၁၀ ရက်များတွင် နေပြည်တော် မြို့တော်ဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် တစ်ဦးချင်း (အမျိုးသား၊ အမျိုးသမီး)နှင့် အသင်းလိုက်ပြိုင်ပွဲများ ပါဝင်မည်ဖြစ်ပြီး အမျိုးသား တစ်ဦးချင်းပြိုင်ပွဲတွင် (Professional အဆင့်) ပထမဆု ကျပ် ၂၅ သိန်း၊ ဒုတိယဆု ကျပ် ၁၅ သိန်း၊ တတိယဆု ကျပ် ၁၀ သိန်း၊ စတုတ္ထဆု ကျပ် ရှစ်သိန်းနှင့် ဒသမအဆင့်ထိ လည်းကောင်း၊ (Amateurs အဆင့်) ပထမဆု ကျပ် ၁၅ သိန်း၊ ဒုတိယဆု ကျပ် ၁၀ သိန်း၊ တတိယဆု ကျပ် ရှစ်သိန်းနှင့် ဒသမအဆင့်ထိ လည်းကောင်း၊ အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲ (Amateurs အဆင့်)တွင် ပထမဆု ကျပ် ငါးသိန်း၊ ဒုတိယဆု ကျပ် လေးသိန်း၊ တတိယဆု ကျပ် သုံးသိန်းနှင့် ပဉ္စမအဆင့်ထိလည်းကောင်း၊ အသင်းလိုက် ပထမဆု ကျပ် ၁၈ သိန်း၊ ဒုတိယဆု ကျပ် ၁၂ သိန်း၊ တတိယဆု ကျပ် ခြောက်သိန်းတို့အပြင် အခြားဆုများကိုလည်း ထိုက်တန်စွာ ချီးမြှင့်သွားမည်ဖြစ်သည်။

အသင်းလိုက်ပြိုင်ပွဲတွင် အမျိုးသား၊ အမျိုးသမီးကစားသမား ခြောက်ဦး ပါဝင်နိုင်ပြီး Professional အဆင့် ကစားသမား နှစ်ဦးအထိ ပါဝင်ခွင့်ပြု၍ အကောင်းဆုံး လေးဦး၏ ရိုက်ချက်ပေါင်းဖြင့်တွက်ချက်မည်။ ပြိုင်ပွဲဝင်ကစားသမားအားလုံးသည် အကျောပေးသတ်မှတ်ချက် (Handicap Zero) ဖြင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်ကြေးအဖြစ် တစ်ဦးလျှင် ကျပ် ၂၀၀၀၀ (ကျပ်နှစ်သောင်းတိတိ) နှုန်းထည့်ဝင်ရမည်ဖြစ်ပြီး အသင်းဝင်ကြေးပေးသွင်းရန် မလိုပါ။

ပြိုင်ပွဲဝင်စည်းကမ်းအနေဖြင့် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်မှ သတ်မှတ်ထားသော စည်းကမ်းများနှင့် သတ်မှတ်ဂေါက်ကွင်း၏ ဒေသန္တရစည်းမျဉ်းဥပဒေများအတိုင်း လိုက်နာဆောင်ရွက်ရမည်ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်လိုသည့် ဂေါက်သီးရိုက်အသင်းများနှင့် အားကစားသမားများ၏ အမည်စာရင်းကို ၂၀၁၃ ခုနှစ် မေ ၅ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ဖုန်း-၀၆၇-၄၀၆၁၇၈၊ ၀၆၇-၄၀၆၁၈၃၊ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်မှ ဦးထွန်းကျော် ၀၉-၂၀၃၇၆၇၁နှင့် ဦးအောင်မျိုးကျော် ၀၉-၄၃၀၉၅၆၇၈ တို့ထံသို့ စာရင်းပေးသွင်းရမည်ဖြစ်ပြီး ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနှင့် ပြိုင်ပွဲဝင်အသင်းခေါင်းဆောင်များ ညှိနှိုင်းအစည်းအဝေးကို မေ ၈ ရက် မွန်းလွဲ ၁ နာရီတွင် မြို့တော်ဂေါက်ကွင်းအစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်ပါသဖြင့် အသင်းခေါင်းဆောင်များ မပျက်မကွက် တက်ရောက်ကြရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကိုကျော်စွာလင်းနှင့် ကိုချစ်ဇေယျာထွန်း

ကြည့်မြင်တိုင်ကမ်းနားလမ်းမကြီး ယာဉ်ကြောပိတ်ဆို့မှုဖြစ်ပွား

ရန်ကုန်　မေ　၃

ကြည့်မြင်တိုင်မြို့နယ်အတွင်း ဆိုသိုလှောင်ကန်အများစုရှိရာ ကြည့်မြင်တိုင် ကမ်းနားလမ်းမကြီးပေါ်ရှိ သဲကွင်းမှတ်တိုင်ဝန်းကျင်တွင် မှတ်တိုင်ပျောက်သည်ထိ ယာဉ်များနှစ်ထပ်၊ သုံးထပ်ရပ်ထားခြင်းတို့ကြောင့် ခရီးသည်များကားလမ်းပေါ်တက်ရောက်စီးနင်းနေရပြီး မကြာခဏယာဉ်တိုက်မှုကြောင့် အသက်ဆုံးရှုံးမှုများ ရှိနေကြောင်း၊ ဆီထုတ်ကုန်တင်ယာဉ်ကြီး၊ ယာဉ်ငယ်များနှင့် ယင်းနေရာရှိ လေထိုး-ကျွတ်ဖာဆိုင်များ ဖွင့်လှစ်ထားမှုကြောင့် ယာဉ်ကြော ကျဉ်းမြောင်းသဖြင့် ယာဉ်အန္တရာယ်နှင့်ကြုံတွေ့နေရရာ သက်ဆိုင်ရာမှ မေ ၂ ရက် နံနက်ပိုင်းတွင် ယာဉ်နှစ်ထပ်စည်းကမ်းမဲ့ ရပ်တန့်ယာဉ်များကို အရေးယူလျက်ရှိကြောင်း၊ သို့သော် ဖမ်းဆီးအရေးယူချိန်တွင်သာ ယာဉ်နှစ်ထပ်ရပ်မှုမရှိသော်လည်း ကျန်အချိန်တွင် နှစ်ထပ်၊ သုံးထပ် ရပ်မြဲရပ်နေသည်ဟု ယင်းနေရာမှတ်တိုင်မှ လိုင်းကားစီးခရီးသွားများက ဆိုသည်။

ယင်းရက် အရေးယူခံရသည့် ဆီထုတ် ယာဉ်ပိုင်ရှင်မှ ရပ်စရာမရှိ၍ ရပ်နေရကြောင်း၊ လမ်းကျူး-လမ်းစည်းကမ်းပျက်ခြင်းအတူတူ ဦးပိုင်ဆီကန်ထောင့် လမ်းဘေးဈေးရောင်းသူ အချို့က ယင်းတို့၏ရှေ့တွင် ယာဉ်များ မရှိကြောင်း၊ လာဖမ်းသည့်အချိန်တွင် ရှောင်တိမ်းပြီး ရပ်နေရမှာပဲဟု ဆိုသည်။

ဆီကန်များနှင့် မနီးမဝေးတွင် မြို့တော်စည်ပင်မှ ဖွင့်လှစ်ထားသော နာရီအလိုက်ယာဉ်ရပ်ခ ပေးရသည့် ရပ်နားစခန်းများထဲမှ လက်ကျန်စာတိုက်မှတ်တိုင် ပန်းခြံဘေး ယာဉ်ရပ်နား စခန်းတွင် ဆီထုတ်ယာဉ်များ အခပေး ရပ်နားခွင့်ရှိရန် ယာဉ်နှစ်ထပ်၊ သုံးထပ် ရပ်မှုပပျောက်နိုင်ကြောင်း၊ သို့သော် ယင်းနေရာတွင် အဝေးပြေးကုန်တင်ယာဉ်အချို့ မြို့တွင်းခေါက်တိုယာဉ်များဖြင့် ကုန်ချိန်းခြင်း၊ ယာဉ်ပျက်များ နေရာယူရပ်ထားခြင်းတို့ကြောင့် ပြင်ပယာဉ်များ လုံးဝရပ်နားခွင့်မရှိဖြစ်နေကြောင်း၊ ယင်း ရပ်နားစခန်းများကို တစ်ဦးတစ်ယောက်ကို ပုံသေရပ်နားခွင့် ချထားမပေးဆိုသော်လည်း ရပ်နားရန် မလွယ်ကူသဖြင့် သက်ဆိုင်ရာက လာရောက်အရေးယူမည့် အချိန်ကို ကြည့်ရှောင်ပြီး ဆီကန်ဝန်းကျင်ဖြစ်သော သဲကျွင်းမှတ်တိုင်ဝန်းကျင်တွင် စည်းကမ်းမဲ့ယာဉ်နှစ်ထပ်၊ သုံးထပ် ရပ်တန့်ထားနေရရာ သက်ဆိုင်ရာမှ အရေးယူသကဲ့သို့ တရားဝင် ယာဉ်ရပ်နားစခန်းတွင် ရပ်နားခွင့်ရရေးစီစဉ်ပေးရန် ဆီထုတ်ယာဉ်ပိုင်ရှင်တစ်ဦးက ဆိုသည်။

မောင်စေအောင်

ဖုန်းကတ်အိပ်မက်တကယ်ဖြစ်လာ၍ ပြည်သူအားလုံးပျော်ရွှင်

တွေ့ဆုံမေးမြန်း - ချမ်းသာ(မိတ္ထီလာ)
ဓာတ်ပုံ - အောဝမ်းစိုး(ကြေးမုံ)

ယနေ့ည မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသတင်းအစီအစဉ်တွင် မိုဘိုင်း Sim Card တစ်ခုလျှင် ကျပ် ၁၅၀၀ နှုန်းဖြင့် မေ ၂၄ ရက်တွင်ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ စတင်ရောင်းချပေးသွားမည်ဖြစ်ကြောင်း ကြေညာသွားရာ ရုပ်မြင်သံကြားသတင်း ကြည့်ရှုနေသူအားလုံး အံ့သြဝမ်းသာဖြစ်ကြမည်ဖြစ်သည်။

ပြည်သူများ၏ တန်ဖိုးနည်း ဖုန်းကတ်အိပ်မက် အမှန်တကယ်ဖြစ်လာပေပြီ။ နိုင်ငံတော်သမ္မတကြီး၏ ပြည်သူများအပေါ်ထားရှိသည့် ကတိစကားမှာ လက်တွေ့အကောင်အထည်ပေါ်လာခြင်းဖြစ်သည်။

ကိုဇေယျာလင်း

ရုပ်မြင်သံကြားသတင်း ကြည့်ရှုနေသူ ကိုဇေယျာလင်းက "ကျွန်တော် အရမ်းကျေးဇူးတင်ဝမ်းသာပါတယ်။ ကျွန်တော်နှစ်သိန်းတန်ဖုန်းကိုအမေ့ကိုပေးပြီး ၁၅၀၀ တန် ဖုန်းတစ်လုံး ဝယ်ကိုင်လိုက်ဦးမယ်"ဟု ဆိုသည်။

ဝန်ထမ်းတစ်ဦးဖြစ်သူ ကိုအောင်ကျော်ဝင်းက "ကျွန်တော်လည်း ဝမ်း

ကိုအောင်ကျော်ဝင်း

သာမိပါတယ်။ ဇနီးချောကို ဖုန်းကတ်ဝယ်ပေးနိုင်ပါပြီ။ တစ်ခါမှမမက်ဖူးတဲ့ အိပ်မက်ကိုမက်ရလို့ အံ့သြမိပါတယ်"ဟုဆိုသည်။

"တန်ဖိုးနည်း ဖုန်းကတ်တွေကို မေ ၅ ရက်မှာ နှစ်သောင်းကျပ်နဲ့ ရောင်းချပေးမယ်လို့ ပြည်တွင်းထုတ်ဂျာနယ်တစ်စောင်မှာ ဖတ်ရတယ်။ နှစ်သောင်းဆိုလည်း မများပါဘူး တွေးနေတုန်း ဖုန်းကတ်တစ်ခုကို ၁၅၀၀ ကျပ်နှုန်းနဲ့ ရောင်းချပေးမယ်ဆို တော့ဝမ်းသာတယ်။ ဆွေမျိုးတွေကိုလည်း ရုပ်မြင်သံကြားသတင်း မကြည့်လိုက် မိရင်မသိမှာစိုးလို့ တန်ဖိုးနည်းဖုန်းကတ်တွေ မထင်မှတ်တဲ့ ဈေးနှုန်းနဲ့ အမှန်တကယ်ရောင်းချပေးတော့မှာဖြစ်ကြောင်း ဖုန်းဆက်ပြီး သတင်းဦးပေးလိုက်တယ်"ဟု မန္တလေးမြို့နေထိုင်သူ ဦးမျိုးသန့်က ပြောသည်။

"တကယ့် တန်ဖိုးနည်း ဖုန်းစစ်စစ်ရလို့ ကျွန်မဖြင့် ဘယ်လိုဝမ်းသာရမှန်းမသိတော့ပါဘူး၊ ကျွန်မတို့မြို့မှာ CDMA ၈၀၀ ရော 3G ရော သုံးဖို့ရာ နေရာတိုင်းသုံးမရလို့ အခုတန်ဖိုးနည်း ဖုန်းရရင် အဖိုးနည်းဝန်ပါလုပ်ပေးပါလို့တောင်းဆိုချင်ပါတယ်"ဟု တပ်ကုန်းမြို့နေ မနေဇာဇာထွန်းက ပြောသည်။

"ကျွန်မမောင်လေးက မလေးရှားမှာ ရှိတော့ နိုင်ငံခြားကိုပါ ပြောလို့ရတယ်လို့ ကြားလိုက်ရတာ ကျွန်မဖြင့် အတိုင်းမသိဝမ်းသာမိပါတယ်။ အရင်က ကျပ်နှစ်သိန်းနဲ့ အရစ်ကျဝယ်လို့ရခဲ့ပေမယ့် ကျွန်မရဲ့ ချွေးနည်းစာလေးကို စုနေရလို့ မဝယ်ဖြစ်ခဲ့တာ အခုတော့ ဝယ်ဖြစ်အောင်ဝယ်လို့ရလို့ နိုင်ငံတော်ကိုကျေးဇူးတင်ပါတယ်"ဟု ရေဦးမြို့နယ် ပန်းကုံးကျေးရွာမှ မသဉ္ဇာဝင်းက ပြောသည်။

"ကျွန်တော်က ဖုန်းသရဲပါ။ တစ်နေ့တစ်နေ့ သူငယ်ချင်းအပေါင်းအသင်းတွေဆီကို ဖုန်းဆက်ရတာနဲ့၊ မက်ဆေ့ချ် ပေးရတာနဲ့ အရင်နှစ်သိန်း

မနေဇာဇာထွန်း

ဖုန်းနဲ့ ငွေဖြုန်းလွန်းလို့ အဖေက ဆူပါတယ်။ ဒါကြောင့် ဒီဖုန်းကို အဖေ့ကို ပြန်ပေးလိုက်ပြီး ၁၅၀၀ တန်ဖုန်းနဲ့ အဖေ မသိအောင်စိတ်ကြိုက်သုံးတော့မယ်"ဟု တပ်ကုန်းမြို့နေ ကိုချစ်ဇေယျာထွန်းက ပြောသည်။

"ပြည်သူတွေအတွက် ဝမ်းသာစရာပါ။ နိုင်ငံတော်ကိုလည်း ကျေးဇူးတင်ရမှာပါ။ သိချင်တာက တစ်ကတ်ကို ကျပ် ၁၅၀၀ နဲ့ရောင်းတာ ဘာဖြစ်လို့လဲ သိချင်တာပါ။ အရင်က မျှော်လင့်ထားတာက ကျပ် ၅၀၀၀ ဖြစ်လို့ပါ၊ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်မအနေနဲ့ ကြည်နူးဝမ်းသာမိတာ အမှန်ပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ ဘယ်သူ့ကိုပဲဖြစ်ဖြစ် ငွေ ၁၅၀၀ နဲ့ လက်ဆောင်ပေးနိုင်လို့ပါပဲ"ဟု လားရှိုးမြို့မှ မနွယ်နွယ်ထွန်းက ပြောသည်။

၁၅၀၀ ကျပ်တန် တန်ဖိုးနည်း ဖုန်းကတ်များကို ကန့်သတ်စည်းမျဉ်းအချို့နှင့် ရောင်းချပေးသွားမည် ဖြစ်သော်လည်း နောင်အခါ တယ်လီဖုန်း ဆက်သွယ်မှုကွန်ရက်အတွက် လိုအပ်သည့် အခြေခံအဆောက်အအုံများပြည့်စုံပြီးစီးအောင်ဆောင်ရွက်ပြီးလျှင် ကန့်သတ်သတ်မှတ်ချက်များအားလုံးကို ပယ်ဖျက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

မသဉ္ဇာဝင်း

မနွယ်နွယ်ထွန်း

ချိန်ခါမရွေးသတိပေး
မီးဘေးကင်းဝေးမှာ

တောတောင်လျှိုမြောင်စိမ့်စမ်းတို့ဖြင့် သာမောဖွယ်ကောင်းသော ရှမ်းပြည်နယ်

သတင်းမှတ်စု - မင်းခန့်စိုး(ကြေးမုံ)
ဓာတ်ပုံမှတ်တမ်း - အောင်ကျော်ဝင်း(ကြေးမုံ)

တောတောင်လျှိုမြောင်စိမ့်စမ်းတို့ဖြင့် သာမောဖွယ်ကောင်းလှသော ရှမ်းပြည်နယ်သည် မြန်မာနိုင်ငံ၏ အကြီးဆုံးနှင့် အကျယ်ဝန်းဆုံး ပြည်နယ်ဟု ဆိုရပေမည်။ ထိုပြည်နယ်၏ အကျယ်အဝန်းသည် ၆၁၁၂၃ စတုရန်းမိုင်ရှိသည်။ ယင်းပြည်နယ်တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနက သဘာဝထိန်းသိမ်းရေးနယ်မြေများအဖြစ် တောင်ကြီးငှက်ဘေးမဲ့တော၊ အင်းလေးကန် တောရိုင်းတိရစ္ဆာန် ဘေးမဲ့တော၊ လွိုင်မွေသဘာဝနယ်မြေ၊ ပါဆာသဘာဝနယ်မြေ၊ ပန်းလောင်နှင့်ပြဒါးလင်းဂူ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ ရွှေဥဒေါင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော တို့ကို တည်ထောင်ခဲ့သည်။

တောင်ကြီးငှက်ဘေးမဲ့တောသည် ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်တွင် တည်ရှိပြီး ဧရိယာ ၆ ဒသမ ၂၀ စတုရန်းမိုင် (၃၉၆၈ ဧက) ကျယ်ဝန်း၍ ၁၉၂၀ ခုနှစ်က တည်ထောင်ခဲ့သည်။ ယင်းဘေးမဲ့တောတွင် တောင်ပေါ်တော၊ ထင်းရှူးတော ဂေဟစနစ်ကို ထိန်းသိမ်းထားပြီး ဌာနေငှက်မျိုးစုံကို အဓိကကာကွယ်ထားသည်။

အင်းလေးကန်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသည် ရှမ်းပြည်နယ်ညောင်ရွှေ၊ ပင်လောင်းနှင့် ဖယ်ခုံမြို့နယ်တို့တွင်တည်ရှိပြီး ဧရိယာ ၂၄၇ ဒသမ ၄၅ စတုရန်းမိုင် (၁၅၈၃၇၀ ဧက) ကျယ်ဝန်း၍ ၁၉၈၅ ခုနှစ်က စတင်တည်ထောင်ခဲ့ပြီး ၂၀၁၁ ခုနှစ်တွင် ပြန်လည်ဖွဲ့စည်းတည်ထောင်ခဲ့သည်။ ယင်းဘေးမဲ့တောတွင် ရေတိမ်ဂေဟစနစ်ကို ထိန်းသိမ်းထားပြီး ရေပျော်ငှက်များ၊ ဆောင်းခိုငှက်မျိုးများ စသည့်တိရစ္ဆာန်များကို အဓိက ကာကွယ်ထားသည်။ အင်းလေးဒေသသည် ကမ္ဘာပေါ်တွင် ထင်ရှားပြီး ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၂၉၅၀ တွင် တည်ရှိသည်။ ထူးခြားသော ရေတိမ်ဒေသဖြစ်၍ ရေတိမ်ဒေသဂေဟစနစ် (Wetland Ecosystem) ကို လေ့လာနိုင်ခြင်း၊ ရှမ်းကုန်းမြေမြင့်၏ တောင်ပေါ်ဒေသရှုခင်းများ လေ့လာခံစားနိုင်ခြင်း၊ ငှက်မျိုးစုံလင်စွာ လေ့လာကြည့်ရှုနိုင်ခြင်း၊ သုတေသနပြုလုပ်နိုင်ခြင်း၊ အခြားနိုင်ငံဒေသများ၌ မတွေ့ရှိနိုင်သော ငါးဖွံ့၊ ငါးသဖွဲ၊ ငါးခူရှင်ဖ စသည့် ငါးများ၏ နေထိုင်ကျက်စားမှုကို လေ့လာနိုင်ခြင်း၊ အင်းသားတို့၏ ရိုးရာကျွန်းမျောများကို အသုံးပြု၍ ရေပေါ်စိုက်ခင်းများ တည်ထောင်စိုက်ပျိုးမှုစနစ်ကို လေ့လာနိုင်ခြင်း၊ တိုင်းရင်းသားများ၏ ခြေဖြင့် လှေလှော်ခတ်သည့် ထူးခြားသောလှေကို လေ့လာနိုင်ခြင်း၊ ရေလယ်ဖောင်တော်ဦးဘုရားကို ဖူးမြော်ကြည်ညိုနိုင်ခြင်း၊ ရေပေါ်ဈေးကိုလေ့လာနိုင်ခြင်းစသည်တို့ကို ကြည့်ရှုလေ့လာနိုင်မည့်အခွင့်အလမ်းများ ရရှိမည်ဖြစ်သည်။

ရှမ်းပြည်နယ် ရွာငံမြို့နယ်ရှိ ပြဒါးလင်းဂူ။ (အတွင်းပိုင်းမှပုံ)

ရှမ်းပြည်နယ် ရွာငံမြို့နယ်ရှိ ပြဒါးလင်းဂူ။ (အပြင်ဘက်မှပုံ)

လွိုင်မွေသဘာဝနယ်မြေသည် ရှမ်းပြည်နယ်ကျိုင်းတုံမြို့နယ်တွင် တည်ရှိပြီး ဧရိယာ ၁၆ ဒသမ ၅၄ စတုရန်းမိုင် (၁၀၅၈၅ ဒသမ ၆၀ ဧက) ကျယ်ဝန်း၍ ၁၉၉၆ ခုနှစ်က တည်ထောင်ခဲ့သည်။ ယင်းသဘာဝနယ်မြေတွင် တောင်ပေါ်တောဂေဟစနစ်ကို ထိန်းသိမ်းထားပြီး ဝက်ဝံ၊ သင်းခွေချပ်၊ ငှက်မျိုးများစသည့် တိရစ္ဆာန်များကို အဓိက ကာကွယ်ထားသည်။

ပါဆာသဘာဝနယ်မြေသည် ရှမ်းပြည်နယ်တာချီလိတ်မြို့နယ်တွင် တည်ရှိပြီး ဧရိယာ ၂၉ ဒသမ ၇၄ စတုရန်းမိုင် (၁၉၀၃၂ ဒသမ ၄၀ ဧက) ကျယ်ဝန်း၍ ၁၉၉၆ ခုနှစ်က တည်ထောင်ခဲ့သည်။ ယင်းသဘာဝနယ်မြေတွင် တောင်ပေါ်တောဂေဟစနစ်ကို ထိန်းသိမ်းထားပြီး ပသျှူး သင်းခွေချပ်၊ငှက်မျိုးများစသည့် တိရစ္ဆာန်များကို အဓိက ကာကွယ်ထားသည်။

ပန်းလောင်နှင့် ပြဒါးလင်းဂူ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသည် ရှမ်းပြည်နယ်ရွာငံမြို့နယ်တွင် တည်ရှိပြီး ဧရိယာ ၁၂၈ ဒသမ ၈၈ စတုရန်းမိုင် (၈၂၄၈၃ ဧက) ကျယ်ဝန်းပြီး ၂၀၀၂ခုနှစ်တွင် တည်ထောင်ခဲ့သည်။ ယင်းဘေးမဲ့တောတွင်ရွက်ပြတ်ရောနှောတော၊ အမြဲစိမ်းတော၊ တောင်ပေါ်တောဂေဟစနစ်ကို ထိန်းသိမ်းထားပြီး ကျားသစ်၊ အင်းကျား၊ တောဆိတ်၊ မျောက်မွဲ မျက်ကွင်းဖြူမျောက်စပ်၊ ငှက်မျိုးများ၊ သစ်ခွများ စသည်တို့ကို အဓိက ကာကွယ်ထားသဖြင့် ဇီဝမျိုးစုံမျိုးများကို လေ့လာနိုင်ခြင်း၊ သမိုင်းဝင် အထောက်အထားဖြစ်သည့် ပြဒါးလင်းဂူအားလေ့လာနိုင်ခြင်း၊ တောတွင်းခရီးကြမ်းသွားခြင်း၊ စခန်းချခြင်း၊ ပန်းလောင်ချောင်းတစ်လျှောက် စက်လှေဖြင့် စုန်/ဆန် ခရီးသွားနိုင်ခြင်း၊ သဘာဝဘူမိအနေအထားအရ အသွင်အမျိုးမျိုးဖြင့် ဖြစ်ပေါ်နေသော ထုံးကျောက်ဂူများနှင့် လင်းနို့မျိုးစိတ်များအား လေ့လာနိုင်ခြင်းတို့ကို ကြည့်ရှုလေ့လာနိုင်မည့် အခွင့်အလမ်းများရရှိနိုင်သည်။

ရွှေဥဒေါင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသည် ရှမ်းပြည်နယ်မိုးမိတ်မြို့နယ်တွင်တည်ရှိပြီး ဧရိယာ ၄၅ ဒသမ ၅၅ စတုရန်းမိုင်(၂၉၁၅၄ ဧက)၊ မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ်နှင့် မိုးကုတ်မြို့နယ်တွင် ၂၂ ဒသမ ၄၁ စတုရန်းမိုင်(၁၄၃၄၂ ဧက) ကျယ်ဝန်း၍ ၁၉၂၇ ခုနှစ်က စတင်တည်ထောင်ခဲ့ပြီး ၂၀၁၁ ခုနှစ်တွင် ပြန်လည်ဖွဲ့စည်းတည်ထောင်ခဲ့သည်။ ယင်းဘေးမဲ့တောတွင်ရွက်ပြတ်ရောနှောတော၊ အမြဲစိမ်းတော၊ တောင်ပေါ်တောဂေဟစနစ်ကို ထိန်းသိမ်းထားပြီး ဆင်၊ ပြောင်၊ စိုင်၊ ဆတ်၊ တောဆိတ်၊ မျောက်၊ ငှက်မျိုးစုံစသည့်တိရစ္ဆာန်များကို အဓိကကာကွယ်ထားကြောင်း မှုဝေရေးသားလိုက်ရပါသည်။ ။

INVITATION FOR TENDER

TENDER No.BRIDGE/BYN-2/2013-2014/NPT/ST-001

1. Opened Tender is invited by Public Works, Ministry of Construction, Nay Pyi Taw, the Republic of the Union of Myanmar for the Supply of Steel Truss and Accessories for BAYINTNAUNG BRIDGE No.2(Four Lanes Highway Bridge Construction Project)across Hline River, it links Mayangon Township with Hlinethaya Township, Yangon Region.

2. Tender application form of BAYINTNAUNG BRIDGE No.2(including Technical Specifications, terms of Tender, Tender Schedule and Offer Form) can be purchased with USD 1000 (One Thousand Only).

3. The payment for tender application must be paid to Public Works's Account OA-010311, Myanmar Economic Bank(2) through Myanmar Foreign Trade Bank.

4. The Tender documents can be obtained from Bridge Division, Building No.(11), Public Works, Ministry of Construction, Nay Pyi Taw, the Republic of the Union of Myanmar only with the Cash Receipt delivered by Account Division, Public Works from 5th April, 2013 to 25th April, 2013 in office time.

5. Tender should be submitted to the above address not later than 16:30 hours on 5th June, 2013.

6. For further detail information, Please contact to Telephone No.067-407183, 407514.

Managing Director
Public Works



ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်းများအား ဘီအိုတီစနစ်ဖြင့် ဆောင်ရွက်လိုသော ပုဂ္ဂလိကလုပ်ငန်းရှင်များအား ဖိတ်ခေါ်ခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် တာဝန်ယူဆောင်ရွက်သောလမ်းမိုင် (၂၄၆၆၉)မိုင်ရှိသည့်အနက် (၃၅၁၄)မိုင်အား သတ်မှတ်စည်းမျဉ်းစည်းကမ်းများနှင့်အညီ ပုဂ္ဂလိကလုပ်ငန်းရှင်များအား B.O.T (Build,Operate & Transfer) (ဖောက်လုပ်ပြုပြင်အဆင့်မြှင့်တင်ခြင်း၊ လုပ်ငန်းလုပ်ကိုင်ခြင်းနှင့် လွှဲပြောင်းပေးခြင်း) စနစ်ဖြင့် ဆောင်ရွက်ခွင့်ပြုပြီး ဖြစ်ပါသည်။ ယခုအခါ ကျန်ရှိသော (၂၁၁၅၅)မိုင်အား ဘီအိုတီစနစ်ဖြင့် လုပ်ကိုင်ဆောင်ရွက်လိုသော ပုဂ္ဂလိကလုပ်ငန်းရှင်များအား ဖိတ်ခေါ်အပ်ပါသည်။

ဘီအိုတီစနစ်ဖြင့် လုပ်ကိုင်ဆောင်ရွက်လိုကြောင်း လျှောက်ထားရာတွင် ဆောင်ရွက်လို သည့် လမ်းအမည်၊ လမ်းမိုင်အရှည်နှင့် ရင်းနှီးမြှုပ်နှံမည့် ပမာဏတို့ကို ဖော်ပြရပါမည်။

ယင်းသို့ လျှောက်ထားရာတွင် လမ်းမိုင်အရှည်သည် အနည်းဆုံး တစ်ဆက်တည်း (၄၀)မိုင်ရှိရပါမည်။ လမ်းတည်ဆောက်ခြင်းနှင့် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းအတိုင်း တည်ဆောက်ချိန်ကာလ (၃)နှစ်အတွင်း ပြီးစီးအောင် ဆောင်ရွက်ရပါမည်။ အသေးစိတ်အချက်အလက်အား တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အင်ဂျင်နီယာမှူးကြီးရုံးများနှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း(ရုံးချုပ်)လမ်းဦးစီး နေပြည်တော်တို့တွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
ဖုန်း-၀၆၇-၄၀၇၀၈၁၊ ၄၀၇၄၆၄၊ ၄၀၇၅၈၃

အယ်လ်ဘမ်အသစ်ထွက်ရှိရေးကြိုးပမ်းနေတဲ့ Maroon 5 ပေါ့ပ်ဂီတအဖွဲ့

မကြာမီက ဂရမ်မီဆုရရှိထားသော Maroon 5 ပေါ့ပ်ဂီတအဖွဲ့သည် ၎င်းတို့၏ အယ်လ်ဘမ်အသစ်အတွက် အစွမ်းကုန် ကြိုးစားနေကြောင်းနှင့် ယင်းအယ်လ်ဘမ်ကို အဆိုပါအဖွဲ့၏ နွေရာသီဂီတဖျော်ဖြေပွဲမတိုင်မီ ဖြန့်ချိသွားမည် ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ဟွန်ဒါမော်တော်ကားကုမ္ပဏီမှ အဓိက စပွန်ဆာအဖြစ် တာဝန်ယူကျင်းပပေးမည့် Honda Civic Tour (2013)ကို ဩဂုတ် ၁ ရက်မှ အောက်တိုဘာ ၅ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ယင်းဂီတဖျော်ဖြေပွဲတွင် Maroon 5 ပေါ့ပ်အဖွဲ့နှင့်အတူ အထူးဧည့်သည်တော်အဖြစ် တေးသံရှင်ကယ်လီကလပ်ဆွန်တို့လည်း ပါဝင်ဖျော်ဖြေကြမည်ဖြစ်သည်။

၂၀၁၂ ခုနှစ်က ထွက်ရှိခဲ့သော Maroon5 အဖွဲ့၏ Overexposed အယ်လ်ဘမ်အား ပရိသတ်အများစုက နှစ်သက် အားပေးခဲ့ကြသည့်အတွက် ထူးခြားသည့်အောင်မြင်မှုများရရှိခဲ့ပါကြောင်း၊ ယင်းမှာ ၎င်းတို့အဖွဲ့၏ အိပ်မက်များ အမှန်တကယ် ဖြစ်လာခြင်းပင်ဖြစ်ပါကြောင်း အဆိုပါအဖွဲ့မှ အဖွဲ့ဝင် Levine က ပြောကြားခဲ့သည်။

ဆက်လက်ပြီး နောက်ဆက်တွဲတေးအယ်လ်ဘမ် အခြေအနေနှင့် ပတ်သက်ပြီး ကျွန်တော်တို့ အခုမှ စလုပ်နေဆဲဖြစ်ပါတယ်။ တတ်နိုင်သလောက် သီချင်းကောင်းကောင်းလေးတွေနဲ့ ဒီအယ်လ်ဘမ်ကို ဖန်တီးပေးသွားမှာပါ၊ တစ်ခါတလေမှာ အခက်အခဲတွေတော့ ရှိပါတယ်။ ဒါပေမယ့် အဲဒါတွေက အောင်မြင်မှုတွေ အများကြီးကို ခေါ်ဆောင်လာတတ်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ပြုစုသူ - ပြည့်ဝဣန္ဒာမြင့်

အာဖဂန်နစ္စတန်၌ အမျိုးသမီးစာသင်ကျောင်းဖွင့်လှစ်ပေးခဲ့တဲ့ သရုပ်ဆောင် အိန်ဂျလီနာဂျိုလီ

ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးမှ ချစ်ကြည်ရေးသံတမန်တစ်ဦးဖြစ်သူ ဟောလိဝုဒ်အကယ်ဒမီဆုရှင် သရုပ်ဆောင် အိန်ဂျလီနာဂျိုလီက အာဖဂန်နစ္စတန်နိုင်ငံ မြို့တော်ကဘူးအနီး၌ အမျိုးသမီး မူလတန်း စာသင်ကျောင်းတစ်ကျောင်းကိုဖွင့်လှစ်ပေးခဲ့ကြောင်း မေ ၁ ရက်က အတည်ပြုပြောကြားခဲ့သည်။

အဆိုပါ မူလတန်းစာသင်ကျောင်းတည်ရှိရာ နေရာတွင် ဒုက္ခသည်များနေထိုင်လျက်ရှိကြပြီး ထိုနေရာရှိ အမျိုးသမီးအများစု၏ အခြေခံပညာရေးမှာ လွန်စွာ အားနည်းသောနေရာဖြစ်ကြောင်းနှင့် "အဲဒီနေရာမှာရှိတဲ့ ပဋိပက္ခဒဏ်ခံစားခဲ့ရသော ကလေးငယ်များ၊ ပဋိပက္ခအတွင်းက ကလေးငယ်များနဲ့ အရေးပေါ်အခြေအနေမှာရှိနေတဲ့ စုစုပေါင်း ကလေးငယ် တစ်သန်းခန့် စာသင်ကြားခွင့် ရရှိနိုင်ဖို့အတွက် ပဋိပက္ခအတွင်းကလေးငယ်များဆိုင်ရာ ပညာရေးပူးပေါင်း ဆောင်ရွက်ရေးအဖွဲ့က ရည်ရွယ်ဆောင်ရွက်နေပါတယ်"ဟု ဂျိုလီက အဆိုပါ ကျောင်းဖွင့်ပွဲ၏ စာနယ်ဇင်းရှင်းလင်းပွဲတစ်ခုတွင် ပြောကြားခဲ့သည်။

ထို့ပြင် သရုပ်ဆောင် အိန်ဂျလီနာဂျိုလီက သူမ၏ Style of Jolie အမည်ရှိ ရတနာဆိုင်မှရရှိသော အမြတ်များဖြင့် ကမ္ဘာတစ်ဝန်း၌ ကျောင်းအများအပြား တည်ဆောက်ဖွင့်လှစ်သွားရန် စီစဉ်ထားကြောင်းနှင့် ယခုကဲ့သို့ ပညာရေးပူးပေါင်းဆောင်ရွက်မှုများမှ ရရှိလာသည့် အမြတ်အစွန်း ၁၀၀ ရာခိုင်နှုန်းကိုလည်း ပရဟိတလုပ်ငန်းများသို့ လှူဒါန်းသွားရန် သန္နိဋ္ဌာန်ချထားကြောင်း ဂျိုလီက ဆိုသည်။

အကယ်ဒမီဆုရှင် အိန်ဂျလီနာဂျိုလီသည် ၂၀၀၁ ခုနှစ်က ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏ ချစ်ကြည်ရေးသံတမန်အဖြစ် ခန့်အပ်ခြင်းခံခဲ့ရပြီး သူမအား အတိဒုက္ခရောက်နေကြရသော တွယ်ရာမဲ့ ဒုက္ခသည်သန်းပေါင်းများစွာကို အကာအကွယ်နှင့် အားပေးနှစ်သိမ့်မှုပေးရန် ရည်ရွယ်ခန့်အပ်ခြင်းဖြစ်ကြောင်း ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏ ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

အိန္ဒိယပရီမီယာလိဂ်ဖွင့်ပွဲအခမ်းအနား၌ ဂျနီဖာလိုပက်ဇ်အား ခေါ်ယူမည့်အစီအစဉ်ကို ဖျက်သိမ်း

အဆိုတော် မင်းသမီး ဂျနီဖာလိုပက်ဇ်အား အိန္ဒိယပရီမီယာလိဂ်ဖွင့်ပွဲ အခမ်းအနား၌ဖျော်ဖြေပေးရန် ပရိသတ်များ၏တောင်းဆိုမှုကြောင့် စီစဉ်သူများက အခမ်းအနားအတွက် ကုန်ကျစရိတ်များကို လျှော့ချသုံးစွဲရန် စီစဉ်ခဲ့သော်လည်း သူမ၏အလွန်အကျွံတောင်းဆိုမှုများကြောင့် သူမအား ခေါ်ယူရန်အစီအစဉ်ကို ဖျက်သိမ်းခဲ့သည်။

(၄၃)နှစ်အရွယ်ရှိ နာမည်ကြီးအဆိုတော် ဂျနီဖာက သူမအတွက် အထူးသီးသန့်စီစဉ်ပေးရန်နှင့် သူမ၏ မူပိုင်ဒီဇိုင်းပညာရှင်၊ လက်ထောက်အကူ၊ စားဖိုမှူးအပါအဝင် နောက်လိုက်အခြံအရံများအတွက် တည်းခိုစရာအခန်း တစ်ဒါဇင် ဆောင်ရွက်ပေးရန် တောင်းဆိုခဲ့သည်ဟု သိရသည်။

ဧပြီ ၂ ရက်တွင် ကိုးလ်ကတ္တားမြို့၌ ဟောလိဝုဒ်နာမည်ကျော် မင်းသား ရှရွတ်ခန်နှင့် မင်းသမီး ကတ်ထရီနာကစ်ဖ်တို့လည်း ပါဝင်ဖျော်ဖြေခဲ့သည့် ယင်းအစီအစဉ်၌ အဆိုတော် ဂျနီဖာလိုပက်ဇ်အစား အမေရိကန် ရက်(ပ်)ပါ အဆိုတော် Pitbull ကို အနုပညာအခကြေးငွေ အမေရိကန်ဒေါ်လာ ၆၀၀၀၀၀ ဖြင့် ခေါ်ယူခဲ့ကြောင်း သိရသည်။

ဇေယျာလင်း

မင်းသမီး ဂိုးဂျန်ဟီး၏ အလှအပဆိုင်ရာ လျှို့ဝှက်ချက်

၂၀၀၁ ခုနှစ်မှစ၍ အနုပညာလောကထဲသို့ ခြေချလာသူ တောင်ကိုရီးယားမင်းသမီး ဂိုးဂျန်ဟီးက သူမ၏ ရုပကာအလှ ထိန်းသိမ်းထားနိုင်မှု၏ နောက်ကွယ်မှ လျှို့ဝှက်ချက်ကို ထုတ်ဖော်ပြောဆိုခဲ့သည်။

"ကျွန်မက သရေစာတွေ မစားမိအောင် ထမင်းကို အဝစားလိုက်တယ်၊ မင်းသမီးအတော်များများကတော့ ထမင်းလျှော့စားကြပေမယ့် ကျွန်မကတော့ အချိန်မှန်ထမင်းစားပြီး မလိုအပ်တဲ့ အပိုစာတွေကို မစားမိအောင် ရှောင်တယ်ရှင့်" ဟု အမ်ဘီစီဖျော်ဖြေရေးကဏ္ဍ အသံလွှင့်အစီအစဉ်မှ တွေ့ဆုံမေးမြန်းရာ၌ ဖြေဆိုခဲ့ခြင်းဖြစ်သည်။

သူမက ဆက်လက်၍ " ကျွန်မ ဆံပင်အတိုထားပြီးနောက်ပိုင်းမှာ အမျိုးသားပရိသတ် ပိုများလာတယ်" ဟုလည်း ထပ်လောင်းပြောပြခဲ့သည်။

သားသားလေးကျော်ဘုန်းသန့်အတွက် (၂)နှစ်ပြည့်မွေးနေ့မင်္ဂလာဆုတောင်း

၂၀၁၃ခုနှစ်၊ ဧပြီလ ၄ရက်တွင် ကျရောက်သော သားသားလေး ကျော်ဘုန်းသန့်၏ (၂)နှစ်ပြည့်မွေးနေ့မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် ချစ်သောဖေဖေ-မေမေတို့နှင့်အတူ စိတ္တသုခ၊ ကာယသုခ နှစ်ဖြာသော သုခချမ်းသာတို့နှင့်ပြည့်စုံပြီး ပျော်ရွှင်ချမ်းမြေ့ သောဘဝကို ပိုင်ဆိုင်၍ နိုင်ငံအတွက် သားကောင်းရတနာလေးဖြစ်လာစေရန် ဆုတောင်းလိုက်ပါသည်။

ဖေဖေ-ဦးချမ်းအေးကျော်
မေမေ-ဒေါ်သီသီထွေး

မြန်မာပြည်အဝန်း ငြိမ်းချမ်းတိုးတက်စေကြောင်း ဆရာတော်ကြီး ဘဒ္ဒန္တဉာဏစက္က မေတ္တာလောင်း၍ ပြန်လည်ကြွချီသီတင်းသုံးမည့်အကြောင်းကုသိုလ်ယူနိုင်ပါရန်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ရွှေနံ့သာအုပ်စု၊ ဉာဏရပ်ကွက်ရှိ မင်္ဂလာသီရိမဟာသတိပဋ္ဌာန်ကျောင်းတိုက် ပဓာနနာယကနှင့် တစ်နိုင်ငံလုံးရှိ စိတ္တသုခကမ္မဋ္ဌာန်းကျောင်းတိုက်များ၏ ပဓာနနာယကဖြစ်တော်မူသော ဆရာတော်ကြီး ဘဒ္ဒန္တဉာဏစက္က(ရခိုင်ကျောင်းဆရာတော်ကြီး)သည် သက်တော်(၉၀)ပြည့် အထိမ်းအမှတ် ရဟန်းရှင်လူပြည်သူတို့၏ ပင့်လျှောက်မှုအရ ရခိုင်ပြည်နယ်သို့ ဒေသစာရီကြွချီတော်မူပြီးဖြစ်ပါ၍ ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ မင်္ဂလာသီရိမဟာသတိပဋ္ဌာန်ကျောင်းတိုက်သို့ မကြာမီပြန်လည်ကြွချီသီတင်းသုံးမည်ဖြစ်ပါကြောင်း ကုသိုလ်ယူနိုင်ပါရန် ဆရာတော်ကြီး၏ မေတ္တာများဖြင့် အသိပေးနှိုးဆော်အပ်ပါသည်။

Air Bagan ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ မိသားစုများ၊ ဧဒင်မိသားစု၊
Fortune Enterprise မိသားစု၊ **Global Net** မိသားစု၊
ဦးစံရွှေအောင်-ဒေါ်အေးအေးသန်းမိသားစု

GOLDEN STAR
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (နေ့စဉ်)

POST ဝင်ခွင့်သင်တန်း တန်းခွဲသစ်ဖွင့်မည်
မူလတန်းပြဆရာ/မ

အာရှနဂါး
ချောင်းသာ/ငွေဆောင်
Ph : 703790,09-861-9008
707062,09-861-7770

ရွှေသိပ်ဖ်တာနီး
ချောင်းသာ
ကျိုက်ထီးရိုး
ငွေဆောင်
01-710436, 701015, 095403844, 09-5044830

ပြင်သစ်မြေ၌ ဘာစီလိုနာတို့ သရေပွဲဖြစ်ခဲ့သော်လည်း ဂျူဗင်တပ်ကို ဘိုင်ယန်မြူးနစ် နှစ်ဂိုးပြတ်အနိုင်ယူ

ချန်ပီယံလိဂ်ကွာတားဖိုင်နယ်ပထမအကျော့ပွဲစဉ်များအဖြစ် ဧပြီ ၃ ရက် နံနက်ပိုင်းတွင် ပီအက်စ်ဂျီအသင်းနှင့် ဘာစီလိုနာအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ သရေရလဒ်ဖြင့်သာပွဲပြီးဆုံးခဲ့သော်လည်း ဘိုင်ယန်မြူးနစ်အသင်းနှင့် ဂျူဗင်တပ်အသင်းတို့၏ ပွဲစဉ်တွင်မူ အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားရသည့် ဘိုင်ယန်မြူးနစ်အသင်းက ဧည့်သည် ဂျူဗင်တပ်အသင်းကို နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။

ပီအက်စ်ဂျီအသင်းနှင့် ဘာစီလိုနာအသင်းတို့၏ ပွဲစဉ်တွင် ဘာစီလိုနာအသင်းသည် နောက်တန်းတွင် အားထားရသည့် ကားလက်ပူယိုးလ်နှင့် အက်ဒရီယာနိုတို့ ဒဏ်ရာရရှိထားခြင်းနှင့် ရိုဒရီဂက်ဇ် ပွဲပယ်ပြစ်ဒဏ်ကျနေခြင်းတို့ကြောင့် လူစုံထုတ်မကစားနိုင်ခဲ့သော်လည်း ချန်ပီယံလိဂ်ကွာတားဖိုင်နယ်အမီပြန်လာနိုင်သည့် နည်းပြ ဗီလာနိုဗာ ကိုင်တွယ်လာနိုင်၍ ဘာစီလိုနာအတွက် အားတက်စရာဖြစ်ခဲ့ရသည်။

ယင်းပွဲစဉ်တွင် ဘာစီလိုနာအသင်းသည် နည်းပြ ဗီလာနိုဗာပြန်လည်စတင်ကိုင်တွယ်စဉ် ဒေးဗစ်ဗီလာ၊ မက်ဆီ၊ ဆန်းချက်ဇ်၊ အင်နီယေစတာ၊ ဘတ်စကွက်၊ အယ်လ်ဗက်၊ ဂျော်ဒီအယ်လ်ဘာ၊ မာချီရာနို စသည့် ကစားသမားများကို ၄-၃-၃ ဗျူဟာ ခင်းကျင်းကာ ပွဲထွက်ခဲ့သော်လည်း နည်းပြကားလို့အန်ဆန်လော့တီ၏ အီဗရာဟီမိုဗစ်ချ်၊ လာဗက်ဇီ၊ သီယာဂိုဆေးလ်ဗား၊ ဒေးဗစ်ဘက်ခမ်း စသည့် ကစားသမားများကို ၄-၄-၂ ဗျူဟာဖြင့် ပွဲထွက်လာသည့် ပီအက်စ်ဂျီအသင်းကို တစ်ဖက်နှစ်ဂိုးစီဖြင့် သရေရလဒ်သာ အကောင်းဆုံးရလဒ်အဖြစ် ကစားနိုင်ခဲ့သည်။

ဘာစီလိုနာအသင်းသည် ချန်ပီယံလိဂ်ဖလားကို လေးကြိမ်တိုင်တိုင် ဆွတ်ခူးရရှိထားသော်လည်း အန်ဆန်လော့တီ၏ ပြင်သစ်မြေတွင် လွှမ်းမိုးထားသော စွမ်းဆောင်ရည်ကို မကျော်လွှန်နိုင်ခဲ့ဘဲ သရေပွဲဖြစ်ခဲ့ရသည်။

ယင်းပွဲစဉ်တွင် တစ်ဖက်နှင့်တစ်ဖက် ဂိုးမပေးရရေးနှင့် အမှားမခံရရေး အကြိတ်အနယ်ကြိုးပမ်းလာခဲ့သော်လည်း အဆုံးသတ်မသေချာမှုများဖြင့် ကြုံတွေ့ခဲ့ရသည်။ ဘာစီလိုနာအတွက် သွင်းဂိုးများကို ပွဲကစားချိန် ၃၈ မိနစ်တွင် လီယွန်နယ်မက်ဆီနှင့် မိနစ် ၉၀ တွင် ဇာဗီဟာနန်ဒက်ဇ်တို့က သွင်းယူပေးခဲ့သော်လည်း ပါရီမြို့အခြေစိုက် ပီအက်စ်ဂျီ အသင်းက အီဘရာဟီမိုဗစ်ချ်နှင့် မက်တူရီဒီတို့၏ ချေပဂိုးများ သွင်းယူပေးခဲ့မှုကြောင့် သရေရလဒ်ဖြင့်သာ ပွဲပြီးဆုံးခဲ့သည်။

သို့ရာတွင် ဘိုင်ယန်မြူးနစ်အသင်းနှင့် အီတလီစီးရီးအေ၏ ထိပ်သီးကလပ်တစ်ခုဖြစ်သည့် ဂျူဗင်တပ်အသင်းတို့၏ ပွဲစဉ်တွင် အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရသော ဘိုင်ယန်မြူးနစ်အသင်းက နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။

ယင်းပွဲစဉ်တွင် ချန်ပီယံလိဂ်ဖလား လေးကြိမ်အထိ ဆွတ်ခူးရရှိထားသည့် ဘိုင်ယန်မြူးနစ်အသင်းသည် မန်ဇူကစ်၊ တိုနီခရုစ်၊ ရီဘာရီ၊ ချက်ဝီစတိန်ဂါး၊ ဂတ်စတာဗို၊ သောမတ်မူလာ၊ ဖီးလစ်လမ်း စသည့်ကစားသမားများကို ၄-၂-၃-၁ ပုံစံဖြင့် ပွဲထွက်ကစားစေခဲ့ရာ ပီယာလို၊ လီချန်စတိန်းနာနှင့် မာချီစီယိုတို့ ဦးဆောင်ပွဲထွက်လာသည့် အီတလီစီးရီးအေ ထိပ်တန်းအဆင့်ရှိ ဂျူဗင်တပ်အသင်းကို ပထမအကျော့တွင်ပင် အနိုင်ကစားနိုင်ခဲ့သည်။

ဘိုင်ယန်မြူးနစ်အသင်း၏ ချန်ပီယံလိဂ်စွမ်းရည်သည် ၂၀၀၀ ခုနှစ်မှစတင်ကာ ချန်ပီယံလိဂ်ဝင်ခွင့်အတွက် မခက်ခဲသော ဘွန်ဒက်လီဂါထိပ်သီးအသင်းတစ်သင်းပီပီ ချန်ပီယံလိဂ်တွင် ပထမအကျော့ယှဉ်ပြိုင်ရတိုင်း ဘယ်အသင်းကိုမဆို အနိုင်ကစားနိုင်ခဲ့သည့် ခြေစွမ်းက အံ့မခန်းချီးကျူးလောက်ပေသည်။

ယင်းမှာလည်း ဘိုင်ယန်မြူးနစ်နည်းပြဘဝမှ အနားယူတော့မည့် ဂျက်ဟေးနက်စ် ၊ အသင်းအတွက်အရေးပါသော ဂိုးများကိုသွင်းယူပေးနိုင်ခဲ့သည့် မန်ဇူကစ်၊ ကွင်းလယ်မှအကောင်းဆုံးပံ့ပိုးပေးနိုင်စွမ်းရှိသည့် တိုနီခရုစ်၊ ရီဘာရီ၊ သောမက်မူလာ စသည့်ကစားသမားများ၏ စွမ်းဆောင်ရည်နှင့်အတူ (၂၃)ကြိမ်မြောက်ဆွတ်ခူးမည့် ဘွန်ဒက်လီဂါဖလားကြီးကို ကိုင်မြှောက်အောင်ပွဲခံရန် လက်တစ်ကမ်းသာလိုတော့သည့်အပြင် လက်ရှိဥရောပ၏ ကြီးကျယ်ခမ်းနားဆုံးဖြစ်သည့် ချန်ပီယံလိဂ်ပြိုင်ပွဲကြီး၏ ကွာတားဖိုင်နယ်ပထမအကျော့တွင်လည်း ပထမပိုင်း ပွဲကစားချိန်တစ်မိနစ်တွင် သွင်းယူပေးခဲ့သည့် ဒေးဗစ်အယ်လ်လာဘာ၏ အဖွင့်ဂိုး၊ ၆၃ မိနစ်တွင် သွင်းယူခဲ့သည့် သောမက်မူလာတို့၏ သွင်းဂိုးများက ပြိုင်ဘက် ဂျူဗင်တပ်အသင်းကို နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည့်အပြင် ချန်ပီယံလိဂ်ဖလားရရှိရေး လမ်းကြောင်းပေါ်သို့ ရောက်ရှိလာနေပြီလည်းဖြစ်သည်။

နိုင်လင်းကြည်(ကြေးမုံ)

မာဆေးလ်နောက်ခံလူ နီကိုလက်ကူးလူးအား နယူးကာဆယ်၊ အာဆင်နယ်နှင့် မန်စီးတီးတို့ ပစ်မှတ်ထားနေ

ပရီမီယာလိဂ်အသင်းများဖြစ်သော နယူးကာဆယ်၊ အာဆင်နယ်နှင့် မန်စီးတီးအသင်းတို့သည် မာဆေးလ်အသင်းမှ ကင်မရွန်းကြယ်ပွင့် နီကိုလက်ကူးလူးအား စာချုပ်ချုပ်ဆိုခေါ်ယူရန် အပြိုင်ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

ကင်မရွန်းနောက်တန်း ကစားသမားကူးလူးသည် ယခုနှစ်ဘောလုံးရာသီတွင် မာဆေးလ်အသင်းအတွက် အကောင်းဆုံးစွမ်းဆောင်ပေးနိုင်ခဲ့ပြီးနောက် ဥရောပကလပ်အသင်းအတော်များများက စိတ်ဝင်စားမှုခံထားရသူဖြစ်သည်။

လက်ရှိတွင် နယူးကာဆယ်၊ အာဆင်နယ်နှင့် မန်စီးတီးအသင်းတို့က ၎င်းအားခေါ်ယူရန် စိတ်ဆန္ဒပြင်းပြနေခြင်းကြောင့် ပြင်သစ်ပထမတန်းကလပ် မာဆေးလ်အသင်းအနေဖြင့် အသင်း၏အားထားရသော နောက်ခံလူကူးလူးအား ရောင်းချမည်ဆိုပါက အနည်းဆုံးပြောင်းရွှေ့ကြေးပေါင်ခြောက်သန်းရရှိရန် မျှော်လင့်ထားကြောင်းဆိုသည်။

ထို့အပြင် အာဆင်နယ်အသင်းနည်းပြ အာစင်ဝင်းဂါးနှင့် မန်စီးတီးအသင်းနည်းပြ ရောဘတ်တိုမန်စီနီတို့ကလည်း မာဆေးလ်အသင်းမှ ကင်မရွန်းနောက်ခံကစားသမား နီကိုလက်ကူးလူးအား အပြိုင်ခေါ်ယူရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း လူသိရှင်ကြားပြောကြားခဲ့သည်။

၁၁-၃-၂၀၁၃ရက်နေ့ မြန်မာ့အလင်းသတင်းစာတွင် ဦးအာသာစန်း၊ ဒေါ်စန္ဒီစန်း၊ ဒေါ်နွယ်နီစန်းတို့၏ ကြေညာခြင်းနှင့်စပ်လျဉ်း၍ အများသိစေရန် ပြန်လည်ကြေညာခြင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဒေါ်သိန်းတင်လမ်း၊ အမှတ်(၇)နေ ဦးအောင်မြင့်[၁၂/ပဘတ(နိုင်)၀၁၇၇၀၃] (ရတနာမြိုင်ဆောက်လုပ်ရေး)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၆) (၁၉၅၇/၅၈)၊ မြေကွက်အမှတ်(၃/ခ)၊ လန-၃၁ ရရှိပြီး မြေအကျယ် (၄. ၁၄၇၂)ဧက အနက် မြေကွက်အမှတ်(ဘီ၊ စီ၊ ဒီ)ဟု ခေါ်တွင်သော ခန့်မှန်း (၂. ၇၅) ဧကရှိ မြေသည် ကွယ်လွန်သူ ဦးစန်းမောင် အမည်ပေါက်၍ သားသမီးများဖြစ်ကြသော ဦးအာသာစန်း၊ ဒေါ်စန္ဒီစန်း၊ ဒေါ်နွယ်နီစန်းတို့ အမွေဆက်ခံကြောင်း၊ ယင်းမြေကို ၎င်းတို့ကရောင်းချလိုကြောင်း၊ ကမ်းလှမ်းပြောဆိုလာ၍ ဦးအောင်မြင့်ကဝယ်ယူရန် သဘောတူခဲ့ပါသည်။ စရန်ပေးကတိစာချုပ်များချုပ်ဆို၍ ဦးအာသာစန်းပါ(၃)ဦးသည် ဦးအောင်မြင့်ထံမှ စရန်ငွေများကို ရယူခဲ့ပါသည်။ အထက်ပါအရောင်းအဝယ်ပြုသည့်မြေသည် ဦးအာသာစန်းပါ(၃)ဦး လက်ဝယ်တွင်မရှိဘဲ မြေပေါ်တွင် နေထိုင်သူ (၁၁၅)ဦး နေထိုင်လျက်ရှိပါသည်။ မြေကိုလက်ရောက်ရရှိရေးအတွက် ဦးအာသာစန်းပါ (၃)ဦးမှ ဆောင်ရွက်ပေးနိုင်ခြင်းမရှိ၍ ဝယ်ယူသူ ဦးအောင်မြင့်ဘက်မှ မြေပေါ်တွင် ကာလစည်းကမ်းသတ်ဖြင့် နှစ်ပေါင်းများစွာ နေထိုင်ခွင့်ရှိသူ (၁၁၅)ဦးအနက် မိသားစုအိမ်ခြေ (၈၀)ကျော်နှင့် ညှိနှိုင်း၍ ဦးအောင်မြင့်၏ကုန်ကျစရိတ်ဖြင့် ငွေကြေးမြောက်မြားစွာ အကုန်အကျခံ၍ ဝယ်ယူရှင်းလင်းပြီး မြေများကို လက်ဝယ်ရယူခဲ့ပါသည်။ ထိုသို့ဖြေရှင်းပြီး နေထိုင်သူများပြောင်းရွှေ့ကာ အိမ်ဟောင်းများ ဖျက်သိမ်းပြီး မြေကွက်ရှင်းလင်းပြီးချိန်တွင် ဦးအာသာစန်းပါ (၃)ဦးတို့မှ မတော်လောဘဖြင့် အရောင်းအဝယ်ကို ပြီးမြောက်အောင် လုပ်ပေးခြင်းမရှိဘဲ တိမ်းရှောင်နေပါသည်။ ဦးအာသာစန်းပါ (၃)ဦးသည် မြေဖိုးကျန်ငွေများကို လာယူခြင်းမရှိ၍ ၎င်းတို့ထံ အကြောင်းကြားစာ ပေးပို့ရာ စရန်ပေးစာချုပ်များတွင် ဖော်ပြထားသည့်လိပ်စာများ၌ နေထိုင်ခြင်းမရှိ၍ ၎င်းတို့၏ အိမ်လိပ်စာများကို စုံစမ်းခဲ့ရပါသည်။ ၎င်းတို့ကသတင်းစာတွင် ကြော်ငြာရာတွင်လည်း ၎င်းတို့၏ လိပ်စာကို ဖော်ပြခြင်းမပြုဘဲ ချန်လှပ်ထားပါသည်။ အရောင်းအဝယ်ပြုလုပ်သည့် မြေကွက်များကို လက်ရောက်ရယူထားသူမှာ ဦးအောင်မြင့်သာဖြစ်ပါသည်။ ဦးအာသာစန်းပါ (၃)ဦး၏ လက်ဝယ်တွင်ရှိသော မြေမဟုတ်ပါ။ မြေပေါ်တွင် ရှိနေသေးသည့် လက်ဝယ်ရှိ နေထိုင်သူများနှင့် ဦးအောင်မြင့်က ဆက်လက်ညှိနှိုင်းဆဲဖြစ်ပါသည်။ စရန်ပေးအဆင့်ဆင့်စာချုပ်များအရ တရားဝင် မြေအရောင်းအဝယ် ပြုလုပ်ရာတွင် ဦးအာသာစန်းပါ (၃)ဦးက ဆောင်ရွက်ပေးရန် ကတိပြုထားသည့် စရန်ပေးကတိစာချုပ်ပါ အချက်များကို ပြီးဆုံးအောင် ဆောင်ရွက်ပေးခြင်းမရှိဘဲ ဦးအောင်မြင့်က ပျက်ကွက်သည်ဟု တစ်ဖက်သတ်ကြေညာချက်သာ ဖြစ်ပါသည်။ တရားဝင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးနိုင်ရေးအတွက် ဦးအောင်မြင့်က ဦးအာသာစန်းပါ (၃)ဦးအပေါ် တရားစွဲဆိုရန် စီစဉ်လျက်ရှိကြောင်း အများသိစေရန် ပြန်လည်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးသိန်းဇော **(H.G.P,LL.B)**
တရားလွှတ်တော်ရှေ့နေ (စဉ်-၄၁၃၀)
တိုက်(၁၁)၊ အခန်း(၄/က)၊ ၅၆လမ်း၊ (၂)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်။
ဖုန်း-၀၉ ၅၁၅၃၈၂၄

လက်တော့ပ်ကွန်ပျူတာများပျောက်ဆုံးမှု ကမာရွတ်မြို့နယ်၌ ဖြစ်ပွား

ရန်ကုန်　မေ　၃

မတ် ၃၁ ရက် မွန်းတည့် ၁၂ နာရီခန့်တွင် အင်းစိန်မြို့နယ် အရှေ့ကြို့ကုန်းရပ်ကွက် ရန်ကုန်နည်းပညာ တက္ကသိုလ်ဝင်းနေ ကထိက ဦးမြင့်အောင် (၅၂)နှစ်ပိုင် ကမာရွတ်မြို့နယ် (၁)ရပ်ကွက် အင်းစိန်လမ်း အမှတ် ၉၅ (၄)လွှာ အခန်း(B)အား သားဖြစ်သူ မောင်ဝင်းမြင့်သူနှင့် ၎င်း၏ သူငယ်ချင်းများမှ တိုက်ခန်းအား သော့ခတ်၍ အင်တာနက်ဆိုင်သွားရောက်ပြီး ညနေ ၆ နာရီတွင် တိုက်ခန်းပြန်ရောက်စဉ် အခန်း သော့မရှိတော့ဘဲ တံခါးဂျက်ထိုးလျက်တွေ့ရသည်။

အခန်းအတွင်းထားရှိသော လက်တော့ပ်ကွန်ပျူတာ ငါးလုံးအနက် DELL အမျိုးအစား အနက်ရောင် နှစ်လုံး၊ Acer အမျိုးအစား အပြာနုရောင် လက်တော့ပ်ကွန်ပျူတာ တစ်လုံး၊ ASUS အမျိုးအစား လက်တော့ပ် ကွန်ပျူတာ တစ်လုံး စုစုပေါင်း တန်ဖိုးငွေကျပ် ၈၅၀၀၀၀ မှာ ပျောက်ဆုံးနေသဖြင့် အရေးယူပေးရန် တိုင်တန်းမှုအား ကမာရွတ်ရဲစခန်းက(ပ) ၁၅၂/၂၀၁၃၊ ပြစ်မှုပုဒ်မ ၃၈၀ ဖြင့် မေ ၁ ရက်တွင် အမှုဖွင့်ပြီး တရားခံ ဖမ်းဆီးရမိရေးစုံစမ်းလျက်ရှိသည်။

(၃၀)

တရားမဝင်သယ်ဆောင်လာသော ဘီယာဘူးများ စစ်ဆေးတွေ့ရှိ

ပဲခူး　မေ　၃

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ဆပ်သွားခြံကျေးရွာအနီး မိုင်တိုင်အမှတ် (၈၁/၄)တွင် မေ ၂ ရက်က မိုဘိုင်းနှင့် ပူးပေါင်းအဖွဲ့သည် မော်တော်ယာဉ်များအား ရပ်တန့်စစ်ဆေးရာ ယာဉ်မောင်း ကိုစတီးမောင်းနှင်လာသော ယာဉ်အမှတ် ၆C/----ယာဉ်ပေါ်တွင် ကျောက်စရစ်ခဲများဖြင့် ဖုံးအုပ်တင်ဆောင်လာသော (Beer Chang) (၁×၂၄)၊ ၁၁၉ ဖာ၊ ဘူး ၂၀နှင့် ယာဉ်မောင်းဇော်ဇော်ဝင်း မောင်းနှင်လာသော ယာဉ်အမှတ် ၁C/-----ယာဉ်ပေါ်တွင် (Beer Chang) (၁×၂၄)၊ ၁၁ ဖာတို့ကို စစ်ဆေးတွေ့ရှိသည့်အတွက် အမှုဖွင့်အရေးယူခဲ့ရကြောင်း သိရသည်။

(ဘုန်းသော်-ဝေါ)

ဆန်အိတ်များရောင်းနေသူနှစ်ဦးအား အရေးယူထား

တောင်ကြီး　မေ　၃

တောင်ကြီးမြို့ ကျောင်းကြီးစုရပ်ကွက် (၂၁၂)တိုက်တန်းရှိ လက်ဖက်ရည်ဆိုင်တွင် မသင်္ကာဖွယ်ရာဆန်အိတ်များ ရောင်းချနေကြောင်း သတင်းအရသွားရောက်ကြည့်ရှုရာမှ ဆန်အိတ်လေးအိတ်နှင့်အတူ မသင်္ကာဖွယ်ရာ လူနှစ်ဦးကို တွေ့ရှိရကြောင်း သိရသည်။

မတ် ၂၉ ရက် ညနေ ၅ နာရီကျော်ခန့်တွင် တောင်ကြီးမြို့ ကျောင်းကြီးစုရပ်ကွက် (၂၁၂)တိုက်တန်းရှိ ကံတက်လက်ဖက်ရည်ဆိုင်၌ မသင်္ကာဖွယ်ရာဆန်အိတ်များ ရောင်းချနေကြောင်း သတင်းအရ ကျောင်းကြီးစုရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့၊ အမှတ်(၁)ရဲတပ်ဖွဲ့ စခန်းမှူးနှင့် အဖွဲ့က ဝင်ရောက်ရှာဖွေရာ "တိုးတိုးနွယ်" စာတမ်းပါ ပစ်တိုင်းထောင်ပေါ် ဆန်းမွှေးလေးအိတ် ခန့်မှန်းတန်ဖိုးကျပ် ၁၄၀၀၀၀ နှင့်အတူ ၎င်းဆိုင်နေ ဦးဝင်းနိုင်(၄၈)နှစ် (ရောင်း/ဝယ်)နှင့် ဟိန်းဇာဝင်း (၁၉)နှစ်(ကျပန်း)တို့နှစ်ဦးကို တွေ့ရှိရပြီး ၎င်းဆန်အိတ်များကို ပိုင်ဆိုင်ကြောင်း မပြောပြနိုင်သောကြောင့် တစ်နေရာမှခိုးယူလာကြောင်း ယူဆသဖြင့် အမှတ်(၁)ရဲတပ်ဖွဲ့စခန်းတွင် (ပ)၈၂/၂၀၁၃၊ ပြစ်မှု ပုဒ်မ-၃၈၀/၅၄ ဖြင့် အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စိုင်းတင်ဦး(ရှမ်း/တောင်)

လှိုင်သာယာကြိုပို့ယာဉ် တိမ်းမှောက်

ရန်ကုန်　မေ　၃

လှိုင်သာယာမြို့နယ် ဦးမှိုလမ်းအတိုင်း အရှေ့မှ အနောက်သို့ မောင်းနှင်လာသော အလုပ်သမားကြို/ပို့ BM ယာဉ်တစ်စီးသည် အရှိန်မထိန်းနိုင်ဖြစ်ပြီး ယာဉ်တိမ်းမှောက်သွား၍ ယာဉ်ပေါ်ပါ အမျိုးသမီးများနှင့်အမျိုးသားနှစ်ဦး ဒဏ်ရာများရရှိသည့်ဖြစ်ရပ် မတ် ၃၀ ရက်က လှိုင်သာယာမြို့နယ်အတွင်းဖြစ်ပွားခဲ့သည်။

ဖြစ်ပွားပုံမှာ မြန်မာဆန်နီဖိနပ်စက်ရုံအလုပ်သမား ကြို/ပို့ ယာဉ်မောင်း မင်းကိုမောင်းနှင်သည့် ယာဉ်အမှတ် ဏ/----BM (ပြာ၊ နီရောင်)သည် မတ် ၃၀ ရက်ညနေ ၄ နာရီ မိနစ် ၄၀ခန့်တွင် စက်ရုံဝန်ထမ်း အမျိုးသမီး ၂၀ ဦးနှင့်အမျိုးသား နှစ်ဦးတို့တင်ဆောင်ပြီး ဦးမှိုလမ်းအတိုင်း အရှေ့မှ အနောက်သို့မောင်းနှင်လာစဉ် အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်သွား၍ ယာဉ်ပေါ်ပါအလုပ်သမားများ ဒဏ်ရာရရှိသဖြင့် လှိုင်သာယာဆေးရုံတက်ရောက်၍ ဆေးကုသမှုခံယူကြရသည်။ ယင်းသို့ဖြစ်ပွားပြီး ယာဉ်မောင်း မင်းကိုမှာ ထွက်ပြေးတိမ်းရှောင်သွား၍ ယာဉ်မောင်းအားအရေးယူပေးရန် ဒုရဲအုပ် သန်းဇော်ဦးက လှိုင်သာယာရဲစခန်းသို့ တိုင်ကြားသဖြင့် ရဲစခန်းမှ ယာဉ်(ပ)၂၄/၂၀၁၃ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၇၉/၃၃၈/၂၀၂ အရအရေးယူစစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ထွန်းဝင်း-မြောက်ဥက္ကလာ)**

ကားရိပ်ခိုအိပ်နေသူ ကြိတ်နင်းမိ

ညောင်ဦး　မေ　၃

ညောင်ဦးမြို့နယ် လက်တုမ်ကျေးရွာ ဧရာဝတီမြစ်ကျောက်တင်ဆိပ်ကမ်းတွင် ကျောက်တင်ကားတစ်စီးရပ်ထားစဉ် ကားရိပ်ခို၍ အိပ်နေသော အမျိုးသမီးတစ်ဦးကို မေ ၁ ရက် မွန်းလွဲ ၁ နာရီ ၂၅ မိနစ်ခန့်တွင် ကားအရွှေ့အပြောင်းလုပ်ရာ ကားဖြင့် ကြိတ်နင်းမိပြီးသေဆုံးမှု တစ်ခုဖြစ်ခဲ့သည်။

အဆိုပါဖြစ်စဉ်မှာ မြန်အောင်မြို့နယ် ငပိသိတ်အုပ်စု ဗုဇွန်ချောင်းရွာနေ နေ့စားအလုပ်သမား ခင်မာဝေ အသက်(၄၀)နှစ်သည် ကားရိပ်ခို၍ အိပ်နေစဉ် မြန်အောင်မြို့နယ် ရွှေဘုံသာကမ်းနားလမ်း အမှတ်(၆)ရပ်ကွက်မှ မောင်သံလုံးသည် ကားရိပ်ခို၍ အိပ်နေသူကိုသတိမမူမိဘဲ ကားရွှေ့ပြောင်းရာ ကြိတ်နင်းသေဆုံးသွားခဲ့သည်ဟု သိရှိရသည်။ အမှုနှင့်ပတ်သက်၍ ကားရွှေ့ပြောင်းမောင်းသူ မောင်သံလုံးအားလက်ပန်းခြေပေါ်ရဲစခန်းမှ ဆက်လက်အရေး ယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(ကျော်ငွေး-ညောင်ဦး)

ရထားကို လေးခွနှင့်ပစ်၍ တိုင်ကြား

ကသာ　မေ　၃

ကသာခရိုင်အတွင်း မတ် ၃၀ ရက်က ကသာမြို့မှ နဘားသို့ပြေးဆွဲသော အမှတ်(၅၂)အစုန် နဘား-ကသာ မီးရထားစက်ခေါင်းအား မိုင်တိုင်အမှတ် ၅၉၅/၄ နှင့် ၅ အကြား သံလမ်းဘေးငါးပေခန့်အကွာမှ နားရခေါင်ရွာနေ ခင်ငွေနှင့် မျိုးဦးဆိုသူတို့နှစ်ဦးမှ သားရေလေးခွဖြင့် နှစ်ချက် ပစ်ခတ်ခဲ့၍ စက်ခေါင်းမောင်း ဦးကျော်ဆင့်က သားရေလေးခွဖြင့်ပစ်ခတ်သူနှစ်ဦးအား အရေးယူပေးပါရန် နဘားမီးရထားရဲစခန်းသို့ တိုင်တန်းထားကြောင်း သိရှိရသည်။

"အခုလိုလုပ်တဲ့ သူတွေကို ထိထိရောက်ရောက် အပြစ်ပေးမှ ဖြစ်မယ်။ ဒါမှ နောက်ဆိုရင်မလုပ်ရဲတော့ဘဲ ခရီးသည်တွေအတွက် စိတ်ချရတာပေါ့" ဟု အဆိုပါမီးရထားတွင် လိုက်ပါစီးနင်းလာသော ခရီးသည်တစ်ဦးက ပြောပြခဲ့သည်။

(ခရိုင်ပြန်/ဆက်)

မှော်ဘီမြို့နယ်၌ ငါးခိုးမှုဖြစ်ပွား

ရန်ကုန်　မေ　၃

လှည်းကူးမြို့နယ် ရေတလပေါင်ကျေးရွာနေ ဦးမြင့်အောင် (၅၆)နှစ်သည် မတ် ၃၁ ရက် နံနက်ပိုင်းက မှော်ဘီမြို့သို့ သွားရောက်ပြီး ညနေပိုင်းနေအိမ်သို့ ပြန်ရောက်စဉ် ရေတလပေါင်ကျေးရွာ ကွင်းအမှတ် (၅၀၅) ရှိ ၎င်းပိုင် ငါးမွေးမြူရေးကန်၌ လူမရှိခိုက် ဦးလေးလေးပိုင်ပါ ၁၅ ဦးတို့ရောက်ရှိလာပြီး ကန်အတွင်းရှိ ရေများအား ရေစုပ်စက်များဖြင့် စုပ်ယူ၍ တီလားဗီးယား ငါးများအား ကားဖြင့် ယူဆောင်သွားကြောင်း ဇနီးဖြစ်သူ ဒေါ်စန်းက ပြောပြသိရှိသဖြင့် ငါးခိုးသူများအား အရေးယူပေးရန် ဦးမြင့်အောင်မှ တိုင်တန်းမှုအား လှည်းကူး ရဲစခန်းက (ပ)၁၃၇/၂၀၁၃၊ ပုဒ်မ ၃၇၉ ဖြင့် မေ ၁ ရက်တွင် အမှုဖွင့်ပြီး တရားခံများ ဖမ်းဆီးရမိရေး စုံစမ်းလျက်ရှိသည်။ **(၃၀)**

ဥ တု ရာ သီ တော ကို မီ ၏

NEW MOTION Travels & Tours

Apr; 17 | Apr; 10,11,13 | Apr; 12 | Apr; 12, 13 | Apr; 11,12 | Apr; 13 | Apr; 13,15 | Apr; 13,15

527 922, 538 811, 09-731 48922, 09-731 48848

VIP Seat Scania (2+1)

09-73143249, 09-73252241

01-293159 01-9000293 09-5160046

KMD Computer & Mobile

ဧပြီလ (၅ရက် မှ ၁၁ရက်) အထိ ၂၀၁၃။

Travel & Tours "Euro Brand Scania 2+1 VIP Seat Car"

09-7325239 09-7325240, 09-7325241, 09-7314249

Travels & Tours VIP Class Car Apr-13 225000/- 09-73147421, 09-49304334

နေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်တိုင်းဒေသကြီး၊သုဝဏ္ဏ၊သင်္ဃန်းကျွန်းမြို့နယ်၊ပေါ်ဆန်းမွှေးလမ်း၊တိုက်(၆၃/၁)နေ (ဦးအောင်ကျော်မြ)-ဒေါ်ဖြူမတို့၏သား

မောင်ထွန်းနိုင်ဝင်း B.A(Eco)

MARLOW NAVIGATION Co., Ltd.(J/E)

နှင့်

ရခိုင်ပြည်နယ်၊စစ်တွေမြို့၊ကျောင်းတက်လမ်းရပ်ကွက်၊ဦးဥတ္တမလမ်း၊အမှတ်(၇၄)နေ ဦးခင်မောင်-ဒေါ်မခင်ညွန့်တို့၏သမီး

မနွယ်နွယ်ကျော် B.Sc(Phys;)(PGDMA)

အလပြ၊ အထက(၂)၊ စစ်တွေ

တို့သည် ၃၁-၃-၂၀၁၃ရက်တွင် နှစ်ဖက်သောမိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိလူကြီးများရှေ့တွင် မပျက်ပြားသောစေ့စပ်ခြင်းဖြင့် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ထွန်းနိုင်ဝင်း-မနွယ်နွယ်ကျော်

ပျောက်ဆုံး

ကျွန်တော် မောင်စိုးသူသည် Passport နံပါတ် (M-၆၄၃၇၇၂) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။

ဖုန်း-၀၁-၈၅၀၀၄၄၉

GOLDEN STAR Travels & Tours

Apr-12
Apr-12
Apr-12
Apr-12
Apr-12,13,17

Ph: 209200, 544303, 430400, 703448, 09-5081580

စစ်ကိုင်းတိုင်းဒေသကြီး ဖွံ့ဖြိုးရေးလုပ်ငန်းများ တိုင်းဒေသကြီးဝန်ကြီးချုပ် စစ်ဆေး

နေပြည်တော် ဧပြီ ၃

စစ်ကိုင်းတောင်ရိုး သီတဂူဆရာတော်ကြီး ဒေါက်တာအရှင်ဉာဏိဿရ၏ (၇၆)နှစ်မြောက် မွေးနေ့မင်္ဂလာအခမ်းအနား၊ ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းလောင်းလှူပွဲကို မတ် ၂၆ ရက် နံနက် ၄ နာရီတွင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးနှင့် ဇနီး ဒေါ်ဝေဝေခိုင်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဇနီးများ၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများ၊ အလှူရှင်များနှင့် ဧည့်ပရိသတ်များ တက်ရောက်ကြည်ညို၍ သက်တော်ရှည် ဝါဆိုဆရာတော်ကြီးနှင့် သံဃာအပါး ၁၀၀၀ ကျော်တို့အား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် ဒုတိယ အကြိမ် ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ကြရာ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိ ဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရနှင့် ပါမောက္ခချုပ် ဆရာတော်တို့က ၂၀၁၂-၂၀၁၃ ပညာသင်နှစ်တွင် ဗုဒ္ဓဒေသနာ-ပါရဂူဘွဲ့၊ မဟာဝိဇ္ဇာဘွဲ့၊ ဝိဇ္ဇာဘွဲ့၊ ဥပစာအောင်လက်မှတ်၊ ပါဒကအောင်လက်မှတ်နှင့် ဘွဲ့တံဆိပ်များကို ဘွဲ့တံဆိပ်ခံ ကျောင်းသား ကျောင်းသူများအား အပ်နှင်းကြသည်။

ယင်းနောက် ပါမောက္ခချုပ် ဆရာတော် အရှင်နန္ဒမာလာဘိဝံသက ကျောင်းသား ကျောင်းသူများအား အပ်နှင်းထားသော ဘွဲ့တံဆိပ်နှင့် ထိုက်တန်စွာ ကိုယ်ကျင့်တရား၊ တက္ကသိုလ်စံနှုန်းများနှင့်အညီ နေထိုင်ရန်အတွက် ဘွဲ့နှင်းသဘင်မိန့်ခွန်း ချီးမြှင့်ပြီး အဓိပတိဆရာတော်က နိဂုံးချုပ်ဩဝါဒကထာချီးမြှင့်မြွက်ကြားကာ အခမ်းအနားကိုရုပ်သိမ်းခဲ့သည်။

အဆိုပါအခမ်းအနားတွင် ဗုဒ္ဓဒေသနာ ပါရဂူဘွဲ့ နှစ်ဦးနှင့် ဗုဒ္ဓဒေသနာ မဟာဝိဇ္ဇာဘွဲ့ ၅၇ ဦးတို့အား ဘွဲ့ရစာအောင်လက်မှတ်များ ချီးမြှင့်ခဲ့သည်။

စစ်ကိုင်းမြို့ ငလျင်ဘေးဒဏ်ကြောင့် ပျက်စီးသွားသော ထူပါရုံစေတီတော်ကြီး ပြန်လည်ပြုပြင်မွမ်းမံရန် ပန္နက်တင်မင်္ဂလာအခမ်းအနားကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက မင်္ဂလာအချိန်တွင် သတ်မှတ်နေရာအသီးသီး၌ ပန္နက်တင်မင်္ဂလာပြုလုပ်ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ရွှေဘိုခရိုင် ကျောက်မြောင်းမြို့နယ်ခွဲ ဧရာဝတီမြစ်ကူးတံတား (ရတနာသိယ်) ဆောက်လုပ်ရေးစီမံကိန်းသို့ ရောက်ရှိပြီး တံတားသံပေါင်များ ပြန်လည်ပြုပြင်တပ်ဆင်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ခင်ဦးမြို့နယ် အညာသီဟတောဘုရားအား သွားရောက်ဖူးမြော်ကြည်ညိုပြီး အလှူငွေများ လှူဒါန်းကာ ဘုရားစေတီနှင့် သာသနိက အဆောက်အအုံများ ပြန်လည် ပြုပြင်မွမ်းမံနေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မတ် ၂၇ ရက် နံနက်ပိုင်းတွင် ရွှေဘိုမြို့ ပြည်ရွှေဘိုရိပ်သာ၌ ကျင်းပသည့် ငလျင်ပြန်လည်ထူထောင်ရေးကော်မတီများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားပြီး ရွှေဘိုတက္ကသိုလ် (၃)ထပ် စာသင်ဆောင် ဆောက်လုပ်နေမှု၊ ရွှေဘိုစက်မှုဇုန် လမ်းကျောက်ချောလမ်း ကတ္တရာခင်းကျင်းနေမှုနှင့် ဝက်လက်မြို့နယ် မုဆိုးခြုံကျေးရွာ၌ အဆင့်မြှင့်လယ်ယာဧက ၁၀၀ဖော်ထုတ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကာ ဟန်လင်းကျေးရွာ ရွှေဂူကြီးဘုရား၌ ကျေးရွာပြည်သူများနှင့် တွေ့ဆုံ၍ ရွှေဂူကြီးဘုရား ပြန်လည်ပြုပြင်မွမ်းမံရန် အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မုံရွာနယ်ထွက် သခွားမွှေးများ ရောင်းပန်းပိုသွက်

မုံရွာ ဧပြီ ၃

ဆောင်းရာသီတွင် ပျိုးပင်ကို ၁၂ ရက်သားတွင် စိုက်ခင်းသို့ ရွှေ့ပြောင်းစိုက်ပျိုးနိုင်ပြီး မိုးနှောင်းစိုက်ပျိုးပင်ကို ၇ ရက်ခန့်တွင် စိုက်ခင်းတွင် စိုက်ပျိုးနိုင်ကာ စိုက်ပြီး ၅၅ ရက်မှ ရက် ၆၀ အတွင်း အသီးစဖမ်း၍ ရက် ၁၀၀ အကြာတွင် ရောင်းတန်းဝင် အသီးအဖြစ် စတင်ဆွတ်ခူးနိုင်သော သခွားမွှေးကို သခွားမွှေးတောင်သူများအနေဖြင့် ဈေးကောင်းရရှိကာ ဝင်ငွေကောင်းမွန်လျက်ရှိကြောင်း မုံရွာမြို့နယ် သပြေတောကျေးရွာ သခွားမွှေးစိုက်တောင်သူများထံမှ သိရသည်။

ရောင်းတန်းဝင်အသီးအလေးချိန် နှစ်ကီလိုမှ သုံးကီလိုအကြား အလေးချိန်ရှိမှ ဈေးကောင်းရရှိပြီး ကျယ်ခေါင်မြို့တွင် မတ်လနောက်ဆုံးပတ်အတွင်းက တစ်လုံးလျှင် မြန်မာကျပ်ငွေ ၁၅၀၀ ဝန်းကျင်ခန့်အထိ ဈေးပေါက်နေကြောင်း သိရသည်။

သခွားမွှေးစိုက်ပျိုးမှုမှာ ယခင်နှစ်ကထက်စာလျှင် ယခုနှစ်အတွင်း ဈေးအနည်းငယ်နိမ့်နေသော်လည်း ယခုနှစ်တွင် အသီးအလုံးမှာ ပိုလှသောကြောင့် ရောင်းပန်းပိုသွက်လက်ကြောင်း၊ ဈေးကွက်အခြေအနေမှာ စိုက်ခင်းထဲမှအသီးများကို လူငှားနှင့်ဆွတ်ပြီး အညာဖြတ်ကာ သတင်းစာစက္ကူနှင့်ထုပ်၍ ဆယ်ဘီးကားများငှားကာ မူဆယ်(၁၀၅)မိုင်စခန်းအရောက် ပွဲစားနှင့်ချိတ်ပြီး တရုတ်ကုန်သည်နှင့် ရောင်းချရကြောင်း သိရသည်။

ယခုနှစ်သခွားသီးဈေးကွက်အခြေအနေအရ တစ်ဧကစိုက်ပျိုးစရိတ်အဖြစ် လုပ်အားခ၊ မြေဆီခ၊ ပိုးသတ်ဆေးခ၊ ကျွဲမွှေးစရိတ်၊ အထွေထွေကုန်ကျစရိတ်အားလုံးနုတ်ပြီး ငွေကျပ်သိန်း ၂၀ ခန့် အမြတ်ရရန်မျှော်မှန်းကြောင်း ရောင်းတန်း မဝင်သောအသီးများကို အချို့က လမ်းဘေးမှာ ချ၍ရောင်းကြောင်း၊ အကြီး၊ အသေးပေါ်မူတည်၍ ၁၀၀၀ ဖိုးသုံးလုံးမှ ခုနစ်လုံးအထိရောင်းချကြောင်း သိရသည်။

သခွားမွှေးရောင်းသူများအနေဖြင့် ပြည်ပဈေးကွက်ကို မျှော်၍ရောင်းချကြကြောင်း၊ ထိုသို့ရောင်းချနိုင်မှသာ အမြတ်အစွန်းမှာ သိသိသာသာကျန်ပြီး ပြည်တွင်းဈေးကွက်ကိုမှီ၍ ရောင်းချလျှင်အမြတ်မရသည့်အပြင် အရှုံးနှင့်ပင် ရင်ဆိုင်ရနိုင်သောကြောင့် နိုင်ငံခြားဈေးကွက်မျှော်အသီးအဖြစ် နှစ်စဉ် ဖြစ်ထွန်းအောင်မြင်အောင်လည်း ဂရုစိုက်ကြရသလို၊ နိုင်ငံခြား ဈေးကွက်မီရန် အလုံးလှခြင်း၊ သတ်မှတ်ထားသော အရည်အသွေးရောက်အောင် ဂရုတစိုက်စိုက်ပျိုးနိုင်မှသာ ဈေးကွက်ကောင်းရရှိနိုင်လိမ့်မည်ဟု မျှော်ရောင်းနေရကြောင်း သိရသည်။

(မျိုးဝင်းထွန်း-မုံရွာ)

မွေးနေ့မင်္ဂလာဆုတောင်း

၄-၄-၂၀၁၃ တွင်ကျရောက်သော ချစ်ဖေဖေ **ဒေါက်တာဦးခင်မောင်အေး (အရိုးအထူးကုဆရာဝန်ကြီး)** ၏ မင်္ဂလာမွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင် ချစ်စွာသော ဇနီး၊ သား၊ သမီးများနှင့် ကျန်းမာပျော်ရွှင်စွာ အမျိုး၊ ဘာသာ၊ သာသနာ၊ ကျန်းမာရေးလုပ်ငန်းများ သယ်ပိုးနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ချစ်ဇနီး - ဒေါ်ရီရီဌေး (ဩဇာမြိုင်)

ချစ်သား - ဇင်လင်း (B.Sc Phys)

ချစ်သမီး - လှမြတ်ဖြူ (1^{st} MB, ဆေးတက္ကသိုလ်)

ဆောက်လုပ်ရေးဝန်ကြီးဌာန
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
အဆိုပြုတင်ဒါခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ စိတ္တရမဟီရပ်ကွက်၊ (၇၄လမ်း×၂၆လမ်း)ရှိ စိတ္တရမဟီအိမ်ရာစခန်းအား ခေတ်မီမြို့ပြဖွံ့ဖြိုးရေး အိမ်ရာစီမံကိန်းအဖြစ် ပြန်လည်ဆောက်လုပ်မည်ဖြစ်ပါသည်။

၂။ အဆိုပါလုပ်ငန်းအတွက် ပြည်တွင်းနိုင်ငံသားလုပ်ငန်းရှင်များအနေဖြင့် လုပ်ငန်းဆိုင်ရာ အဆိုပြုလွှာများကို ၆-၅-၂၀၁၃ရက် နောက်ဆုံးထား၍ ပေးပို့သွားရန် တင်ဒါခေါ်ယူအပ်ပါသည်။

၃။ တင်ဒါစည်းကမ်းချက်များနှင့် အဆိုပြုလွှာတွင်ပါဝင်ရမည့် အချက်အလက်များကို ရုံးအမှတ်(၄၀)၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနတွင် ဝယ်ယူနိုင်ပြီး တင်ဒါစည်းကမ်းချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါ အဆိုပြုလွှာတင်သွင်းကြရမည်ဖြစ်ပါသည်။ အသေးစိတ်အချက်အလက်များသိရှိလိုပါက တယ်လီဖုန်းအမှတ်-၀၆၇-၄၂၀၅၆၆နှင့် ၀၆၇-၄၀၇၂၆၇သို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါသည်။

တင်ဒါရွေးချယ်ရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာနွယ်စဉ်ရပ်ကွက်၊ အကွက်အမှတ်(၆၉၈-၆၉၉)၊ ဦးပိုင်အမှတ်(၁-ခ)၊ ၃၅×၃၆ကြား၊ ၇၂×၇၃ကြား၊ ဒေါ်ဆူရနော်ပန်ကီ အမည်ပေါက် ဘိုးဘမြေကွက်အား ဒေါ်ခင်ကြည် နိုင်ငံသား စိစစ်ရေးကတ်အမှတ်[၉/ မရတ (နိုင်)၀၇၄၇၉၄]ဖြင့် မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ အမွေဆက်ခံစာချုပ်ချုပ်ရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေး
ကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ဟေမမာလာမြောက်ရပ်ကွက်၊ အကွက်အမှတ်(၆၄၉)၊ ဦးပိုင်အမှတ်(၁၇)၊ ၃၆×၃၇ကြား၊ ၇၆×၇၇ကြား၊ မောင်ဖြိုးမရှင် အမည်ပေါက် ဘိုးဘမြေကွက်အား ဦးထွေးညို၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်[၉/ မရတ (နိုင်)၀၀၁၀၉၃]၊ ဒေါ်တင်တင်လှ နိုင်ငံသားစိစစ်ရေးကတ်အမှတ် [၉/မဟမ (နိုင်) ၀၂၅၆၇၉]၊ ဒေါ်တင်တင်မြ နိုင်ငံသားစိစစ်ရေးကတ်အမှတ်[၉/မရတ (နိုင်) ၀၅၆၇၆၄]၊ ဒေါ်အေးအေးဦး နိုင်ငံသားစိစစ်ရေးကတ်အမှတ်[၉/မရတ(နိုင်) ၀၅၆၇၈၃]၊ ဦးစိုးလွင် နိုင်ငံသားစိစစ်ရေးကတ်အမှတ် [၉/မရတ(နိုင်)၀၅၆၇၈၄]၊ ဦးခင်မောင်ဆန်း နိုင်ငံသားစိစစ်ရေးကတ်အမှတ်[၉/မရတ(နိုင်)၁၀၉၃၆၈] ဒေါ်နီလာမင်း နိုင်ငံသားစိစစ်ရေးကတ်အမှတ် [၉/မရတ(နိုင်)၁၀၉၀၈၀]ဖြင့် မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ အမွေဆက်ခံစာချုပ်ချုပ်ရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၂၀ယ/၂၀၄၉၆၊ Luojia Dream LJ 110, ဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူအမည် ဦးအောင်သိုက် မှတ်ပုံတင်အမှတ် [၅/စကန(နိုင်) ၂၁၂၂၀၉] မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့

ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ စကြာနွယ်စဉ်ရပ်ကွက်၊ အကွက်အမှတ်(၆၈၃) ဦးပိုင်အမှတ်(၄၁)၊ ၃၅×၃၆ကြား၊ ၇၃×၇၄ကြား၊ မမလိကာအမည်ပေါက် ဘိုးဘမြေကွက်အား ဦးဝင်းမြင့်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ် [၉/ မရတ (နိုင်)၀၇၀၃၀၉] ဖြင့် ဒေါ်ယဉ်ယဉ် အေး နိုင်ငံသားစိစစ်ရေးကတ်အမှတ် [၉/ မရတ (နိုင်)၁၁၃၀၆၇]ဖြင့် မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ အမွေဆက်ခံစာချုပ် ချုပ်ရန် လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများ ဖြင့်(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေး
ကော်မတီ

စာအုပ်စာပေ လှူမိတ်ဆွေ

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ မိုးကုတ်မြို့၊ ရှောလီဝိုင်းအုပ်စု၊ ကန်တော်ရပ်ကွက်နေ [ဦးရိုရေ(ရ်)(ခ)ပဒမ်ပရာဆပ်] -ဒေါ်ခင်နာဒေဝီ(ခ)လက်ချမီတို့၏သားဖြစ်သူ မောင်စိုးလင်းဦး(ခ)မောင်ကိစ္စနာ[၉/မကန(နိုင်)၁၂၁၈၅၆]သည် မိဘများ၏ ဆိုဆုံးမမှုကိုမနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

မိခင်-ဒေါ်ခင်နာဒေဝီ(ခ)လက်ချမီ

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁၂ယ/၉၉၉၄၆၊ Kenbo 110, M/C ယာဉ်လက်ဝယ်ရှိသူ အမည် ဦးတင်မောင်စိုး မှတ်ပုံတင်အမှတ် [၁၃/နမတ(နိုင်)၀၀၉၆၀၆]မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ(၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁၈ယ/၇၆၂၆၆၊ အမျိုးအမည် Kenbo 125 အမျိုးအစား M/C, ယာဉ်လက်ဝယ်ရှိသူအမည် ဦးကျော်နိုင်ထွန်း မှတ်ပုံတင်အမှတ် [၉/ခမစ(နိုင်) ၀၁၃၉၃၂]မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ(၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း) မန္တလေးမြို့

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၂၀ယ/၁၁၆၉၁၊အမျိုးအမည် Kenbo 125 အမျိုးအစား M/C, ယာဉ်လက်ဝယ်ရှိသူအမည် ဦးအောင်ဇော်ထွန်း မှတ်ပုံတင်အမှတ် [၉/မဟမ(နိုင်) ၀၄၅၆၀၈]မှ ယာဉ် မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(မန္တလေးတောင်ပိုင်း) မန္တလေးမြို့

အရည်ကျိုလူသားစုဖွဲ့ပြီ

၂၅-၃-၂၀၁၃ နေ့ထုတ် ကြေးမုံသတင်းစာမှာပါခဲ့တဲ့ "အရည်ကျိုကားနှင့် အရည်ကျိုလူသား"ဆောင်းပါးတိုလေးဟာ ကျွန်တော့်ရဲ့ ဆွေမျိုးအသိုင်းအဝိုင်းနဲ့ အသိမိတ်ဆွေများအပေါ် အတော်လေးဂယက်ရိုက်သွားပါတယ်။ ဆောင်းပါး ပါပြီး နောက်နေ့ကစပြီး အသိမိတ်ဆွေတွေက ဖုန်းတဂွမ်ဂွမ်ဆက်လာပြီး ကျွန်တော်ရဲ့ လက်ရှိကျန်းမာရေးအခြေအနေနဲ့ သူတို့မလာရောက်နိုင်တဲ့ အကြောင်းတွေကို ရှင်းပြနေပါတော့တယ်။ ဒီလိုပါပဲ ကျွန်တော့်ရဲ့ ဆွေမျိုး သားချင်းတွေကလည်း ဖုန်းဆက်သူဆက်၊ အာဟာရဖြစ်တဲ့ စားစရာလေးတွေ ကိုယ်စီကိုယ်စီယူလာပြီး ကျွန်တော့်ကို လာရောက်တွေ့ဆုံလာကြပါတယ်။

ကျွန်တော်ကတော့ ဆွေမျိုးမိတ်ဆွေများကို အဲဒီဆောင်းပါးရဲ့ အဓိက ရည်ရွယ်ချက်ကို ရှင်းပြပါတယ်။ ကျွန်တော်ရဲ့ဆိုလိုရင်းအဓိပ္ပာယ်က ကား ဟောင်းတွေ အရည်ကျိုတာကိုတွေ့ရှိရပြီး ကျွန်တော်တို့လည်း အသက်ကြီး လူအိုလူဟောင်းတွေဖြစ်တော့ မကြာခင်ပဲ လောကကြီးကခွဲခွာရတော့မှာမို့ မိမိကိုယ်တိုင် ဘုရား၊ တရားကို ပိုမိုအားထုတ်သလို ဘဝတူ သက်ကြီးရွယ်အို မိတ်ဆွေများကိုလည်း သတိသံဝေဂရစေခြင်းအကျိုးငှာ ရည်ရွယ်ရေးသား ရခြင်းသာဖြစ်ပါတယ်။

ကျွန်တော် အိပ်ရာထဲ လဲနေတယ်ဆိုတာလည်း အထီးကျန်စိတ်မရှိဘဲ တရားဓမ္မကို အေးချမ်းငြိမ်သက်စွာ ရှုမှတ်နေရသဖြင့် ဘဝကူးကောင်းဖို့၊ စိတ် သက်သာမှုတောင် ရရှိနေပါသေးတယ်။ သို့သော် ဆွေမျိုးမိတ်သဂ်ဟများက ဒါကို အတွေးမှားပြီး ကျွန်တော့်မှာ သက်ကြီးရွယ်အိုစိတ်ကျရောဂါ (Senile Psychosis/ Depression) ဖြစ်နေတယ်လို့ထင်မှတ်ပြီး ယခုလို ပြန်လည်ဆက် သွယ်ဂရုစိုက်လာခြင်းဖြစ်ပါတယ်။ ဒါကြောင့် ဖုန်းဆက်လာသူကိုလည်းကောင်း၊ လူကိုယ်တိုင် လာရောက်တွေ့ဆုံအားပေးကြသူများကိုလည်းကောင်း ကျွန်တော့် ဆောင်းပါးရဲ့ မူလအဓိကရည်ရွယ်ချက်မှာ ဘဝတူသက်ကြီးရွယ်အိုများအား ဘဝကူးကောင်းကြရန် ဘုရား၊ တရားအားထုတ်ဖို့ နှိုးဆော်လိုခြင်းသာဖြစ် ကြောင်း ရှင်းပြရပါတယ်။

သို့သော်လည်းပဲ ယခုလို အသိမိတ်ဆွေများ၊ ဆွေမျိုးများက နည်းလမ်း မျိုးစုံနဲ့အားပေးလာကြတဲ့အတွက် (အများအကျိုးအတွက် ကုသိုလ်ရေး နှိုးဆော်မှုက လက်ငင်းကျွန်တော့်ကို အကျိုးပြုပေးတယ်လို့ပဲ ယူဆမိပါတယ်) ကျွန်တော်အရည်ကျိုလူသားဟာ များစွာဝမ်းသာပီတိဖြစ်ရပါတယ်။ တစ်ချိန် တည်းမှာပဲ ကလောင်စွမ်းအားဟာ ဘယ်လက်နက်နဲ့မှမတူဘဲ အထူးစွမ်းအား ရှိတာကို ပိုမိုသတိထားအသိအမှတ်ပြုမိပါတယ်။

ပို၍စိတ်ထိခိုက်လှုပ်ရှားရတာကတော့ ရွာက ဦးလေးတော်ဘုန်းကြီးရဲ့ ဖုန်းဆက်ပြောကြားချက်ပါပဲ။ ဆရာတော်က ဖုန်းထဲမှာ "ဟေ့ကောင် တင်ထွန်း မင်း ကျန်းမာရေး ဘယ်လိုဖြစ်နေတာလဲ၊ အိပ်ရာထဲလဲနေတယ်ဆိုတော့ ငါတို့ လည်း တော်တော်စိတ်ပူမိတယ်၊ ဒါကြောင့် မင်းရဲ့ ညီတော်စိုးမောင်ကိုလည်း မင်းဆီကို အမြန်သွားဖို့ ငါလွှတ်လိုက်ပြီ၊ မနက်ဖြန်ဆို ရောက်လာလိမ့်မယ်၊ ငါကိုယ်တိုင်လည်းပဲ နောက်တစ်ရက် နှစ်ရက်နေရင် မင်းဆီကို ထွက်လာခဲ့မယ်၊ ငါ့အသိ ဘုန်းကြီးကျောင်းမှာ တည်းခိုဖို့လည်း အကြောင်းကြားထားပြီးပြီ၊ မင်းမြို့မှာ နေရတာ အဆင်မပြေရင်လည်း ရွာကို ပြန်ခေါ်ဖို့ ငါစီစဉ်လိုက်မယ်" လို့ မိန့်မှာလာတော့ ကျွန်တော် အထက်မှာ အသိမိတ်ဆွေများကို ရှင်းပြသလို ဆောင်းပါးရဲ့ အဓိကရည်ရွယ်ချက်ကိုရှင်းပြပြီး ကျွန်တော့်ကျန်းမာရေးကိစ္စမှာ အဓိကမဟုတ်ပါကြောင်း ရှည်ရှည်ဝေးဝေး ပြန်လည်လျှောက်ထားခဲ့ရပါတယ်။

ဒီထက် ထူးဆန်းတာကတော့ ဆောင်းပါးပါပြီး ငါးရက်မြောက်နေ့မှာ ရပ်ကွက်ထဲက ကျွန်တော့်မိတ်ဆွေ ဦးမြသိန်းနဲ့ အဘိုးအို ခုနစ်ယောက် ကျွန်တော့်အိမ်ကို ရောက်ရှိလာတာပဲဖြစ်ပါတယ်။ ဦးမြသိန်းက သူတို့ အဘိုးအို တစ်စုဟာ ကျွန်တော့် ဆောင်းပါးဖတ်ပြီး သတိသံဝေဂတွေ ပိုမိုရရှိလာတာက တစ်ကြောင်း၊ အရည်ကျိုအဘိုးများစုပြီး တရားဘာဝနာ စုပေါင်းအားထုတ်ရန် ရည်ရွယ်သည့်ကတစ်ကြောင်းကြောင့် လာရခြင်းဖြစ်ကြောင်း၊ အနည်းဆုံး တစ်ပတ်တစ်ကြိမ် ရပ်ကွက်ထဲက ဓမ္မာရုံမှာ ကျွန်တော်တို့အရည်ကျိုအဘိုးများ စုပေါင်းတရားအားထုတ်ဖို့ အစီအစဉ်ကိုပါရှင်းပြပြီး လမ်းမလျှောက်နိုင်သေးတဲ့ ကျွန်တော့်အတွက် wheel chair ပါယူလာသဖြင့် ဓမ္မာရုံကိုလာရန် အခက်အခဲ မရှိနိုင်ကြောင်း ပြောကြားလာပါတယ်။

ဒါကြောင့်မို့ လာမည့်အတာကူးတဲ့ သင်္ကြန်ကာလမှာ အရည်ကျိုအဘိုးအို တစ်စု သင်္ကြန်မဏ္ဍပ်မှာ ကဲကြဖို့၊ အဲလေ ယောင်လို့ ရပ်ကွက်ဓမ္မာရုံမှာ ၁၀ ရက် စခန်း တရားအားထုတ်ကြရင်း နောင်ဘဝကူးကောင်းအောင် ဆောင်ရွက်ကြ တော့မည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါတယ်ခင်ဗျာ။ ။ **(တင်ထွန်း)**

ဓာတ်ဆီဖြည့်မှုသတိပြု

ပူပြင်းသောရာသီကာလ နေ့လယ်ချိန်များတွင် မော်တော်ယာဉ်များ ဓာတ်ဆီဖြည့်ခြင်းနှင့် ဓာတ်ဆီလဲလှယ်ခြင်းများပြုလုပ်စဉ် ပွတ်တိုက်မှု (Friction)မှ သဘာဝတည်ငြိမ်လျှပ်စစ် (Startic Electricity)တို့ ဖြစ်ပေါ်မှုကြောင့် မီးလောင်မှုများဖြစ်ပွားနိုင်ပါသဖြင့် ရာသီဥတုပူပြင်းချိန်တွင် ပလတ်စတစ်ပုံး၊ ပလတ်စတစ်ပိုက်တို့ဖြင့် ဓာတ်ဆီဖြည့်ခြင်းနှင့် လဲလှယ်ခြင်းများကို သတိပြုရှောင်ကြဉ်ကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

မီးသတ်ဦးစီးဌာန

နွေစပါး (ပုလဲသွယ်) စံကွက်ရိတ်သိမ်း

ပုသိမ် ဧပြီ ၃

ပုသိမ်မြို့နယ် သစ်ပုတ်ကုန်းကျေးရွာအုပ်စု ကြခတ်ချောင်ကျေးရွာ တောင်သူဦးစံထွန်း၏နွေစပါး(ပုလဲသွယ်)စိုက်ခင်း ခြောက်ဧကတွင် ဧပြီ ၁ ရက်က ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးမောင်ကြည်နှင့် ခရိုင်စိုက်တိုးမြှင့်အဖွဲ့များ ဖြစ်ကြသော ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးစိုင်းကြာအုံ၊ ခရိုင်စက်မှုလယ်ယာ ဦးစီးမှူး ဦးခင်အောင်ညွှန့်၊ ခရိုင်မြေစာရင်းဦးစီးမှူး ဦးအောင်ဇော်မြင့်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချစ်ကိုကို၊ မြို့နယ်စိုက်တိုးမြှင့်အဖွဲ့ဝင်များဖြစ်ကြသော မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးစိန်မောင်မြင့်၊ စက်မှုလယ်ယာဦးစီးမှူး ဦးဇော်ထွန်း တို့နှင့်မြေစာရင်းဦးစီးမှူး ဦးလှဝေ (တိုးပွားမန်းကုမ္ပဏီလီမိတက်)မှ အုပ်ချုပ်မှု ဒါရိုက်တာ ဦးစန်းကြည်နှင့်အဖွဲ့ဝင်များ၊ **(အပေါ်ပုံ)** နီးစပ်ရာတောင်သူများက စံကွက်ရိတ်သိမ်းရာတွင် Y-method အထွက်ဖြင့် ၂၁၄ ဒသမ ၁၅ တင်း၊ တစ်ဧက အစိုထွက် ၂၁၄ ဒသမ ၁၅ တင်းထွက်ရှိပြီး တစ်ဧကလျှင် တိုးပွား မန်းကုမ္ပဏီမှထုတ်လုပ်သော လှည်းယာဉ်အမှတ်တံဆိပ်မြေဩဇာ (၁၅း၁၅း၁၅း၁၀) ကွန်ပေါင်တစ်အိတ်၊ MAP 50 ရာခိုင်နှုန်း (P_2O_5) တစ်အိတ်၊ ယူရီးယားတစ်အိတ်ခွဲသုံးစွဲထားသည်ဟု သိရှိရသည်။ စိုက်ဧက အားလုံးရိတ်သိမ်းခြွေလှေ့ စက်ဖြင့်ရိတ်သိမ်း၍ တစ်ဧက ပျမ်းမျှအထွက်နှုန်းမှာ အစို ၂၁၄ ဒသမ ၁၅ တင်းထွက်ရှိကြောင်း သိရသည်။

(ပုသိမ်လှကြည်)

Pizza ကြိုက်နှစ်သက်သော *Customer* များအတွက်
အထူးဝန်ဆောင်မှုအနေနဲ့ 'အိမ်အရောက် ပို့ဆောင်' စတင်နေပါပြီ။
Pizza Mazzi®
HOME DELIVERY
ဆိုင်ဖွင့်ချိန် - 9:00 a.m to 9:00 p.m
Room D-18, North Point Shopping Centre, Mayangone Township, Yangon. Ph : 01-652959-60, 61, 62, 63 (Ext : 131) 09 450026717

၂၉-၃-၂၀၁၃ ရက်ထုတ်ကြေးမုံသတင်းစာတွင် ဖော်ပြပါရှိသည့်အထက်တန်းရှေ့နေဦးတင်မြင့်၏ "ဒေါ်ကြေးမုံရွှေသွေး[၉/မကန(နိုင်)၀၁၅၄၁၇]နှင့်သားဖြစ်သူကိုကြည်စင်သန့် သိစေရန်" ဟူသောကြော်ငြာကို ပြန်လည်ရုပ်သိမ်းရန်သတိပေးခြင်း

ဗိုလ်တထောင်မြို့နယ်၊ ဗိုလ်မြတ်ထွန်းလမ်း၊ အမှတ်-၁၁၆/၁၁၈၊ ချယ်ရီအိမ်ရာ၊ အခန်း-၁၂ Aနေ ဒေါ်နီနီရွှေသွေး [၉/မကန(နိုင်)၀၁၅၄၁၆]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သတိပေးပါသည်။

၁။ မောင်ကြည်စင်သန့်အား မွေးဖွားသောနေ့မှာ ၂၉-၁၂-၁၉၉၇ဖြစ်သောကြောင့် ဤသတင်းစာတွင် ထည့်သွင်းဖော်ပြခြင်းခံရသော ၂၉-၃-၂၀၁၃ရက်တွင် ၎င်း၏အသက်မှာ ၁၅နှစ်နှင့် ၃လဖြစ်ပါသည်။ ၎င်းသည်လတ်တလော၌အဒေါ်ဖြစ်သူ ဒေါ်နီနီရွှေသွေး၏ အုပ်ထိန်းမှုအောက်တွင်ရှိသော ကလေးသူငယ်ဖြစ်ပါသည်။

၂။ ကုလသမဂ္ဂအထွေထွေညီလာခံတွင် ၁၉၈၉ခုနှစ်၊ နိုဝင်ဘာလ ၂၀ရက်၌ သဘောတူ အတည်ပြုခဲ့သော The Convention On the Rights of The Child ၏ Article 16 တွင် အောက်ပါအတိုင်းဖော်ပြပါရှိသည်။

1. No child shall be subjected to arbitray or unlawful interference with his or her privacy, family, home or correspondence,nor to unlawful attacks on his or her honour and reputation.

၃။ ဖော်ပြပါ "ကလေးသူငယ်အခွင့်အရေးဆိုင်ရာကုလသမဂ္ဂကွန်းဗင်းရှင်း"ပါ ကလေးသူငယ်များ၏ အခွင့်အရေးများကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် နိုင်ငံတော်သည် ၁၄-၇-၁၉၉၃ရက်၌'ကလေးသူငယ်ဥပဒေ'ကိုပြဋ္ဌာန်းခဲ့ပါသည်။ ယနေ့တိုင်အတည်ဖြစ်လျက်ရှိပြီးအဆိုပါဥပဒေပုဒ်မ ၁၆တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားပါသည်။

(က) ကလေးသူငယ်တိုင်း၏ ဂုဏ်သိက္ခာ၊ ပုဂ္ဂိုလ်ရေးဆိုင်ရာလွတ်လပ်မှုနှင့် လုံခြုံမှုကို အကြောင်းမဲ့ထိပါးခြင်း၊ မခံရစေရန် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများက ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ရမည်။

၄။ ထို့ပြင် အဆိုပါ 'ကလေးသူငယ်ဥပဒေ'ပုဒ်မ၆၆(င)၌ အောက်ပါအတိုင်းပြစ်မှုတစ်ရပ်ပြဋ္ဌာန်းထားပါသည်။

(ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခံရသောကလေးသူငယ်သို့မဟုတ် မှုခင်းတစ်ရပ်ရပ်တွင် သက်သေအဖြစ်ပါဝင်သော ကလေးသူငယ်သည် မည်သူမည်ဝါဖြစ်ကြောင်းသိသာထင်ရှားစေနိုင်သော သတင်းအချက်အလက်များကို သက်ဆိုင်ရာ ကလေးသူငယ်တရားရုံး၏ ကြိုတင်ခွင့်ပြုချက်မရရှိဘဲ ရေဒီယို၊ ရုပ်ရှင်၊ ရုပ်မြင်သံကြား၊ သတင်းစာ၊ မဂ္ဂဇင်း၊ ဂျာနယ် သို့မဟုတ် စာစောင်တွင် ထည့်သွင်းဖော်ပြခြင်း၊ ကြေညာခြင်း၊ ကလေးသူငယ်၏ဓာတ်ပုံကို ဖော်ပြခြင်း အသုံးပြုခြင်း။)

၅။ အထက်တန်းရှေ့နေ ဦးတင်မြင့်သည် (အမှုသည်၏လွှဲအပ်ညွှန်ကြားမှုမရှိဘဲ)"၎င်း၏အမှုသည် ဦးစီဗပရကာဆန်ထံမှ ဒေါ်ကြေးမုံရွှေသွေးက ငွေကျပ်သိန်း(၁၀၀)ရယူခဲ့ရာတွင် သားဖြစ်သူကိုကြည်စင်သန့် ပါဝင်ပတ်သက်ခဲ့သော်လည်း"ဟု ၂၉-၃-၂၀၁၃ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ၁၈တွင် မဟုတ်မမှန်စွပ်စွဲ၍ထည့်သွင်းကြေညာခဲ့ပါသည်။ အဆိုပါကြေညာချက်သည် ကုလသမဂ္ဂနှင့်နိုင်ငံတော်က ကာကွယ်စောင့်ရှောက်ရန် ရည်ရွယ်သည် ကလေးသူငယ် မောင်ကြည်စင်သန့်၏ ဂုဏ်သိက္ခာနှင့်ကျော်ဇောသတင်း honour and reputation ကို အကြီးအကျယ်ထိပါး တိုက်ခိုက်ခြင်း attack ဖြစ်ပါသည်။

၆။ သို့ဖြစ်ပါ၍ အထက်တန်းရှေ့နေဦးတင်မြင့်သည် မိမိထည့်သွင်းခဲ့သည့်အဆိုပါ သတင်းစာကြော်ငြာကို ကျွန်ုပ်တို့လက်ခံသဘောတူသည့်စာသားအသုံးအနှုန်းတို့ဖြင့် (၇)ရက်အတွင်း ဤကြေးမုံသတင်းစာတွင် ပြန်လည်ထည့်သွင်းဖော်ပြ၍ ရုပ်သိမ်းရန် သတိပေးပါသည်။ ထိုသို့ဆောင်ရွက်ခြင်း မပြုပါက ကလေးသူငယ်ဖြစ်သူ မောင်ကြည်စင်သန့်၏ အခွင့်အရေးကို ကာကွယ် စောင့်ရှောက်ရန်အတွက် မလွဲမသွေအရေးယူဆောင်ရွက်မည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်သီတာအောင်	**ဦးမျိုးမြင့်**
အထက်တန်းရှေ့နေ	**တရားလွှတ်တော်ရှေ့နေ**
(စဉ်-၂၆၇၃၂)	**(စဉ်-၅၇၀၃)**

အခန်း-၃၀၆၊ အမှတ်၉/၁၁၊ ၃၆လမ်း၊ ကျောက်တံတားမြို့နယ်

ကွန်ပျူတာပရောဟိတ်
ဆရာဦးသိန်းမြင့် A.G.T.I(MechEngg.)

095179128 0973220258 01240820

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၃၉၈)၊ မြေကွက်အမှတ် (၄၆/ဆ)၊ အကျယ်အဝန်း($\frac{66'}{65'}$ × $\frac{59'}{40'}$)အကျယ်ရှိ ဒေါ်နီနီမြိုင်အမည်ပေါက်သည့် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ရွာမအရှေ့ရပ်ကွက်၊ သီရိမင်္ဂလာလမ်းသွယ်(၁)ဟု ခေါ်တွင်သည့် မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်မြင့်မြင့်ခင်[၁၂/ရကန(နိုင်)၀၁၃၃၅၈] ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်နီလာ
LL.B,D.B.L,D.I.L,D.I.R,C.B.D.S(MOFA)
အထက်တန်းရှေ့နေ(စဉ်-၃၁၁၆၇)
'ရွှေနန်းစံ' ဥပဒေအကြံပေးစာချုပ်စာတမ်း(အထူး)ဝန်ဆောင်မှုနှင့်
အိမ်၊ ခြံ၊ မြေ အကျိုးဆောင်လုပ်ငန်း
အမှတ်(၃၅၆)၊ ပထမထပ်၊ ကမ္ဘာအေးစေတီလမ်း၊ (၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊
ဖုန်း-၀၉-၇၃၁၄၆၅၅၁၊ ၀၉၇၃၁၇၃၉၈၇၊ ၀၉-၄၂၀၀၀၃၈၇၄၊ ၀၉-၄၂၀၀၀၃၈၇၃၊ ၀၉-၄၂၀၀၀၃၈၇၂

ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄A ၉၂၊ မြေကွက်အမှတ် (၆၀)၊ အကျယ်အဝန်း(၀. ၀၄၆)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်၊ မြန်မာ့ဂုဏ်ရောင်လမ်း၊ အမှတ်(၆၀)ဟုခေါ်တွင်သော (၂)ထပ်အဆောက်အအုံတစ်လုံးကို ဦးတင်ထွန်းထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးကျော်နိုင်(အထက်တန်းရှေ့နေ)
အမှတ်(၈၀)၊ ၆လွှာ၊ ဝေဠုဝန်လမ်းကျယ်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၇၃၁၀၇၈၅၀

အခန်းဆက်ဝတ္ထု

နှင်းငွေတစ်ထောင့် မိုးတစ်မှောင့်

တက္ကသိုလ် ဘုန်းနိုင်



(ယမန်နေ့မှအဆက်)

"အဲဒါတွေ အားလုံးပြီးသွားပေမယ့် မွန်မွန့်စိတ်ထဲမှာ တစ်မျိုးကြီးပဲ၊ ကျောင်းတက်ရင်လေ လိပ်ပြာက မလုံဘူး၊ ကိုလေးလွင် သေနတ်နဲ့အပစ်ခံရတဲ့အကြောင်း တစ်ယောက်ယောက်ကမေးမှာ ကြောက်နေတယ်၊ အမှန်က မွန်မွန် ဘာကြောက်ဖို့ရှိလို့လဲ၊ ဒါပေမယ့် ကြောက်တာပဲ၊ အထူးသဖြင့် မွန်မွန် နိုရင်းကိုကြောက်တယ်၊ နိုရင်းက အဲဒီအကြောင်းတစ်ခါပဲပြောပြီး ထပ်မပြောတော့ပါဘူး၊ ခက်တာက နိုရင်းကိုတွေ့တိုင်း မွန်မွန်ကြောက်တာပဲ၊ နိုရင်းက စကားတစ်ခုခုပြောဖို့ ကပ်လာတိုင်း မွန်မွန့်ရင်ထဲ တုန်လာတာပဲ၊ အို . . . နိုရင်းက မွန်မွန့်ကို စိုက်ကြည့်တာကိုပဲ မွန်မွန်ကြောက်တယ်၊ နိုရင်းနဲ့ မွန်မွန် မျက်လုံးချင်းမဆိုင်ရဲဘူး၊ ဒါပေမယ့်လည်း ခက်တာက နိုရင်းနဲ့ မွန်မွန်က ကျောင်းမှာယှဉ်ပြီးထိုင်ရတာ၊ နိုရင်းက မွန်မွန့်ညာဘက်က၊ မွန်မွန်လေ နိုရင်းဘက် မလှည့်ရဲဘူး၊ ပြီးတော့ မွန်မွန့် ညာဘက်လက်က အဲဒီတည်းက ဒုက္ခစပေးတာ၊ မွန်မွန့်ညာဘက်လက်ကော ညာဘက်တစ်ခြမ်းလုံးဟာ တစ်မျိုးကြီးဖြစ်နေတယ်၊ နိုရင်းနဲ့ယှဉ်ထိုင်နေတုန်းကဆို ပိုတစ်မျိုးကြီး ဖြစ်နေတယ်"

ဦးမြင့်နွယ် အထူးသတိပြုမိ၏။ မွန်မွန်၏ စကားများသည် ပြဿနာ၏ ဗဟိုချက်ဆီချဉ်းကပ်လာပြီ ဖြစ်ကြောင်း သိသည်။

"ဒါပေမယ့် မွန်မွန့်လက်ဘာမှဖြစ်မသွားသေးပါဘူး၊ ဖြစ်တာက အကြာကြီးနေမှ၊ မွန်မွန်လည်း အဲဒီလိုပဲဆက်နေတာ၊ နောက်ထပ် ဘာမှလည်းထပ်မဖြစ်တော့ဘူး၊ ဒက်ဒီနဲ့မာမီလည်း ရန်ထပ်ဖြစ်တာ မတွေ့တော့ဘူး၊ မွန်မွန်တို့ အိမ်ကြီးကလည်း ပြန်ပျော်စရာကောင်းလာတယ်၊ ပျော်စရာကောင်းတယ် ဆိုပေမယ့်လေ မွန်မွန်သိတယ်၊ အဲဒီအိမ်ကြီးကအရင်နဲ့တော့ မတူဘူး၊ ဘာမတူတာလဲဆိုတော့ မွန်မွန်မပြောတတ်ဘူး၊ ပြီးတော့ မွန်မွန့်စိတ်ကလည်း အရင်တုန်းကနဲ့ မတူတော့ပါဘူး၊ မွန်မွန်လူတွေနဲ့ သိပ်မရောချင်ဘူး၊ မွန်မွန့်ဘာသာ တစ်ယောက်တည်း အေးအေးဆေးဆေးနေချင်တယ်၊ မွန်မွန် တွေးနေရတာ သဘောကျတယ်၊ ပါတီတွေဘာတွေလည်း မတက်ချင်တော့ဘူး၊ အိမ်မှာ ပါတီလုပ်လည်း မွန်မွန် ကိုယ့်ဘာသာကိုယ်ရှောင်နေတာပဲ၊ အဲ . . . မွန်မွန် သဘောကျတာတော့ ရှိတယ်၊ မွန်မွန် ပီယာနိုတီးရတာ၊ ပထမ မွန်မွန်တို့ကျောင်းမှာ နိုတေးရှင်းနဲ့ သင်တယ်၊ မွန်မွန် တော်တော်ကြီးလာမှ မြန်မာသီချင်းကြီးတွေကို အိမ်မှာ ဆရာခေါ်သင်တယ်၊ သီချင်းကြီးတွေ နားလည်ဖို့က ကဗျာလည်း နားလည်ရတယ်၊ အဲဒီတော့ မွန်မွန် ကဗျာလည်းဝါသနာပါလာတယ်၊ အမှန်ပြောရရင် မွန်မွန် သီချင်းထက် ကဗျာကို ပိုကြိုက်တယ်၊ ကဗျာက ကိုယ့်စိတ်ထဲရှိတာကို သီချင်းနဲ့ထက် ပိုပြောနိုင်တယ်၊ မပြောချင်တာကိုလည်း မပြောဘဲ နေနိုင်တယ်၊ မနေနိုင်ရင် ဝှက်ပြီးတော့ပြောနိုင်တယ်၊ ပီယာနိုကြီးက နေရာတကာ သယ်မသွားနိုင်ဘူး၊ ကဗျာစာအုပ်လေးက ဘယ်ယူသွားသွားရတယ်၊ သီချင်းကအော်ဆိုမှအရသာရှိတာ၊ အနည်းဆုံး တိုးတိုးလေးညည်းရတယ်၊ ကဗျာက စိတ်ထဲတွင် ရွတ်လို့ရတယ်"

စကားလမ်းကြောင်းသည် ပြဿနာ၏ ဗဟိုချက်မှ ကွေ့ရှောင်ထွက်တော့မည်ကို ဦးမြင့်နွယ်သိသည်။ ထို့ကြောင့် အမှတ်မထင် လေသံဖြင့် ဝင်ထောက်ပေး၏။

"မွန်မွန် လက်ဘာမှ မဖြစ်ခင်ကတည်းက ကဗျာစပ်တတ်တာလား"

"ဟုတ်တယ် ဆရာ"

"လက်က အဲဒီလို ဖြစ်သွားတော့ မွန်မွန် ဘယ်အရွယ်ရှိပြီလဲ"

"ဆယ့်ငါးနှစ် ဆရာ"

"ကောင်းပြီ၊ ဆရာသိထားတာ ပြောပြမယ်၊ မွန်မွန့်လက်က အစကအကောင်း၊ တစ်မနက် အိပ်ရာထတော့ လှုပ်လို့မရတော့ဘူး ဟုတ်တယ် မဟုတ်လား"

"ဟုတ်ပါတယ် ဆရာ"

"လက် . . . အဲဒီလို မဖြစ်ခင် မွန်မွန် ထူးထူးခြားခြား ဘာထပ်ကြုံရသလဲ"

"မွန်မွန် မှတ်မိသမျှ ဘာမှ မကြုံရပါဘူး"

"ပြန်စဉ်းစားပါဦး မွန်မွန်၊ တစ်ခုခုတော့ ကြုံရမယ်"

မွန်မွန်သည် စဉ်းစားသယောင် ငြိမ်၍နေ၏။ အတန်ကြာမှခေါင်းလေးကို ခေါင်းအုံးထက်တွင် ယမ်းခါလျက်ဖြေ၏။

"မွန်မွန် မှတ်မိသမျှ ဘာမှမကြုံရပါဘူး"

"နေဦး၊ ဒါဖြင့် ဆရာတစ်ခုမေးမယ်၊ အဲဒီညက အဲဒီညဆိုတာ မိုးလင်းလာတော့ မွန်မွန် လက်လှုပ်လို့ မရတဲ့ည၊ နားလည်တယ်နော်"

"ဟုတ်ကဲ့ ဆရာ"

"အဲဒီညတုန်းက မွန်မွန် အိပ်မက်မက်သလား"

မွန်မွန့်ထံမှ အဖြေမလာ။

"ဖြေလေ မွန်မွန်"

"မက် . . . တယ်"

"ဘာမက်သလဲ"

ခေတ္တငြိမ်နေပြီးမှ မွန်မွန်က ရယ်၏။

"အလကားပါ ဆရာ၊ အဓိပ္ပာယ်မရှိပါဘူး၊ ရယ်စရာကြီးပါ"

"ကိစ္စမရှိဘူး၊ မက်တာသာ ပြောပါ"

"အိပ်မက်ထဲမှာ ဟိုဒင်း မွန်မွန်က မြို့တော်သိန်းအောင်နဲ့ ပန်တျာဝင်းမာကို တွေ့တယ်"

"မြို့တော်သိန်းအောင်နဲ့ ပန်တျာဝင်းမာ"

"ဒါကြောင့်ပြောတယ် မဟုတ်လား၊ အိပ်မက်က ရယ်စရာကြီးပါလို့"

"မြို့တော်သိန်းအောင်နဲ့ ပန်တျာဝင်းမာကို ဘယ်လို အိပ်မက်ထဲမှာ တွေ့သလဲ"

"အိမ်ထဲမှာလိုလို၊ ခြံထဲမှာလိုလို၊ မီးတွေ ဘာတွေကတော့ လင်းလို့ပဲ၊ မွန်မွန် သဲသဲကွဲကွဲတော့ မမှတ်မိဘူး"

"ကိစ္စမရှိဘူး၊ အဲဒီလိုတွေ့တော့ ဘာဖြစ်သလဲ"

မွန်မွန်သည် ငြိမ်နေပြန်၏။

"ပြောလေ မွန်မွန်၊ ဥပမာ မွန်မွန်က ဘာလုပ်သလဲ၊ စကားပြောသလား"

မွန်မွန်က ခေါင်းခါ၏။

"ဒါဖြင့် ဘာလုပ်သလဲ"

"မွန်မွန် . . . မွန်မွန်"

မွန်မွန်သည် ထစ်ငေါ့နေ၏။

"မွန်မွန် အခုဟာက အိပ်မက်ကို ပြောနေတာ၊ ဘာမှ စိုးရိမ်စရာမရှိဘူး၊ ဘာဖြစ်သလဲပြော"

"မွန်မွန့်လက်ထဲမှာ သေနတ်ကိုင်ထားတယ်"

"ဩ် . . ."

"အိပ်မက်ထဲမှာ မွန်မွန် သူတို့ကို သေနတ်နဲ့ပစ်မလို့တဲ့၊ ဒါပေမယ့် မွန်မွန် မပစ်ပါဘူး၊ ပစ်လည်းမပစ်ရဲပါဘူး၊ ပစ်လည်း မပစ်ရက်ပါဘူး၊ မွန်မွန့်ရင်ထဲ ကျပ်လာတယ်၊ စိုးလည်းသိပ်စိုးရိမ်တယ်၊ အဲဒီလိုနဲ့ မွန်မွန် လန့်နိုးလာတယ်၊ မွန်မွန့် ရင်တွေကခုန်ပြီး တစ်ကိုယ်လုံးမှာ ချွေးတွေထွက်နေတယ်၊ မွန်မွန့် ညာဘက်လက်ကလည်း တစ်မျိုးကြီးဖြစ်နေတယ်၊ ငယ်ငယ်တုန်းက နိုရင်းနဲ့အတူတူ ထိုင်ရတုန်းက ဖြစ်သလိုပဲ၊ မိုးလင်းတော့ အဲဒီလက်က လှုပ်လို့မရတော့ဘူး"

ဦးမြင့်နွယ်၏ ကိုယ်သည် မသိမသာ မတ်လာ၏။ သူ့ခေါင်းတွင်း၌ မျှော်လင့်ချက်ရောင်ခြည် ဝင်းလာ၏။

"မြို့တော်သိန်းအောင်ဇာတ်ကို မွန်မွန် ကြည့်ဖူးသလား"

"ကြည့်ဖူးတာပေါ့၊ မြို့တော်သိန်းအောင်က အမူအယာ သိပ်ကောင်းတယ်၊ ဦးလေးပေါ်စံကြီးက ရယ်ရတယ်၊ သူထွက်လာလို့ သူ့မျက်နှာမြင်တာနဲ့ မွန်မွန် ရယ်တာပဲ"

"သူ့ဇာတ်ကို နောက်ဆုံး မွန်မွန် ဘယ်တုန်းက ကြည့်ဖူးသလဲ"

"အား . . . မွန်မွန် မှတ်မိပြီ၊ အဲဒီလို မဖြစ်ခင် တစ်ညက၊ ဟိုဒင်းလေ လွတ်လပ်ရေးပြပွဲ ကွင်းမှာ"

"မွန်မွန် ဘယ်သူတွေနဲ့ သွားကြည့်သလဲ"

"ဒက်ဒီရော မာမီရော၊ ဩ် . . . နိုရင်းတို့ အိမ်သားတွေလည်းလာတယ်၊ မွန်မွန်တို့နဲ့ နေရာချင်း ကပ်လျက်"

"ဟုတ်လား ဆက်ပြောပါဦး"

"အဲဒီညက သဘင်သည်မဝင်ရဆိုတဲ့ ပြဇာတ်ကို ကတယ်၊ ပန်တျာဝင်းမာက အငြိမ့်မင်းသမီးဝတ်မှုံလုပ်တယ်၊ မြို့တော်သိန်းအောင်က ဝတ်မှုံ့ယောက်ျား၊ ဒါပေမယ့် သူက လူရွှင်တော် ဦးလေးပေါ်စံကြီးနဲ့ နှစ်ယောက် လူရွှင်တော်လုပ်ရတယ်၊ အငြိမ့်မင်းသမီးဝတ်မှုံကို သူဌေးသားက နောက်ပိုးတယ်၊ ဝတ်မှုံက သူ့ယောက်ျားအပေါ် သစ္စာရှိတယ်လည်းဆိုသေးရဲ့၊ အဲဒီသူဌေးသားနဲ့လည်းတွဲတယ်၊ မြို့တော်သိန်းအောင်ကလည်း သဝန်ကြောင်တယ်လေ၊ နောက် . . . အထင်လွဲပြီး ဝတ်မှုံကိုလည်းရိုက်၊ ဟိုသူဌေးသားကိုလည်း ထိုးတယ်၊ နောက်ဆုံးတော့ ဝတ်မှုံက သူဌေးသားနဲ့ လိုက်ပြေးတယ်"

"အင်း . . . ဆရာလည်း ကြည့်ဖူးပါတယ်"

"မွန်မွန်လေ ဝတ်မှုံကိုကော မြို့တော်သိန်းအောင်ကိုကော မုန်းလိုက်တာ"

"ဘာဖြစ်လို့ မုန်းတာလဲ"

"မုန်းတာပေါ့၊ မြို့တော် သိန်းအောင် အဲလေ . . . ပြဇာတ်ထဲက ဝတ်မှုံယောက်ျားက ဘာလို့ဒီလောက် သဝန်ကြောင်ရတာလဲ၊ ဝတ်မှုံကကော ဘာလို့ သူဌေးသားနဲ့ လိုက်ပြေးရတာလဲ၊ သူတို့မှာ သမီးလေးတစ်ယောက် ရှိနေသားနဲ့၊ အဲဒီသမီးလေးကို သူတို့ထည့်မတွက်ဘူးလား၊ အဲဒီ သမီးလေးကို သူတို့ မချစ်ဘူးလား၊ သူတို့မှာ နှလုံးသား ရှိရဲ့လား၊ အဲဒီ သမီးလေးကြီးလာတော့ သစ္စာမရှိတဲ့ မိန်းမရဲ့သမီးလို့ အခေါ်ခံရရင် ဘယ့်နှယ်လုပ်မလဲ၊ မွန်မွန်လေ သိပ်ဒေါသထွက်တာပဲ၊ ပြီးတော့လည်းလေ"

မွန်မွန်သည်စကားကိုတစ်ပိုင်းတစ်လက်စထားပြန်၏။

"ပြီးတော့ ဘာဖြစ်သလဲ"

"နိုရင်းက ဟိုဘက်ကနေ မွန်မွန့်ကို လှမ်းလှမ်းကြည့်နေတယ်၊ ဘာလို့ အဲဒီလို ကြည့်ရတာလဲ၊ မွန်မွန် လိပ်ပြာမလုံဘူး၊ မွန်မွန် ဒက်ဒီနဲ့ မာမီ့ဘက်လည်း လှည့်မကြည့်ရဲဘူး၊ ပွဲခင်းထဲမှာလေ မွန်မွန် သေချင်လိုက်တာ"

"အဲဒီ ပြဇာတ်ကြည့်ပြီး နောက်တစ်ညမှာ ခုနင်က အိပ်မက်ကို မွန်မွန် မက်တယ်နော်"

"ဟုတ်တယ် ဆရာ"

"မွန်မွန့်ကို ဆရာမေးမယ်၊ အိပ်မက်ထဲက မြို့တော်သိန်းအောင်နဲ့ ပန်တျာဝင်းမာဟာ ကိုသိန်းအောင်နဲ့ မဝင်းမာ မဟုတ်ပါဘူး၊ သူတို့တွေက 'သင်္ကေတ'တွေပါ၊ မွန်မွန် ပြောလေ့ရှိတဲ့ နိမိတ်ပုံတွေပါလေ၊ ဟုတ်တယ် မဟုတ်လား"

မွန်မွန်က မဖြေ။ သူကသာ ဆက်ပြော၏။

"အဲဒီ သင်္ကေတတွေကို ကိုယ်စားပြုထားတဲ့ တကယ့်လူတွေရှိပါတယ်၊ သူတို့မှာလည်း နာမည်တွေ ရှိပါတယ်၊ သူတို့ကို မွန်မွန်သိပါတယ်၊ ဆရာနာမည်မမေးဘူး၊ မွန်မွန်က ဖွင့်ပြောဖို့လည်း မလိုပါဘူး၊ ဒါပေမယ့် ဘာပဲဖြစ်ဖြစ် 'မွန်မွန် သိတယ်'၊ ဆရာ ဒါကိုပဲလိုချင်တယ်၊ ဟုတ်တယ် မဟုတ်လား" မွန်မွန်က ခေါင်းညိတ်ပြ၏။

(ဆက်လက်ဖော်ပြပါမည်)

> "ပြဇာတ်ထဲက ဝတ်မှုံယောက်ျားက ဘာလို့ ဒီလောက် သဝန်ကြောင်ရတာလဲ၊ ဝတ်မှုံကကော ဘာလို့ သူဌေးသားနဲ့ လိုက်ပြေးရတာလဲ၊ သူတို့မှာ သမီးလေးတစ်ယောက် ရှိနေသားနဲ့၊ အဲဒီသမီးလေးကို သူတို့ထည့်မတွက်ဘူးလား၊ အဲဒီ သမီးလေးကို သူတို့ မချစ်ဘူးလား၊ သူတို့မှာ နှလုံးသား ရှိရဲ့လား၊"

Better Life
ECSC Education & Career Supporting Centre မှ ဂျပန်နိုင်ငံတွင် နည်းပညာ၊ အတတ်ပညာ
ဂျပန်နိုင်ငံ Tokyo မြို့ Ikebukuro ... College နှင့် Language School များ
ပညာသင်ဆု (30% ~ 100%)
95%
ဆက်သွယ်စုံစမ်းရန် Beter Life Education & Career Supporting Centre
No.410,411 La Pyayt Wun Plaza, Dagon Tsp, Yangon,Tel: 01-382529

Zion Copy & Computer
ဇေဒ် မိတ္တူ / ကွန်ပျူတာ
Customer
E-book မှ Print
A0,A1,A2
(Print,Copy)
Thesis
High Quality , Low Price !

(4-4)17.pmd 1 4/2/2013, 8:02 PM

ရန်ကုန်စီးပွားရေးတက္ကသိုလ်

မဟာဘွဲ့သင်တန်းများဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်းကြေညာချက်

၁။ ရန်ကုန်စီးပွားရေးတက္ကသိုလ်၏ (၂၀၁၃-၂၀၁၄)ခု ပညာသင်နှစ်အတွက် ဖွင့်လှစ်မည့် အောက်ပါမဟာဘွဲ့သင်တန်းများသို့ ဝင်ခွင့်လျှောက်ထားနိုင်ပါသည်-

(က) စီးပွားရေးလုပ်ငန်း စီမံခန့်ခွဲမှုမဟာဘွဲ့(MBA)
(ခ) ပြည်သူ့ရေးရာစီမံခန့်ခွဲမှုမဟာဘွဲ့(MPA)
(ဂ) ဖွံ့ဖြိုးမှုပညာမဟာဘွဲ့(MDevS)

၂။ အဆိုပါ မဟာဘွဲ့သင်တန်းများအတွက် အောက်ပါအရည်အချင်းများနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

(က) အသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူ ဖြစ်ရမည်။
(ခ) တက္ကသိုလ်တစ်ခုခုတွင် အခြားသင်တန်းတစ်ခု တက်ရောက်နေသူ မဖြစ်စေရ။
(ဂ) သက်ဆိုင်ရာသင်ရိုးနှင့်အညီ သတ်မှတ်ထားသော အချိန်အတိုင်း ပြည့်မီစွာ တက်ရောက်နိုင်သူ ဖြစ်ရမည်။
(ဃ) ဘွဲ့ရပြီးနောက် လုပ်ငန်းခွင်တွင် လုပ်သက်အနည်းဆုံး (၃)နှစ် လုပ်ခဲ့သည့် အတွေ့အကြုံရှိသူ ဖြစ်ရမည်။

၃။ သင်တန်းနှင့်သက်ဆိုင်သော စာရွက်စာတမ်းများနှင့် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံများကို ဖော်ပြပါဌာနများ၌ ၈-၄-၂၀၁၃ ရက်မှ ၇-၅-၂၀၁၃ရက်အထိရယူပြီး ၇-၅-၂၀၁၃ရက်(အင်္ဂါနေ့) နောက်ဆုံးထား၍ ပြန်လည်တင်သွင်း လျှောက်ထားနိုင်ပါသည်။

(က) MBA သင်တန်းအတွက် စီမံခန့်ခွဲမှုပညာဌာန(ပတ္တမြားဆောင်)၊ ပါရမီလမ်း၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်(လှိုင်နယ်မြေ)
(ခ) MPA သင်တန်းအတွက် အသုံးချဘောဂဗေဒဌာန (အခန်း-၁၁၂)၊ ရန်ကုန်စီးပွားရေးတက္ကသိုလ် (ကမာရွတ်နယ်မြေ)၊ အင်းလျားလမ်း
(ဂ) MDevS သင်တန်းအတွက် ဘောဂဗေဒဌာန (အခန်း-၁၀၆)၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်(ကမာရွတ်နယ်မြေ)၊ အင်းလျားလမ်း

၄။ သင်တန်းဝင်ခွင့်ရေးဖြေစာမေးပွဲကို ၂၀၁၃ခုနှစ်၊ မေလ ၁၁ရက် (စနေနေ့)တွင် အောက်ပါနေရာများ၌ ကျင်းပပါမည်-

(က) MBAသင်တန်းအတွက် ရန်ကုန်စီးပွားရေးတက္ကသိုလ် (လှိုင်နယ်မြေ)
(ခ) MPA နှင့် MDevS သင်တန်းတို့အတွက် ရန်ကုန်စီးပွားရေး တက္ကသိုလ်(ကမာရွတ်နယ်မြေ)

၅။ သင်တန်းဝင်ခွင့် ရေးဖြေစာမေးပွဲတွင် အဆင့်မီသူများအား လူတွေ့စစ်ဆေးရွေးချယ်၍ သင်တန်းသားဦးရေ ကန့်သတ်လက်ခံပါမည်။

၆။ သင်တန်းများနှင့်ပတ်သက်၍ ဖုန်းအမှတ်(MBA-၆၆၁၇၃၆၊ ၆၆၄၆၈၄) (MPA-၅၁၂၆၃၃၊ ၀၉-၄၃၁၂၇၂၃၆)၊ (MDevS-၅၁၀၂၁၃) (ရုံး-၅၈၅၀၇၂၊ ၅၈၅၀၇၃၊ ၅၃၆၄၃၆)တို့တွင် အသေးစိတ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ဌာနမှူး(သင်တန်းရေးရာ)
ရန်ကုန်စီးပွားရေးတက္ကသိုလ်

ရန်ကုန်စီးပွားရေးတက္ကသိုလ်

ဘွဲ့လွန်ဒီပလိုမာသင်တန်းများ ဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း ကြေညာချက်

၁။ ရန်ကုန်စီးပွားရေးတက္ကသိုလ်၏ ၂၀၁၃-၂၀၁၄ ခု၊ ပညာသင်နှစ်အတွက် ဖွင့်လှစ်မည့် အောက်ပါဘွဲ့လွန်ဒီပလိုမာ သင်တန်းများသို့ ဝင်ခွင့်လျှောက်ထားနိုင်ပါသည်-

(က) စီးပွားရေးပညာဒီပလိုမာ(DES)
(ခ) စာရင်းအင်းပညာဒီပလိုမာ(DS)
(ဂ) စီမံအုပ်ချုပ်မှုပညာဒီပလိုမာ(DMA)

၂။ အဆိုပါ ဘွဲ့လွန်ဒီပလိုမာသင်တန်းများအတွက် အောက်ပါအရည်အချင်းများနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

(က) အသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူ ဖြစ်ရမည်။
(ခ) တက္ကသိုလ်တစ်ခုခုတွင် အခြားသင်တန်းတစ်ခု တက်ရောက်နေသူ မဖြစ်စေရ။
(ဂ) သက်ဆိုင်ရာသင်ရိုးနှင့်အညီ သတ်မှတ်ထားသော အချိန်အတိုင်း ပြည့်မီစွာ တက်ရောက်နိုင်သူ ဖြစ်ရမည်။
(ဃ) သင်တန်းများသို့ အစိုးရဌာနများမှ ဘွဲ့ရအရာထမ်းများအပြင် ပြင်ပပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများ၌ လုပ်ကိုင်နေသော ဘွဲ့ရပုဂ္ဂိုလ်များပါ လျှောက်ထားနိုင်သည်။
(င) ၁-၆-၂၀၁၃ရက်တွင် အသက်(၂၅)နှစ်ပြည့်ပြီးသူ ဖြစ်ရမည်။

၃။ ဝင်ခွင့်စာမေးပွဲအတွက် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံများကို ရန်ကုန်စီးပွားရေးတက္ကသိုလ်(ကမာရွတ်နယ်မြေ) ကျောင်းသားရေးရာဌာနတွင် ၈-၄-၂၀၁၃ ရက်မှ ၁၀-၅-၂၀၁၃ရက်အထိရယူပြီး ၁၀-၅-၂၀၁၃ရက် (သောကြာနေ့)နောက်ဆုံးထား၍ ပြန်လည်တင်သွင်း လျှောက်ထားနိုင်ပါသည်။

၄။ သင်တန်းဝင်ခွင့်ရေးဖြေစာမေးပွဲကို ၂၀၁၃ခုနှစ်၊ မေလ ၁၈ရက် (စနေနေ့)တွင် ရန်ကုန်စီးပွားရေးတက္ကသိုလ်(ကမာရွတ်)၌ ကျင်းပပါမည်။

၅။ သင်တန်းဝင်ခွင့်ရေးဖြေစာမေးပွဲတွင် အဆင့်မီသူများအား လူတွေ့စစ်ဆေးရွေးချယ်၍ သင်တန်းသားဦးရေ ကန့်သတ်လက်ခံပါမည်။

၆။ သင်တန်းများနှင့်ပတ်သက်၍ ဖုန်း-၅၈၅၀၇၂၊ ၅၈၅၀၇၃၊ ၅၃၆၄၃၆၊ ၆၆၁၇၃၆၊ ၆၆၄၆၈၄ တို့တွင် အသေးစိတ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ဌာနမှူး(သင်တန်းရေးရာ)
ရန်ကုန်စီးပွားရေးတက္ကသိုလ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
ရန်ကုန်ကွန်ပျူတာတက္ကသိုလ်

ရန်ကုန်ကွန်ပျူတာတက္ကသိုလ်၏ (၁၅)ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကျင်းပခြင်းကြေညာချက်

၁။ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်၏ (၁၅)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ၂၀၁၃ ခုနှစ်၊ မေလ ၄ ရက်တွင် ရန်ကုန်တက္ကသိုလ်နယ်မြေရှိ ဘွဲ့နှင်းသဘင်ခန်းမတွင် အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည် ဖြစ်ပါသည်။

၂။

ဘွဲ့အမည်	ဘွဲ့နှင်းသဘင် ရက်နှင့်အချိန်	အစမ်းလေ့ကျင့် ရက်နှင့်အချိန်
နံနက်ပိုင်း		
၁။ Ph.D(IT)ဘွဲ့လျှောက်ထားသူအားလုံး ၂။ M.C.Sc ဘွဲ့လျှောက်ထားသူအားလုံး ၃။ M.C.Tech ဘွဲ့လျှောက်ထားသူအားလုံး ၄။ B.C.Sc(Hons) ဘွဲ့လျှောက်ထားသူအားလုံး ၅။ B.C.Tech(Hons) ဘွဲ့လျှောက်ထားသူအားလုံး ၆။ B.C.Sc ဘွဲ့လျှောက်ထားသူအားလုံး ၇။ B.C.Tech ဘွဲ့လျှောက်ထားသူအားလုံး	၄-၅-၂၀၁၃ရက် (စနေနေ့) နံနက် ၉ နာရီ	၃-၅-၂၀၁၃ရက် (သောကြာနေ့) နံနက် ၉ နာရီ

၃။ ဘွဲ့ယူမည့်သူအားလုံးအတွက် အစမ်းလေ့ကျင့်ပွဲကို ၃-၅-၂၀၁၃ ရက် (သောကြာနေ့) နံနက် ၉ နာရီတွင် ရန်ကုန်တက္ကသိုလ်နယ်မြေ ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပမည်ဖြစ်ပါသည်။

၄။ အစမ်းလေ့ကျင့်ပွဲတွင် တက်ရောက်ရန် ပျက်ကွက်သူများအား ဘွဲ့နှင်းသဘင်သို့ တက်ရောက်ခွင့်မပြုပါ။

၅။ ဘွဲ့နှင်းသဘင်အခမ်းအနား တက်ရောက်ကြမည့် ကျောင်းသား/သူများသည် အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့အပ်နှင်းသည့်ရက်များတွင် မြန်မာ့ယဉ်ကျေးမှုနှင့် လိုက်လျောညီထွေသော ဝတ်စားဆင်ယင်မှုကိုသာ ဝတ်ဆင်ကြရန်နှင့် သရုပ်ပျက်ဝတ်စားဆင်ယင်လာသူများအား ခန်းမအတွင်းသို့ ဝင်ရောက်ခွင့်ပြုမည် မဟုတ်ပါ။

၆။ ဘွဲ့ဝတ်စုံငှားရမ်းရန် ထောက်ခံစာများကို ၂၆-၄-၂၀၁၃ ရက် (သောကြာနေ့)မှစ၍ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်၊ ကျောင်းသားရေးရာဌာနတွင် ထုတ်ပေးပါမည်။

ဒေါက်တာအေးအေးသင်း
မော်ကွန်းထိန်းအဆင့်(၁)
ရန်ကုန်ကွန်ပျူတာတက္ကသိုလ်

ဂင်္ဂါမြေ

ပြည်တွင်းအဆင့်မြင့်ခရီးစဉ်များ
(၃)ဦးဝယ်လျှင်+(၁)ဦးအခမဲ့

* လားရှိုး၊ မူဆယ်၊ ရွှေလီ၊ မန်စီ	Apr 12	(320000)
* ထားဝယ်(ရှင်ကိုးရှင်)၊ မောင်းမကန်	Apr 12	(250000)
* တောင်ကြီး၊ အင်းလေး၊ ပင်းတယ	Apr 12	(190000)
* ရွှေစက်တော်၊ ပုဂံ၊ ပခုက္ကူ	Apr 12	(180000)
* မြဝတီ၊ မဲဆောက်၊ ဖာပေါ	Apr 13	(250000)
* ကသပ၊ မန္တလေး၊ ပြင်ဦးလွင်	Apr 13	(230000)
* ပုဂံ၊ မန္တလေး၊ ပြင်ဦးလွင်	Apr 12/13	(210000)
* ကျိုက်ထီးရိုး၊ မော်လမြိုင်၊ ကျိုက္ကမီ	Apr 13	(160000)

09733400050,0973340051,0973340052,09420187871
09420187872,09420187873

အင်းလေးဒေသဟိုတယ်ဇုန်မြေနေရာချထားမည့်ရက်အားအသိပေးကြေညာခြင်း

၁။ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် အင်းလေးဒေသတွင် ဟိုတယ်ဇုန်မြေနေရာများအား ဖော်ထုတ်လျက်ရှိပါသည်။

၂။ ဟိုတယ်ဇုန်တွင် လုပ်ငန်းများလာရောက် ရင်းနှီးမြှုပ်နှံဆောင်ရွက်လိုသည့် လုပ်ငန်းရှင်များ၏ လျှောက်လွှာများအားလည်း လက်ခံရရှိပြီး ဖြစ်ပါသည်။

၃။ သို့ပါ၍ အင်းလေးဒေသဟိုတယ်ဇုန် မြေနေရာချထားမှုအား အောက်ပါအတိုင်း ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်-

(က) နေရာ - မြို့တော်ခန်းမ၊ တောင်ကြီးမြို့
(ခ) ရက်စွဲ - ၈-၄-၂၀၁၃ရက် (တနင်္လာနေ့)
(ဂ) အချိန် - နံနက် ၉ နာရီ

၄။ အသေးစိတ်သိရှိလိုပါက တောင်ကြီးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဖုန်း-၀၈၁-၂၁၂၁၀၀၃၊ ၀၈၁-၂၁၂၁၂၁၈ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

အင်းလေးဟိုတယ်ဇုန်၊ မြေနေရာချထားရေးလုပ်ငန်းကော်မတီ
တောင်ကြီးမြို့

ကန့်ကွက်နိုင်ပါသည်

[illegible]

လွှဲအပ်ညွှန်ကြားချက်အရ -
[illegible]
တရားလွှတ်တော်ရှေ့နေ
LL.B, M.P.A, D.B.L,D.M.L,D.I.L,D.APsy,D.I.R,D.G.I
[illegible]

နှစ်ပတ်လည်မိတ်ဆုံညစာစားပွဲဖိတ်ကြားခြင်း

စစ်တက္ကသိုလ် အပတ်စဉ်(၁၃)၏ နှစ်ပတ်လည်မိတ်ဆုံညစာစားပွဲကို ၂၀-၄-၂၀၁၃ရက် (စနေနေ့) ညနေ(၁၈း၃၀)နာရီတွင် မရမ်းကုန်းမြို့နယ်၊ မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ MCC ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် သူငယ်ချင်းများနှင့် မိသားစုများ၊ ကျန်ရစ်သူဇနီးများနှင့်မိသားစုများ မပျက်မကွက် ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

[အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲကို ၂၀-၄-၂၀၁၃ရက် (စနေနေ့) နံနက် ၆ နာရီတွင် မြို့တော်စည်ပင်သာယာဂေါက်ကွင်း (YCDC)၌ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သိစေအပ်ပါသည်။]

DSA-13 မှ သူငယ်ချင်းများ

ရန်ကုန်ဝိဇ္ဇာ/သိပ္ပံတက္ကသိုလ်
၁၉၇၀–၁၉၇၄ ခုနှစ် ဓာတုဗေဒဘွဲ့ရ
ကျောင်းသား၊ ကျောင်းသူများ၏ အာစရိယပူဇော်ပွဲ

ရန်ကုန်ဝိဇ္ဇာ/သိပ္ပံတက္ကသိုလ် (၁၉၇၀-၁၉၇၄)ခုနှစ် ဓာတုဗေဒဘွဲ့ရ ကျောင်းသား၊ ကျောင်းသူများ၏ ပဥ္စမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၁၃ခုနှစ်၊ မေလ ၁ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉ နာရီတွင် ရန်ကုန်တက္ကသိုလ်မဓ္ဓာရုံ၌ ကျင်းပမည်ဖြစ်ရာ မည်သည့်ခုနှစ် ဘွဲ့ရကျောင်းသား၊ ကျောင်းသူမဆို ပါဝင်နိုင်၍ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဧပြီလ ၇ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် အမှတ်(၄၅)၊ လသာလမ်း၊ (အောက်လမ်း)ရှိ ဒေါ်မေသက်ခိုင်(မေဘယ်လ်)၏နေအိမ်တွင် ပြုလုပ်မည်ဖြစ်ပါ၍ မပျက်မကွက် တက်ရောက်ပါရန် နှိုးဆော်အပ်ပါသည်။

လက်ထပ်ပြီးစီးပါကြောင်း

ကျွန်တော် **မောင်နိုင်လင်းထွန်း**[၁၂/စခန(နိုင်)၀၅၂၅၇၇] C.D.C-44060 C Has Management Co.Ltd Myanmar Branch Heung-A-Shipping Co.,Ltd နှင့် ကျွန်မ **မသူသူအောင်**[၁၂/စခန(နိုင်)၀၅၂၈၂၂]တို့သည် ၁၄-၇-၂၀၁၁ ရက်တွင် စမ်းချောင်းမြို့နယ် တရားသူကြီးရှေ့မှောက်၌ လက်ထပ်ပြီးစီးပါကြောင်း။

မောင်နိုင်လင်းထွန်း-မသူသူအောင်

Dream Paradise

Travels & Tours Co.,Ltd
April 12 . 13
တောင်ကြီး၊ အင်းလေး၊ ကလော၊ ပင်းတယ၊ ထမ်ိစေ်ဂူ
< 5 D - 4 N >
< 5 D - 4 N >
< 3 D - 2 N >
09 42000 2890, 09 73043408

နှစ်သစ်ကူးအတာသင်္ကြန်မှာ ရေကစားရင်း၊ ပင်လယ်ကမ်းခြေ အလှအပများကို ခံစားရင်း ချောင်းသာကမ်းခြေက Diamond, Chaung Tha ကို လှမ်းကြစို့။

Chaung Tha : 042-42194
Office(1) : 09-5013109,09-5506043
Office(2) : 01-253163,09-5506142,09-5067473

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၇၊ မြေကွက်အမှတ်-၂၁၈၊ မြေကွက်တည်နေရာအမှတ်-၂၁၈၊ ၁၂လမ်း၊ ပုသိမ်မြေ၊ ဒေါပုံမြို့နယ်(ဦးသောင်းလှိုင်)အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးသောင်းလှိုင်(ဖခင်)နှင့်ဒေါ်ခင်ညို(မိခင်)တို့ကွယ်လွန်သဖြင့် ဦးအောင်သူရ[၁၂/ဒပန(နိုင်)၀၀၁၇၈၃၂]၊ ဦးနိုင်လင်းအောင်[၁၂/ဒပန(နိုင်)၀၄၆၄၄၀]၊ ဒေါ်သန္တာမွန်[၁၂/ဒပန(နိုင်)၀၄၆၄၃၉]တို့က သား၊သမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့် သေစာရင်းများတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါသည်

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၁)ရပ်ကွက်၊ ဓမ္မာရုံ(၁)လမ်း၊ အမှတ်(၄၃၄)၊ ၃ခန်းတွဲ၊ ၆လွှာရှိ တိုက်ခန်းများအနက် ညာဘက်ခြမ်း(ခေါင်းရင်းခန်း) ပေ(၁၉×၆၀)အကျယ်အဝန်းရှိသော အမှတ်(၆-A)တိုက်ခန်းနှင့် ၎င်းတိုက်ခန်း၏ နေထိုင်သုံးစွဲခွင့်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား မိမိတို့ကိုယ်တိုင် စီမံခန့်ခွဲရောင်းချခွင့်ရှိသည်ဟု ဝန်ခံကြသူများဖြစ်ကြသော ၁။ ဦးကြည်ဝင်း[၁၂/လမန(နိုင်)၁၁၇၁၅၃]၊ ၂။ ဒေါ်ခင်မာမြင့်[၁၂/လမန(နိုင်)၀၁၇၂၄၃]၊ ၃။ ဦးစန်းဝင်း[၁၂/လမန(နိုင်)၀၆၉၃၃၆]၊ ၄။ ဒေါ်ခင်မာအေး[၁၂/လမန(နိုင်)၀၁၇၁၅၅]၊ ၅။ ဒေါ်ခင်ဥမ္မာထွန်း[၁၂/လမန(နိုင်)၀၀၆၂၆၅]၊ ၆။ ဒေါ်ခင်စန္ဒာထွန်း[၁၂/လမန(နိုင်)၀၀၆၂၆၁]တို့ထံမှ ဝယ်ယူရန် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီး ဖြစ်ပါသည်။ သို့ဖြစ်၍ ကန့်ကွက်ရန်ရှိသူများသည် (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား အပြည့်အစုံဖြင့် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မေသော်သော်ဇင်(စဉ်-၃၅၃၇၆)	**ဒေါ်မြတ်သီတာလွင်(စဉ်-၈၃၂၀)**
LL.B,D.B.L	**LL.B,D.B.L,D.M.L**
အထက်တန်းရှေ့နေ	**တရားလွှတ်တော်ရှေ့နေ**

အမှတ်-၅၆၃၊ အခန်း-၁/၁၀၄၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၅၃၃၃၆

မြို့ရွာတစ်ခွင် သာစေချင် မီးတွင်မပေါ့နှင့်

KBZ BANK

ကမ္ဘောဇဘဏ်လီမိတက် ၏ (၁၀၃)ဘဏ်မြောက်

မြန်အောင်ဘဏ်ခွဲ ကို

ဧရာဝတီတိုင်းဒေသကြီး၊ ဟသ်ာတခရိုင်၊ မြန်အောင်မြို့နယ် တွင်

၄.၄.၂၀၁၃ (ကြာသပတေးနေ့)၌ ဖွင့်လှစ်ပြီးဖြစ်ပါကြောင်းနှင့်

ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ဆက်သွယ်ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း

မိဘပြည်သူများအား သတင်းကောင်းပါးအပ်ပါသည်။

သဒ္ဒါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

<u>ဆက်သွယ်ရန်လိပ်စာ</u>

မြန်အောင်ဘဏ်ခွဲ

အမှတ်(၁)၊ လက်ပံရပ်အလယ်လမ်း၊ အမှတ်(၅)ရပ်ကွက်

မြန်အောင်မြို့နယ်၊ ဟသ်ာတခရိုင်၊ ဧရာဝတီတိုင်းဒေသကြီး။

ဖုန်း – (၀၄၄) ၅၀၆၆၄၊ ၅၀၆၆၅၊ ၅၀၀၂၄

ဖက်စ် – (၀၄၄) ၅၀၀၂၆၊ ၅၀၃၅၆

www.kbzbank.com

အလှူခံတော်မင်္ဂလာများနှင့် သံဃာတော်များအတွက် ဝိနည်းတော်နှင့်ညီသည့် လှူဖွယ်ပစ္စည်းမျိုးစုံ တစ်နေရာတည်း ပြီးပြည့်စုံစွာ ဝယ်ယူရရှိနိုင်သည့် ရွှေတိဂုံဘုရားအရှေ့မုခ်အနီးက

အလှူရှင်များအတွက် တစ်စုတည်းသော ဈေးဝယ်စင်တာ (One-Stop Donor Mart)

"မြန်မာဘစ်ရှော့ ဈေးဝယ်စင်တာ"

ရဟန်းခံ-သိက္ခာထပ်-ရှင်ပြု-သီလရှင်ဝတ် အထူးဈေးရောင်းပွဲတော်

နေ့စဉ် နံနက်(၉)နာရီမှ ည(၁၀)နာရီထိ ပိတ်ရက်မရှိ

မြန်မာဘစ်ရှော့စင်တာရှိ အရောင်းဆိုင်များ

၁။ ဇောတိက (၁၀) ❖ ဇောတိကသက်နှံ (၁၀)ဆိုင်မြောက်ပင်ရန်းဆိုင်ခွဲ

၂။ Myanmar Handicraft Shop ❖ ...

၃။ Big Shops Supermart ❖ ...

၄။ Tha Aung Bookstore ❖ ... CD, Tape, DVD ... "သာအောင်" စာအုပ်ဆိုင်

၅။ Beauty All - Fashion Corner ❖ ... (Men & Ladies)

၆။ Healthy All Pharmacy ❖ ...

အရက်ဘီယာ၊ စီးကရက် (လုံးဝ) မရောင်းပါ။

အမှတ်(၁၅)၊ ရေတာရှည်လမ်းဟောင်း၊ ရွှေတိဂုံဘုရား အရှေ့ဘက်မုခ်အနီး၊ ဗဟန်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၁-၃၇၅၇၇၀၊ ၃၇၅၇၇၃ ၅၅၂၈၀၂ ၅၅၉၉၅ E-mail : mbssmart@gmail.com 'ဇောတိကကုမ္ပဏီမှ ဖွင့်လှစ်ပါသည်'

ဒုတိယအကြိမ်နှလုံးဆေးပညာညီလာခံ

နှလုံးရောဂါကုပညာအဖွဲ့ (မြန်မာနိုင်ငံဆရာဝန်အသင်း)၏ ဒုတိယအကြိမ်နှလုံးဆေးပညာညီလာခံကို (၂၀၁၃-ခုနှစ်၊ အောက်တိုဘာလ ၂၅ရက်မှ ၂၆ရက်အထိ မန္တလေးမြို့၊ ဆီဒိုးနားဟိုတယ်၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ ၎င်းညီလာခံတွင် နိုင်ငံတကာမှ နှလုံးဆေးပညာရှင်ဆရာဝန်ကြီးများမှ လာရောက်ကာ နောက်ဆုံးပေါ်ကုထုံးများနှင့် နည်းပညာများကို ဆွေးနွေးပို့ချမည်ဖြစ်ပါ၍ စိတ်ပါဝင်စားသည့် ဆရာဝန်များတက်ရောက်နိုင်ရန် လှိုက်လှဲစွာဖိတ်ကြားအပ်ပါသည်။

(စိတ်ပါဝင်စားသော ဆရာဝန်များ အောက်တိုဘာ (၁)ရက်နေ့မှ စတင်၍ စာရင်းပေးသွင်းနိုင်ပါသည်။)

ဒုတိယအကြိမ်နှလုံးဆေးပညာညီလာခံကျင်းပရေးကော်မတီ
နှလုံးရောဂါကုပညာအဖွဲ့ (မြန်မာနိုင်ငံဆရာဝန်အသင်း)

ထောက်ကြန့် ပုပ္ပါးကျောင်း သင်္ကြန်တွင်း
တရားစခန်းပွဲ၊ ဒုလ္လဘရဟန်းခံပွဲ၊ သီလရှင်ဝတ်ပွဲ

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်ပုပ္ပါးကျောင်းတိုက်တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော သင်္ကြန်တွင်း တရားစခန်းပွဲ၊ ဒုလ္လဘရဟန်းခံပွဲ၊ သီလရှင်ဝတ်ပွဲများကို (၁၃၇၄ခုနှစ်၊ တန်ခူးလဆန်း ၃ရက်မှ ၁၁ ရက်)အထိ ဧပြီ ၁၃ရက်မှ ၂၁ရက်အထိ ကျင်းပမည်ဖြစ်သည်။ တရားစခန်းဝင်မည့် ယောဂီများ တန်ခူးလဆန်း ၃ရက် မွန်းတည့် ၁၂ နာရီအရောက်လာရမည်။ တရားစခန်းတွင် ဒုလ္လဘရဟန်းတစ်ပါးလျှင် ၅၀၀၀ကျပ်၊ အရုဏ်ဆွမ်းတစ်ရက် ၂၀၀၀၀ ကျပ်၊ နေ့ဆွမ်းတစ်ရက် ၃၀၀၀၀ကျပ်၊ အချိုပွဲတစ်ရက် ၁၀၀၀၀ကျပ်ဖြင့် ဖုန်း-၆၀၀၀၂၈၊ ၀၉-၄၂၀၀၇၄၂၄၄၊ ၀၉-၄၂၅၀၂၅၁၆၈ သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ကျေးဇူးဆပ်ပါမည်
ကျွန်တော်ကျော်ဇင်ဦး [၁၂/လမန(နိုင်)၁၄၈၄၄၃]၏ နိုင်ငံကူး လက်မှတ်သည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။ **ဖုန်း-၀၉ ၄၂၂၂၀၆၂၄၂**

သင့်ဘဝ၊ အလုပ်နှင့် အောင်မြင်မှုအတွက် Eternal Light မဂ္ဂဇင်း

Vol. 3, No.2
2013, April
Eternal Light Magazine
ထွက်ပြီ
လူငယ်၊ သင်္ကြန်၊ အရက်

အောင်သင်း၏ သင်္ကြန်အရက်၊ မနင်းဇွေး၏ သမီးလေးများသီချင်း၊ သင်္ကြန်မှာဆိုရင် အတက်နေ့ညဉ့ ၂နာရီအထိ ... ဦးတင်ဦး(ကျွန်း)၏ ... မြန်မာ့သင်္ကြန်၊ စိတ်ကျန်းမာရေးအထူးကုဆရာဝန်ကြီး ... အရက်ကြောင့် . . .
ဦးခင်ဇော်(မရမ်းကုန်း)၏ သင်္ကြန်ရေကအေးပါတယ်၊ မြန်မာတွေက နိုးလာတယ်၊ ... အပါအဝင် . . .

